
ဝန်းဆွေအန်း၏ ရှဲ့ဟိုချဲ
နေလင်းအောင်
ဝေဟင်လက်ဝါး
သက်တံ့ခါး
စာစဥ် (၁)
၈ အုပ်တွဲသိုင်းစာစဥ်
သိုင်းစာစဥ်များpage


LIGHT
FANCY

LIGHT · 39
FANCY ၀၇၉၀

တက္ကသိုလ်

# နေလင်းအောင်

---

# ဝေဟင်လက်ဝါးသက်တံ့စား

(စာစဉ်–၁)

စာမူခွင့်ပြုချက်အမှတ် ၅၀၀၀၅၃၀၁၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၁၃၅၀၁၀၉

၂၀၀၉ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉(H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## မရဏာသွေးရထား

ဂ လပိုင်း၊ ၁၅ ရက်နေ့။

နေလကျေးရွာ၌ လမုန့်ပွဲတော်ကို တခမ်းတနားကျင်းပသောနေ့ဖြစ်သည်။

လွန်စွာစည်ကားလှသည်။

လမုန့်ပွဲတော်သို့ အနီးအနားကျေးရွာများမှ ကလေးသူငယ်၊ လူငယ်လူလတ်များ ကိုယ်အုပ်စုနှင့်ကိုယ် လာရောက်ကြသည်။

ယင်းပွဲတော်တွင် အနယ်နယ်အရပ်ရပ်မှ ဓာတ်ရုပ်သေးပညာရှင်များ၊ သိုင်းအကျော်အမော်များနှင့် မျက်လှည့်လက်လှည့်ပညာရှင်များ လာရောက်၍ ခင်းကျင်းပြသခြင်းကြောင့်လည်း ပိုမိုစည်ကားနေရခြင်း ဖြစ်ပေသည်။

စည်ကားလှသော လူအုပ်ကြီးကြားတွင် အသက်ဆယ့်ခုနစ်နှစ်ခန့်ရှိ လူငယ်တစ်ဦးသည် မလှမ်းမကမ်းရှိ မြေကွက်လပ်တစ်နေရာ၌ ဆော့ကစားနေသော ကလေးများကို ငေးကြည့်လျက်ရှိနေသည်။

ထိုလူငယ်၏အမည်မှာ စမ့်ကမ်းယွင် ဖြစ်လေသည်။

ထိုစဉ် လူအုပ်ကြီးအတွင်းမှ လူသုံးယောက်သည် ဆော့ကစားနေသော ကလေးများအား တစ်ချက်လှမ်းကြည့်လိုက်ပြီး မနီးမဝေးရှိ သစ်ပင်အုပ်ကလေးဆီ လျှောက်သွားကြသည်။

စမ့်ကမ်းယွင် သင်္ကာမကင်းဖြစ်သွားကာ သူတို့နောက်သို့ မယောင်မလည် လိုက်ပါသွားမိသည်။

ယခုတလော ကလေးသူငယ်များ မကြာခဏ ပျောက်ဆုံးလျက်ရှိသည်ဟု သတင်းဖြစ်ပွားနေသောကြောင့် အဆိုပါ လူစိမ်းသုံးဦးအား စမ့်ကမ်းယွင် သင်္ကာမကင်းဖြစ်မိခြင်း ဖြစ်သည်။

လူစိမ်းသုံးယောက်သည် သစ်ပင်ချုံနွယ်ကြားသို့ တိုးဝင်သွားကြသည်။

မကြာမီ ချုံနွယ်များ ဝန်းရံလျက်ရှိသော မြေကွက်လပ်တစ်ခု သို့ရောက်ရှိသွားသည်။

လရောင်မှာ ထိန်လင်းစွာ ယှက်ဖြာကျနေသောကြောင့် လူစိမ်းသုံးယောက်အား ကောင်းစွာမြင်တွေ့ရလေသည်။

စမ့်ကမ်းယွင်သည် သစ်ပင်ကြီး၏မှောင်ရိပ်ကို အကာအကွယ် ယူကာ လူစိမ်းသုံးဦး တီးတိုးတိုင်ပင်နေကြသည်ကို နားစိုက်



ထောင်နေမိသည်။

"ဒီညတော့ ဒီကောင်ကြီးကို မဖြစ်မနေရှင်းပစ်ရမယ်"

လူစိမ်းသုံးယောက်အနက် မျက်နှာတွင် အမာရွတ်ရှိသော လူက စတင်ပြောဆိုလိုက်ခြင်းဖြစ်သည်။

တိတ်ဆိတ်သောညအချိန်ဖြစ်သောကြောင့် သူတို့၏တီးတိုးစကားကို စမ့်ကမ်းယွင် ကောင်းစွာပင်ကြားလိုက်ရလေသည်။

ထိုသူ၏စကားကြောင့် စမ့်ကမ်းယွင် ထိတ်လန့်တုန်လှုပ်သွားမိသည်။

"အင်း ဒီပွဲတော်ကို နှစ်တိုင်းကျင်းပလာခဲ့တာ သွေးထွက်သံယို မပြောနဲ့ ခွန်းကြီးခွန်းငယ် စကားများတဲ့အကြောင်းတောင် တစ်ခါမှ မကြားခဲ့ဖူးဘူး၊ ဒီလူတွေကြည့်ရတာ လူဆိုးတွေနဲ့တူတယ်"

စမ့်ကမ်းယွင်၏စိတ်ထဲမှ တွေးတောလိုက်မိခြင်းဖြစ်၏။

ထိုစဉ် လူစိမ်းသုံးဦးထံမှ စကားသံထွက်ပေါ်လာပြန်သည်။

"ငါတို့ရဲ့လုပ်ကြံမှုသာ အောင်မြင်သွားရင် သိုင်းလောကမှာ တို့သုံးယောက်ရဲ့ နာမည်ဟာ ဟိန်းထွက်လာမှာ အမှန်ပဲကွ"

အနီရောင်ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသူက စိတ်အားထက် သန်စွာပြောလိုက်ခြင်း ဖြစ်သည်။

သူ၏စကားကြောင့် အဝါရောင်ဝတ်စုံနှင့်လူသည် ဖြက်လုံးတစ်ခုကြားလိုက်ရသကဲ့သို့ ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေတော့၏။

"ဟား ဟား ဟား သိုင်းလောကမှာ နာမည်ထွက်တာက အကြောင်းမဟုတ်ဘူး၊ တော်ကြာ လူရောနာမည်ပါ ပျောက်သွားမှ ဟုတ်ပေ့ဖြစ်နေအုံးမယ်"

အနီရောင်ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသူမှာ မကျေမနပ် ဖြစ်သွားသည်။

သို့သော် သူ့အနေဖြင့် ဘာပြောရမှန်းမသိဘဲ ဖြစ်နေ၏။

"အရေးကြီးတာက မိုးမြေသိမ့်တုန်သိုင်းကျမ်းပဲကွ၊ အဲဒီ သိုင်းကျမ်းကိုသာ သူ့ဆီကအရယူနိုင်ခဲ့ရင် သိုင်းလောကသားမှန် သမျှ ငါတို့ မိစ္ဆာသုံးဖော်ကို ယှဉ်ရဲကြတော့မှာ မဟုတ်ဘူး"

ဝတ်စုံစိမ်းနှင့်လူက ဝင်ပြောလိုက်ခြင်းဖြစ်သည်။

သူ၏စကားကို ကျန်လူနှစ်ယောက်က ခေါင်းညိတ်ထောက်ခံ လိုက်ကြသည်။

"ဟုတ်တယ် မင်းပြောတာမှန်တယ်၊ ငါတို့အတွက် အရေးအ ကြီးဆုံးက မိုးမြေသိမ့်တုန်သိုင်းကျမ်းပဲ"

သူတို့၏စကားများကို နားထောင်ရင်း စမ့်ကမ်းယွင် အထိတ် တလန့် ဖြစ်သွားသည်။

မိစ္ဆာသုံးဖော်ဟူသောအမည်ကို စမ့်ကမ်းယွင် ကောင်းစွာ ကြားသိ ရင်းနှီးဖူးသည်။

မိစ္ဆာသုံးဖော်သည် လုံကြုံနယ်ဘက်မှ ဖြစ်သည်။

လွန်ခဲ့သော ငါးနှစ်ခန့်က နေပြည်တော်၌ ရာဇဝတ်မှုများ



ကျူးလွန်ခဲ့ကြသူများ ဖြစ်သည်။

ဝတ်စုံစိမ်းနှင့်လူ၏အမည်မှာ ထိန်လီဖြစ်၏။

အနီရောင်ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသူမှာ ရှန်စော့ ဖြစ်ကာ အဝါရောင်ဝတ်စုံနှင့်လူမှာ ထိန်ကွိ ဖြစ်လေသည်။

"ငါတို့ကို ဒီနေ့ သေသေချာချာ ချိန်းလိုက်တာပဲ၊ ဘာဖြစ်လို့ သူတို့နောက်ကျနေရတာဘာလိမ့်၊ သူတို့ရောက်မလာခင် ရှောင်ချူး ဇွေ ရောက်လာရင် ငါတို့ အခက်တွေ့မှာ သေချာတယ်"

ရှန်စော့က ပြောလိုက်ခြင်းဖြစ်သည်။

ရှောင်ချူးဇွေ ဟူသောအမည်ကို စမ့်ကမ်းယွင် ကောင်းစွာ ရင်းနှီးကျွမ်းဝင်နေသည်။

သူ၏"ခင်က မကြာခဏဆိုသလို ပြောပြလေ့ရှိသော ကြောင့် ဖြစ်၏။

ရှောင်ချူးဇွေသည် သိုင်းပညာအရာ၌ အထွတ်အထိတ်သို့ ရောက်ရှိနေသည့် အဖြူရောင်သိုင်းသမားတစ်ဦး ဖြစ်သည်။

"အို ရှောင်ချူးဇွေရောက်လာတော့ကော အရေးစိုက်စရာ လား၊ သူက တစ်ယောက်ထဲ၊ ငါတို့က သုံးယောက် သူ့ကိုအနိုင်တိုက် လို့ရပါတယ်"

ထိန်ကွိက အရေးမစိုက်ဟန်ဖြင့် ပြန်ပြောလိုက်သည်။

ထိန်လီက ဦးခေါင်းကို အသာအယာ ယမ်းခါလိုက်သည်။

"မဖြစ်နိုင်ပါဘူးကွာ၊ ငါတို့သုံးယောက်မပြောနဲ့ ဟိုလူတွေ

ရောက်လာရင်တောင် အနိုင်တိုက်ဖို့ဆိုတာ မလွယ်ပါဘူး"

"ဒီလောက်ထိ အစွမ်းထက်လိမ့်မယ်လို့တော့ ငါမထင်ဘူးကွ"

ထိန်လီက မယုံကြည်နိုင်သော လေသံဖြင့် ဝင်ပြောလိုက်၏။

ထိန်ကွီက မချိပြုံးပြုံးလိုက်လေသည်။

"လွန်ခဲ့တဲ့တစ်လလောက်က မဟူရာဓားသမားနံပါတ်(၉)နဲ့ ချွန်စာဓားသမား(၇)ယောက်ကို ရှောင်ချူးဇွေ တစ်ယောက်ထဲက သုတ်သင်ဖယ်ရှားလိုက်ပြီ"

"ဘာ မဟူရာဓားသမားနံပါတ်(၉) ဟုတ်လား"

ထိန်ကွီ၏စကားကြောင့် ထိန်လီမှာ ထခုန်မိမတတ် အံ့သြထိတ်လန့်သွားသည်။

မဟူရာဓားသမားများသည် သိုင်းလောကတွင် တထီးတနန်း အခြေစိုက်နေကြသူများဖြစ်သည်။

တော်ရုံတန်ရုံသိုင်းသမားများက သူတို့နှင့် ထိတ်တိုက်ရင်မဆိုင်ဝံ့ချေ။

တတ်နိုင်သမျှ ကင်းရှင်းစွာနေကြသည်။

ထိုသို့သောသိုင်းသမားများကို ရှောင်ချူးဇွေတစ်ယောက်တည်းက တိုက်ခိုက်နှိမ်နင်းလိုက်သည်ဆိုသောအခါ ထိန်လီအနေဖြင့် မအံ့သြဘဲမနေနိုင်ချေ။

"ဒီသတင်းက မှန်ရောမှန်ရဲ့လားကွ"



ထိန်လီက မေးလိုက်သည်။

"ဝိညာဉ်သိုင်းသမားဗိုးစိုက်ဟာ မမှန်တာကို ဘယ်တော့မှ မပြောဘူးကွ"

ထိန်ကွီ၏စကားကြောင့် ကျန်နှစ်ယောက်မှာ မျက်စိမျက်နှာ ပျက်သွားကြသည်။

ဝန်းကျင်တစ်ခုလုံးပင် ရုတ်တရက် ငြိမ်သက်တိတ်ဆိတ်သွားသည်ဟု ထင်မှတ်ရပေ၏။

ဝိညာဉ်သိုင်းသမားဗိုးစိုက်ထံမှ စကားဆိုလျှင် မည်သည့်အခါမျှ မှားသည်ဟူ၍ မရှိဘူးချေ။

ထို့ကြောင့် ထိန်လီနှင့်ရှန်စော့တို့ မျက်စိမျက်နှာပျက်သွားကြခြင်းဖြစ်သည်။

"ဒါနဲ့ ဝိညာဉ်သိုင်းသမားဗိုးစိုက်ဝါစန်းတောင်က ရောက်လာနိုင်ပါ့မလား"

ထိန်ကွီက ရယ်မောရင်း...

"စိတ်မပူပါနဲ့ကွာ၊ ဗိုးစိုက် မလာဘဲမနေပါဘူး၊ သူကိုယ်တိုင်မလာဘဲ ငါတို့ကို ချိန်းပါ့မလား၊ ဗိုးစိုက်တင်မကဘူး စီစီနဲ့ချက်ကုံ့လဲ ပါလာကြဦးမှာ"

ထိန်ကွီ၏စကားကြောင့် ကျန်နှစ်ယောက်မှာ ဝမ်းသာအားတက် ဖြစ်သွားကြသည်။

"ဟာ ဒါဆို ငါတို့ ဘာကြောက်စရာလိုတော့လဲ၊ နောက်ပြီး

နဂါးမင်းဘုံကျောင်းကလူတွေ ရောက်လာကြဦးမှာ၊ ဒီလောက်အင်အား တောင့်နေမှတော့ ရှောင်ချူးဇွေတစ်ယောက်တည်းကို မသုတ်သင်နိုင်ဘူးလား"

ထိန်ကွီသည် ဦးခေါင်းကို လေးလေးပင်ပင် ခါယမ်းလိုက်၏။

"သတိဆိုတာ ပိုတယ်မရှိပါဘူး။ ရန်သူကို အထင်မသေးသင့်ဘူး"

ကျန်နှစ်ယောက်မှာ နှုတ်ဆိတ်သွားကြသည်။

အတန်ကြာသော် ထိန်လီက ကောင်းကင်ပြင်ပေါ် မော့ကြည့်လိုက်၏။

လဝန်းကြီးသည် ထိန်လင်းစွာတောက်ပလိုက်နေသည်။

"လမင်းကြီးတောင် ငါတို့ခေါင်းတည့်တည့်ရောက်နေပြီ၊ ငါတို့ ကြိုတင်ပြီး ငါးစာချဖို့လုပ်ရဦးမယ်"

ပြောပြောဆိုဆိုဖြင့်ပင် သူတို့သည် တောအုပ်ချုံကြားမှ ထွက်ကာ လူအုပ်ကြားထဲသို့ မယောင်မလည်နှင့် ဝင်လာကြသည်။

ထို့နောက် ကလေးနှစ်ယောက်ကို ပါးစပ်ပိတ်ဆွဲခေါ်ခဲ့သည်။

ထိုသို့ဖြစ်ပျက်သွားသည်ကို မည်သူမျှမသိလိုက်ချေ။

ပျော်ပွဲရွှင်ပွဲများဆီသို့သာ အာရုံရောက်နေကြသဖြင့် သတိမထားမိလိုက်ကြခြင်း ဖြစ်သည်။

သို့သော် ထိုအဖြစ်အပျက်ကို မျက်ဝါးထင်ထင် တွေ့မြင်



လိုက်ရသူတစ်ဦး ရှိ၏။

ထိုသူကား တိတ်တဆိတ် လိုက်ပါချောင်းမြောင်းနေသည့် စမ့်ကမ်းယွင် ဖြစ်သည်။

LIGHT • 39
* * FANCY ၀၇၈၀

စမ့်ကမ်းယွင်သည် လူအုပ်ကြားထဲပြေးဝင်သွားကာ ကလေးငယ်တစ်ဦးအား ရွာလူကြီးထံ အကျိုးအကြောင်း သွားပြောနိုင်းလိုက်လေသည်။

သူကိုယ်တိုင်က လူစိမ်းသုံးဦးနောက်သို့ နောက်ယောင်ခံပြေးလိုက်သွား၏။

မကြာမီ သစ်တောအုပ်အတွင်းရှိ မြေကွက်လပ်တွင် လူ (၁၅) ယောက်ခန့် ရောက်ရှိနေသည်ကို တွေ့လိုက်ရသည်။

မည်သည့်အချိန်က ရောက်နေကြသည်မသိချေ။

စမ့်ကမ်းယွင်သည် မလှမ်းမကမ်း သစ်ပင်အောက်ရှိ ကျောက်တုံးအကွယ်တွင်ဝပ်ကာ အခြေအနေကို စောင့်ကြည့်နေလိုက်လေသည်။

လူစိမ်းအားလုံးလိုလိုပင် မျက်နှာထားခက်ထန်ကြ၏။

ကိုင်ဆောင်ထားကြသော လက်နက်များကလည်း ထူးထွေဆန်းပြားလှချေသည်။

၄င်းတို့လူစုအနက် အသက်အစိတ်ခန့်ရှိသောလူက ခေါင်းဆောင်ဖြစ်ဟန်တူသည်။

သူ၏မျက်နှာထားသည် ကောက်ကျစ်စဉ်းလဲသော အသွင်ရှိသည်။

သူသည် ကျယ်လောင်သောအသံဖြင့်...

"ငါတို့တတွေအားလုံး ဒီမှာချိန်းထားကြတာဆိုတော့ ရောင်ချူးဇွေ ဘယ်နည်းနဲ့မှ လာရဲမှာမဟုတ်ဘူး၊ ရောက်လာရင်တောင် ငါတို့ တတွေဝိုင်းပြီးသုတ်သင်တာနဲ့ ဒီကောင်တစ်စစီဖြစ်သွားမှာသေချာတယ်၊ သိုင်းလောကတစ်ခုလုံးလည်း ဖိန့်ဖိန့်ဘုန်သွားကြမှာပဲ၊ ဟဲ ဟဲ ဟဲ"

ထိုသူ၏ရယ်မောသံကား ငှက်ဆိုးထိုးသံကဲ့သို့ လွန်စွာနားကြားပြင်းကပ်ဖွယ်ကောင်းလှသည်။

ထိုစဉ် လူအုပ်တွင်းမှ အသံတစ်သံထွက်ပေါ်လာသည်။

"ကျုပ်တို့မိတ်ဆွေတွေထဲက ရောင်ချူးဇွေလက်ချက်နဲ့ အသက်ဆုံးရှုံးခဲ့ရတာ မနည်းတော့ဘူး၊ ဒါကြောင့် ကျုပ်တို့ဟာ သူ့အပေ၊ အတော်လေးကို ရက်စက်နိုင်မှ တော်ကာကျမယ်"

ခေါင်းဆောင်ဖြစ်ဟန်တူသူက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ရောင်ချူးဇွေကို တိုက်ဖို့အတွက် ကျုပ်တို့အချင်းချင်း စိတ်ဝမ်းမကွဲဖို့လိုတယ်၊ ရောင်ချူးဇွေကို သုတ်သင်နိုင်ခဲ့ရင် သူ့ဆီက ဓားသိုင်းကို ကျုပ်တို့ရလိမ့်မယ်"



သူ၏စကားကို ရှန်ဇော့က အားရပါးရ ထောက်ခံသည်။

"ခေါင်းဆောင်ကြီးဗိုးစိုက်ပြောတာ မှန်ပါတယ်၊ ဒါကြောင့် ခေါင်းဆောင်ကြီးစကားကို ကျုပ်တို့ သုံးဖော်က တသဝေမသိမ်း နာခံပါ့မယ်"

ထိုအခါ နဂါးမင်းဘုံကျောင်းမှ ဆံဖြူအဘိုးအိုကလည်း အားကျမခံ ထောက်ခံလိုက်လေသည်။

"နဂါးမင်းသိုင်းသမားတွေရဲ့ကိုယ်စား ကျုပ်ကပဲ ခေါင်းဆောင်ကြီးစကားကို နာယူဖို့ ကတိပြုပါတယ်"

အခြားတစ်ယောက်ကလည်း ထောက်ခံပြန်လေသည်။

"ကျုပ်က ကြာပန်းကျောင်းက လက်ထောက်ကျောင်းထိုင်ပါ၊ ကျုပ်တပည့်တွေရဲ့ကိုယ်စား ကျုပ်ကပဲ ခေါင်းဆောင်ကြီးစကားကို လိုက်နာဆောင်ရွက်ပါ့မယ်"

ကျောက်တုံးနောက်ကွယ်မှ နားထောင်နေသော စမ့်ကမ်းယွင်သည် တစ်ယောက်တစ်ပေါက်ပြောဆိုနေကြသည်ကို မြင်ပြင်းကပ်လာသည်။

သို့သော် သူ့အနေဖြင့် ဘာမျှတတ်နိုင်သည် မဟုတ်ချေ။ ငြိမ်သက်စွာပင်နားစွင့်နေမိသည်။

ခဏအကြာတွင် ဗိုးစိုက်ထံမှ စကားသံထွက်လာပြန်သည်။

"ဘယ်မလဲ မင်းတို့လုပ်ထားတဲ့ ငါးစာ"

"အသင့်ပါပဲ ခေါင်းဆောင်ကြီး"

ထိန်ကွီသည် မျက်နှာလိုအားရပြောကာ ထိန်လီထံမှ ကလေးငယ်ကို ဆွဲပြီးမြေပေါ်တွန်းလှဲချလိုက်သည်။

ကလေးငယ်သည် မြေပေါ် ပက်လက်လန်လဲကျသွားသည်။

သို့သော် တချက်မျှညည်းညူခြင်း မပြုချေ။

အံကြိတ်လျက် ၎င်းတို့အား စိုက်ကြည့်လေသည်။

ဗိုးစိုက်သည် သဘောကျစွာရယ်မောရင်း ကောင်းကင်ပေါ် မော့ကြည့်လိုက်လေသည်။

ထို့နောက် နံဘေးဝဲယာသို့ တချက်ဝေ့ကြည့်ကာ မျက်မှောင်ကြုတ်လိုက်သည်။

"အစ်ကိုနှစ်နဲ့အစ်ကိုသုံးက ဘာဖြစ်လို့ ခုထိရောက်မလာရသေးတာပါလိမ့်"

ထိုစဉ် အဝေးဆီမှ ရယ်မောသံတစ်ချက်ကြားရပြီး

"လာပြီဟေ့"

အသံနှင့်မရှေးမနှောင်းမှာပင် လူနှစ်ယောက်သည် ဗိုးစိုက်ရှေ့သို့ ရောက်ရှိလာလေတော့၏။

* * *



ရောက်ရှိလာသူနှစ်ဦး၏ကိုယ်ဖော့ပညာမှာ ကြောက်ခမန်းလိလိပင် ဖြစ်၏။

၎င်းတို့နှစ်ယောက်အနက်တစ်ယောက်မှာ ကိုယ်ကျပ်အင်္ကျီအနက်ရောင်ကို ဝတ်ဆင်ထားပြီး ထွားကျိုင်းသောကိုယ်ရှိလေသည်။

ကျန်တစ်ယောက်မှာမူ မျက်နှာဖြူဖပ်ဖြူရော်နှင့်ဖြစ်သည်။

တစ်ကိုယ်လုံးတောင့်တင်းနေသယောင် ရှိ၏။

မျက်လုံးနှစ်လုံးသာလျှင် ပေကလပ် ပေကလပ်ဖြင့် လှုပ်ရှားနိုင်ပေသည်။

သူတို့ရောက်လာသည်နှင့် မြေကွက်လပ်ထဲမှ လူများက ဝမ်းသာအားရ နှုတ်ဆက်လိုက်ကြ၏။

"ဟော စီဦးရီးတော် ရောက်လာပြီ"

ကိုယ်ကျပ်အင်္ကျီအနက်ရောင်နှင့်လူမှာ စီစီ ဖြစ်သည်။

စီစီသည် ကွက်လပ်ထဲမှ လူများအား ခေါင်းတညိတ်ညိတ်ဖြင့် နှုတ်ဆက်ခြင်းကို အသိအမှတ်ပြုလေသည်။

"ငါခေါ်လာတဲ့လူဟာ အဆိပ်ဝိဇ္ဇာ စောင်ဖတ်ဟုန် ဆိုတာပဲ"

စီစီသည် မျက်နှာဖြူဖပ်ဖြူရော်ရှိသော စောင်ဖတ်ဟုန်နှင့် ကွက်လပ်ထဲမှ လူများကို မိတ်ဆက်ပေးလိုက်သည်။

စောင်ဖတ်ဟုန်သည် ယုတ်မာကျောက်ကျစ်သောစိတ်ထားရှိပြီး စိတ်မထင်လျှင် မထင်သလို လူအများအားဒုက္ခပေးတတ်သူဖြစ်

၏။ မိဘ ဆရာသမားများပင် ရှောင်ရှားလေ့ရှိသူ မဟုတ်ချေ။

ထို့ကြောင့် သိုင်းလောကသားများက သူ့အား ဝေးဝေးက ရှောင်ကြသည်။

စောင်ဖတ်ဟုန်၏အဆိပ်ပညာကား အံ့မခန်းလောက်အောင် အစွမ်းထက်လှပေ၏။

သူ၏လက်ချောင်းကလေးများ လှုပ်ရှားလိုက်သည်နှင့် အဆိပ်မှုန့်များ မည်သို့မည်ပုံထွက်လာသည်ကို မသိရဘဲ ရန်သူသည် မချိမဆန့် အသက်ဆုံးရှုံးသွားရသည်က များပေသည်။

ယခု သူတို့သည် စောင်ဖတ်ဟုန်ဆီမှ ဖမ်းခေါ်လာသည့် ကလေးအပေါ် အဆိပ်ကို ပက်ဖျန်းရန်ပြင်ဆင်နေကြပြီဖြစ်၏။

အခြေအနေကို တိတ်တဆိတ် စောင့်ကြည့်နေသော စမ့်ကမ်းယွင်မှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။

ရင်ထဲတွင်လည်း ကလေးငယ်အတွက် စိုးရိမ်ထိတ်လန့်နေ၏။

စမ့်ကမ်းယွင် ဘာလုပ်ရမှန်းမသိတော့။

သို့သော် မိမိမျက်စိရှေ့၌ ကလေးငယ်တစ်ဦး ဒုက္ခရောက်သည်ကို မည်သို့မျှ လက်ပိုက်ကြည့်မနေနိုင်သောကြောင့် 'ယား' ဟု မာန်သွင်းအော်ဟစ်ကာ ပုန်းနေရာမှခုန်ထွက်လိုက်၏။

အော်သံနှင့်အတူ လူတစ်ယောက်ခုန်ထွက်လာသောကြောင့် ကွက်လပ်ထဲမှ လူများသည် သိုင်းအဓိပတိကြီးရှောင်ချူးစွေ ဟုထင်



မှတ်ကာ အလန့်တကြားဖြင့် နောက်သို့လေး ငါးလှမ်းမျှဆုတ်လိုက်မိကြသည်။

စမ်ကမ်းယွင်သည် မခံမရပ်နိုင်သောလေသံဖြင့် အော်ဟစ်ပြောဆိုလိုက်သည်။

"မင်း မရှိတဲ့တိုင်းပြည် မဟုတ်ဘူးကွ၊ မင်းတို့ထင်သလိုလုပ်လို့ရမယ် ထင်သလား"

အသံကိုကြားလိုက်ရသောအခါ ကွက်လပ်ထဲမှလူများသည် ရှောင်ချူးစွေ မဟုတ်ကြောင်းသိရှိလိုက်ကြ၏။

ထို့ကြောင့် ရှုံ့တွန့်တွန့်ဖြစ်နေသော စိတ်များ ပျက်ပြယ်သွားကြသည်။

"ဟေ့ ဘယ်သူလဲကွ၊ အသက်မသေချင်ရင် ဒီကိုလာခဲ့စမ်း"

မိစ္ဆာသုံးဖော်အနက် ထိန်လီက လှမ်းအော်လိုက်ခြင်းဖြစ်၏။

တဆက်တည်းမှာပင် သူတို့သုံးဖော်သည် လေ၏လျင်မြန်ခြင်းမျိုးဖြင့် အသံရှင်ဆီသို့ လှစ်ခနဲ ပြေးသွားကြသည်။

စမ့်ကမ်းယွင်မှာ မခံမရပ်နိုင်ဖြစ်လွန်းသောကြောင့်သာ အော် ဟစ်ဟန့်တားလိုက်ရသည်။

သူ၌ ရင်ဆိုင်ယှဉ်ပြိုင်နိုင်သော အစွမ်းအစရှိသည် မဟုတ်ချေ။

ထို့ကြောင့် မိစ္ဆာသုံးဖော်၏ ဖမ်းဆီးခေါ်ဆောင်ခြင်းကို ခံလိုက်ရလေသည်။

မိစ္ဆာသုံးဖော်သည် စမ့်ကမ်းယွင်အား ဖမ်းဆီးကာ မြေကွက်လပ်ပေါ် တွန်းလှဲချလိုက်သည်။

ဦးစိုက်သည် မြေပေါ်လဲကျသွားသော စမ့်ကမ်းယွင်ကို ခပ်စိမ်းစိမ်းစိုက်ကြည့်လိုက်သည်။

"ဘယ်ကရောက်လာတဲ့ တောသားလဲ"

ဦးစိုက်က အေးတိအေးစက် လေသံဖြင့် မေးလိုက်သည်။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်...

"ဓား ကြည့်"

ကြည်လင်သောအသံသည် ပီသစွာထွက်ပေါ်လာသည်။

အသံနှင့်အတူ အရောင်တဖိတ်ဖိတ်တောက်ပသော ဓားပါးကလေးတစ်လက်သည် ထိန်ကျွီထံ ဝင်ရောက်လာလေသည်။

လှည့်ကြည့်လိုက်သောအခါ ကလေးက လှမ်းပစ်လိုက်ခြင်းဖြစ်သဖြင့် လက်ဆော့သည်ဟု ထင်မှတ်ကာ ဂရုမစိုက်ဘဲ နေလိုက်၏။

ဓားမှာ ပစ်အားပြင်းထန်ခြင်းမရှိသော်လည်း ခြေထောက်ကို စူးဝင်သွားသည်။

"အား"

ထိန်ကျွီသည် နာကျင်သောကြောင့် အော်ဟစ်ညည်းတွားလိုက်မိသည်။

ခြေထောက်၌ သွေးများဖြာထွက်လာ၏။



ထိန်ကျွီ ဒေါသထွက်ကာ...

"ဘယ်က တိရစ္ဆာန်လဲ"

ကလေးသည် အသံမပေးဘဲ ရုတ်တရက် ထခုန်လိုက်၏။

ထိန်ကျွီမှာ ယောင်ယမ်း၍ အလန့်တကြား နောက်သို့ခုန်ရှောင်လိုက်သည်။

ထိုကလေးကား သူတို့ဖမ်းခေါ်လာသော ကလေးနှစ်ယောက်အနက်မှ တစ်ယောက်ဖြစ်သည်။

လရောင်ထိန်လင်းစွာဖြာကျနေသောကြောင့် ထိုကလေး၏မျက်နှာကို ပီပီပြင်ပြင် တွေ့ရသည်။

ထိန်ကျွီသည် ကလေး၏မျက်နှာကို လှမ်းကြည့်ယင်း...

"ဟာ ဥပဓိရုပ်တော်တော်ကောင်းတဲ့ ကလေးပဲ၊ အရွယ်က ဆယ်နှစ်သားလောက်ပဲရှိသေးတာ၊ သူ့ရုပ်ကြည့်ရတာ နောင်တချိန်မှာ သိုင်းအကျော်အမော်တစ်ယောက်ဖြစ်လာမယ့် ပုံပဲ"

ထိန်ကျွီသည် ကလေးကိုကြည့်ရင်း စိတ်ထဲမှ တိတ်တခိုး မှတ်ချက်ချလိုက်သည်။

"စမ့်ကမ်းယွင်"

ကလေးငယ်က မိစ္ဆာသုံးဖော် ဖမ်းချုပ်ခေါ်ဆောင်လာသည့် လူငယ်ကို ဝမ်းသာအားရ လှမ်းခေါ်လိုက်ခြင်း ဖြစ်၏။

စမ့်ကမ်းယွင်သည် ထိုကလေးအား သေချာစွာ လှမ်းကြည့်လိုက်သည်။

"ဟင် ညီလေးဖန်ကိုညင်"

စမ့်ကမ်းယွင်သည် အံ့သြဝမ်းသာစွာဖြင့် လဲကျနေရာမှထကာ ဖန်ကိုညင်ကို ဖက်ထားလိုက်၏။

"မင်းတို့က ညီအစ်ကိုလား"

ထိန်ကွီက သူတို့နှစ်ယောက်အား မျက်မှောက်ကုပ်၍ ကြည့်ကာ မေးလိုက်သည်။

သို့သော် စမ့်ကမ်းယွင်နှင့်ဖန်ကိုညင်က မကြားချင်ယောင်ဆောင်နေလိုက်သည်။

"မင်းတို့ ဘယ်သူသားလဲ"

ဖန်ကိုညင်သည် ကြောက်စိတ်ကင်းမဲ့စွာဖြင့် ထိန်ကွီအား လှမ်းကြည့်လိုက်သည်။

"လုံကြုံနယ် နေလကျေးရွာက ဖန်ကိုညင် ဆိုတာ ကျွန်တော်ပဲ"

၁၀ နှစ်အရွယ်ကလေးတစ်ဦးနှင့်ပင် မတူချေ။

ဖန်ကိုညင်၏လေသံက ရဲရင့်ပြတ်သားလှ၏။

ကလေးတစ်ဦးက ပမာမခန့်လေသံဖြင့် ပြန်ပြောသောကြောင့် ထိန်ကွီ ဒေါသထွက်သွားသည်။

သူသည် ဒေါသတကြီးဖြင့် ဖန်ကိုညင်အား လှမ်းရိုက်ရန်ရွယ်လိုက်ရာ ဖန်ကိုညင်က လက်ထဲမှ ဓားငယ်ဖြင့် ထိန်ကွီအား လှမ်းထိုးလိုက်သည်။



ထိန်ကွီက ဓားကို ပက်ထုတ်လိုက်သည်။

ဓားပါးကလေး အဝေးသို့လွင့်ထွက်သွားသည်။

ထိုအခါ ထိန်ကွီသည် ဖန်ကိုညင်အား နောက်တစ်ကြိမ် လှမ်းရိုက်ပြန်သည်။

ယင်းအချိန်တွင် စမ့်ကမ်းယွင်က ရုတ်တရက် ပြေးဝင်လာကာ ထိန်ကွီအား လက်သီးဖြင့် လှမ်းထိုးလိုက်သည်။

ထိန်ကွီသည် ဖန်ကိုညင်အား မရိုက်ဖြစ်ဘဲ စမ့်ကမ်းယွင်၏လက်သီးကို ခြေဖျားဖြင့် ခတ်ထုတ်လိုက်သည်။

စမ့်ကမ်းယွင်မှာ ကျွမ်းတပတ်လည်၍ အဝေးသို့ လွင့်ထွက်သွားသည်။

ဖန်ကိုညင်သည် လွတ်ကျသွားသောဓားကို ပြန်ကောက်ကာ ထိန်ကွီ၏ခြေကို ထိုးစိုက်လိုက်သည်။

ထိန်ကွီသည် ခြေထောက်နားရောက်လာသည့် ဓားချက်ကို အသာအယာပင် ရှောင်တိမ်းလိုက်သည်။

တဆက်တည်းတွင် လဲကျရာမှ ပြန်ထလာသည့် စမ့်ကမ်းယွင်ကို သိမ်းကျုံးကန်ထည့်လိုက်ပြန်သည်။

ဖန်ကိုညင်သည် ရလာသည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ ထိန်ကွီအား ဓားဖြင့်ခုတ်ရန်ဟန်ပြင်လိုက်၏။

ထိန်ကွီ ကမန်းကတန်း ရှောင်သည်။

စင်စစ် ဖန်ကိုညင်က ဓားဖြင့် တကယ်ခုတ်သည် မဟုတ်ချေ။

ဟန်ပြလိုက်ခြင်းသာ ဖြစ်သည်။

ထိန်ကို့ ရှောင်တိမ်းရင်း ဟန်ချက်ပျက်သွားစဉ် ဒဏ်ရာရထားသော ခြေထောက်ကို တအားကန်ထည့်လိုက်သည်။

နံဘေးမှ လူများသည် ကြည့်ကောင်းကောင်းဖြင့် ကြည့်နေကြသည်။

ထိန်ကို့မှာ ဒဏ်ရာရသောခြေထောက်ကို တည့်တည့်မတ်မတ် အကန်ခံလိုက်ရသဖြင့် အကြီးအကျယ်ဒေါသထွက်သွားသည်။

ထို့ကြောင့် ဖန်ကိုညင်အား အကြောပိတ်ရန် ဟန်ပြင်လိုက်သည်။

"ဟိတ်...ရပ်လိုက်"

ကျယ်လောင်စူးရှသော ဟန့်တားသံနှင့်အတူ လူရိပ်နှစ်ခုသည် အမှောင်ထဲမှ ခုန်ထွက်လာသည်။

"ဟာ ဖေဖေတို့လာပြီ"

ဝင်လာသူနှစ်ဦးကို မြင်လိုက်ရသည်နှင့် ဖန်ကိုညင်က ဝမ်းသာအားရ ရေရွတ်လိုက်သည်။

ထိုသူနှစ်ဦးကား စမ့်ကမ်းယွင်၏ဖခင် စမ့်ယိုပိုးနှင့် ဖန်ကိုညင်၏ဖခင် ဖန်စောင်ထင်တို့ဖြစ်ကြသည်။

မိစ္ဆာသုံးဖော်အနက် ခြေ၌ ဒဏ်ရာရထားသော ထိန်ကို့မှလွဲ၍ ကျန်နှစ်ယောက်က သူတို့အား ဝင်ရောက်တိုက်ခိုက်လိုက်ကြသည်။

ဖန်ကိုညင်တို့၏ဖခင်များကလည်း ပြန်လည်တိုက်ခိုက်လိုက်



ကြသည်။

ထဘက်နှင့်တဘက် အကြိတ်အနယ် ယှဉ်ပြိုင်တိုက်ခိုက်ကြရာ လှုပ်ရှားမြန်ဆန်လှသောကြောင့် လူလုံးပင် ကွဲပြားစွာ ခွဲခြားမရနိုင်တော့ချေ။

သူတို့၏တိုက်ခိုက်မှုကို ကွက်လပ်ထဲရှိ လူများသာမက သစ်ပင်ရိပ်အောက်ရှိ လူတစ်ယောက်ကပါ အကဲခတ်ကြည့်ရှုနေလေသည်။

သစ်ပင်ရိပ်အောက်မှလူသည် မီးခိုးရောင်ကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်ထားကာ မျက်နှာတွင် မျက်နှာဖုံးစွပ်ထားသည်။

သူ၏မျက်လုံးများက စူးရှတောက်ပလှသည်။

အရောင်တဖျတ်ဖျတ်တောက်ပနေသရောင် ထင်မှတ်ရသည်။

ထိုစဉ် ကွက်လပ်ထဲမှ လူများသည် စမ့်ယိုပိုးနှင့်ဖန်စောင်ထင် တို့အား ဝင်ရောက်တိုက်ခိုက်လိုက်ကြသည်။

မကြာမီ စမ့်ယိုပိုး ဒဏ်ရာပြင်းထန်စွာရကာ မြေပေါ်သို့လဲကျသွားသည်။

မရှေးမနှောင်းမှာပင် ဖန်စောင်ထင်သည် အဆိပ်မိကာ မြေပေါ်သို့လဲကျသွားပြန်သည်။

ထိုအခါ ကွက်လပ်ထဲရှိ လူဆိုးများသည် သဘောကျစွာဖြင့် တဟားဟား ရယ်မောကြလေသည်။

ထိုအချိန်တွင် လျှပ်စီးလက်သလို အလင်းရောင်တန်းတစ်ချက် လင်းလက်သွားသည်။

မိုးချုန်းသံကဲ့သို့ အသံများလည်း ထွက်ပေါ်လာသည်။

တိတ်ဆိတ်သောညဉ့်၌ ရုတ်တရက် ထွက်ပေါ်လာခြင်းဖြစ်ရာ အသည်းငယ်သူများအဖို့ သွေးပျက်ဖွယ်ပင်ဖြစ်ပေတော့သည်။

ကွက်လပ်ထဲမှလူများ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။

ထိတ်လန့်တကြား အော်ဟစ်လိုက်သောအသံများလည်း ထွက်ပေါ်လာသည်။

"လျှပ်စီးလေဟုန်စား ဟေ့၊ လျှပ်စီးလေဟုန်စား"

ကြာပန်းကျောင်းမှ ရသေ့ကြီး၏အော်ဟစ်သံ ဖြစ်၏။

ယင်းအခိုက်မှာပင် တိမ်တိုက်တစ်ခုသည် လမင်းကြီးအားဖုံးကွယ်သွားသဖြင့် မြေကွက်လပ်တစ်ခုလုံး မှောင်အတိကျသွားသည်။

တစ်ယောက်ကိုတစ်ယောက် သဲကွဲစွာမြင်တွေ့နိုင်ခြင်းမရှိတော့။

"ယား"

မာန်သွင်းအော်ဟစ်သံသည် တောအုပ်တစ်ခုလုံး ပဲ့တင်ရိုက်ခတ်သွားသည်။ ရုတ်ရုတ်သဲသဲ လှုပ်ရှားသံများ ထွက်ပေါ်လာသည်။

"အား"

"အင့်"



"ဝုန်း"

အော်ဟစ်ညည်းတွားသံများ ဟိုမှ သည်မှ ထွက်ပေါ်လာသည်။

ပြေးလွှားသံ၊ ပြိုလဲသံ၊ လှုပ်ရှားရုန်းကန်သံများသည် ဆူပွက်ကာ ထွက်ပေါ်လာသည်။

"ဟာ မှောင်ချုံးခွေ ရောက်လာပြီဟေ့၊ အားလုံးတက်ညီလက်ညီ ဝိုင်းထားကြ၊ မလွတ်စေနဲ့"

ဦးစိုက်၏အသံ ဖြစ်သည်။

သူ၏စကားနှင့် မရှေးမနှောင်းမှာပင်...

"ဝုန်း"

ယမ်းဖြင့်ပြုလုပ်ထားသည့် လက်နက်ပုန်းတစ်လုံးပေါက်ကွဲသွားသည်။

ဝန်းကျင်တစ်ခုလုံး လင်းခနဲ ဖြစ်သွား၏။

"ဟာ ပြေးကြ ပြေးကြ"

ဝန်းကျင်တစ်ခုလုံး ညံစီဆူပွက်နေ၏။

ပြေးသံ၊ လွှားသံ၊ တစ်ဦးနှင့်တစ်ဦး ထိခိုက်မိသည့်အသံ၊ လွင့်စင်ကျသည့်အသံ စသည်ဖြင့် အသံပေါင်းစုံသည် တိတ်ဆိတ်သောညဉ့်အား သွေးပျက်မခန်း တုန်လှုပ်ချောက်ချားသွားစေလေတော့သည်။

* * *

လမင်းကြီးသည် တိမ်တိုက်ဖုံးအုပ်မှုမှ လွတ်ကင်းခဲ့ပြီဖြစ်၏။

ဝန်းကျင်တစ်ခုလုံးသည် လရောင်ကြောင့် လင်းလင်းချင်းချင်း ပြန်လည်ဖြစ်ပေါ်လာသည်။

ကွက်လပ်ထဲ၌ကား ရုတ်ရုတ်သဲသဲဖြင့် ဆူညံနေဆဲဖြစ်သည်။

လူဆိုးစီစီသည် အဆိပ်မိနေသော ဖန်စောင်ထင့် အနီးသို့ လွှင့် စင်ကျလာသည်။

သူသည် ဒေါသထွက်ထွက်ဖြင့် ဖန်စောင်ထင်အား လက်ဝါးဖြင့် ခုတ်ချလိုက်၏။

သို့သော် သူ၏လက်ဝါးသည် ဖန်စောင်ထင်ထံ ကျရောက်လာခြင်း မရှိချေ။



သူ့ထံမှ စူးရှစွာ အော်ဟစ်လိုက်သည့်အသံသာ ထွက်ပေါ်လာသည်။

“အား”

ဓားငယ်တစ်လက်က သူ၏ရင်ဝသို့ ရုတ်တရက် စိုက်ဝင်သွားသောကြောင့် ဖြစ်သည်။

ဖန်စောင်ထင်မှာ အဆိပ်မိထား၍ စကားမပြောနိုင်တော့သော်လည်း ရောင်ချူးစွေ၏လက်ချက်ဖြစ်ကြောင်း သိရှိလိုက်သည်။

ဖန်ကိုညင်မှာ လူဆိုးများ မရှုမလှ အရေးနိမ့်သွားသည်ကို ကြည့်ကာ ကျေနပ်အားရ ဖြစ်နေသည်။

ထိုစဉ် ချိုင်းထောက်တစ်ခု ထက်ပိုင်းကျိုးလျက် ဖန်ကိုညင် အနီးကျရောက်လာသည်။

လူဆိုးကြီးတုံ့ချက်၏ချိုင်းထောက်ဖြစ်ကြောင်း သိရှိလိုက်သည်။

လူဆိုးအတော်များများ ထွက်ပြေးကုန်ကြသည်။

လဲကျသေဆုံးသူလည်း ရှိ၏။

မပြေးနိုင်၍ ကျန်သူများမှာမူ မြေကြီးပေါ်ဒူးထောက်လျက် တုန်တုန်ယင်ယင်ဖြင့် တောင်းပန်တိုးလျှိုးပြုနေကြပေပြီ။

ဝန်းကျင်တစ်ခုလုံးသည် ပြင်းထန်သောမုန်တိုင်းတစ်ခု ကျရောက်ပြီးနောက် ပြန်လည်ငြိမ်သက်သွားသကဲ့သို့ ငြိမ်သက်သွားပေသည်။

မြင်ကွင်းများကမူ သွေးများစွန်းပေလျက် အကျည်းတန်နေပေတော့သည်။

"ကျွန်တော့ကို မသတ်ပါနဲ့ဗျာ၊ နောက် ဒါ ဒီမျိုးမလုပ်တော့ပါဘူး"

အဆိပ်ဘုရင်စောင်ဖတ်ဟုန်က တုန်တုန်ယင်ယင်ဖြင့် တောင်းပန်နေခြင်း ဖြစ်သည်။

"မင်း မသေချင်ရင် အဆိပ်ဖြေဆေး မြန်မြန်ပေး"

ရှောင်ချူးဖွေ၏အသံ ဖြစ်သည်။

မိုးချုန်းသံကဲ့သို့ လွန်စွာညြဲဇာကြီးလှသောအသံ ဖြစ်သည်။

"ဟုတ်...ဟုတ်ကဲ့ ပေးပါ့မယ် ခင်ဗျာ"

စောင်ဖတ်ဟုန်သည် ကမန်းကတန်းပင် အဆိပ်ဖြေဆေးကို ထုတ်ပေးလိုက်သည်။

ရှောင်ချူးဖွေသည် အဆိပ်ဖြေဆေးကိုယူကာ အဆိပ်မိနေသော ဖန်စောင်ထင်အား တိုက်ကျွေးလိုက်၏။

ပြီးနောက် အဆိပ်ဘုရင်စောင်ဖတ်ဟုန်ထံ ပြန်လျှောက်လာသည်။

"မင်း ဘာဖြစ်လို့ ဒီအဆိပ်တွေနဲ့ လူတွေကိုလိုက်ပြီး ဒုက္ခပေးနေရတာလဲ၊ ဒီတစ်ခါနောက်ဆုံးအနေနဲ့ သတိပေးလိုက်မယ်၊ နောက်ဆို ပါးစပ်ကပြောမနေတော့ဘူး၊ သေပြီသာမှတ် ကဲ မင်းသွားတော့"



ရှောင်ချူးဖွေသည် နှုတ်မှ ကြုံးဝါးရင်း ခြေထောက်ဖြင့် ကန်ထုတ်လိုက်သည်။

စောင်ဖတ်ဟုန် အဝေးသို့လွင့်သွားကာ ရွှံ့အိုင်ထဲ မျက်နှာအပ်လျက် လဲကျသည်။

စောင်ဖတ်ဟုန်သည် မျက်နှာမှရွှံ့များကို မသုတ်နိုင်၊ လဲကျနေရာမှ ကမန်းကတန်းထကာ တချိုးတည်း လစ်ပြေးလေတော့သည်။

ရှောင်ချူးဖွေသည် သူ့အား လုံးဝလှည့်မကြည့်ဘဲ ကလေးတစ်ယောက်လက်ကိုဆွဲ၍ တောအုပ်ထဲမှ ပြန်လည်ထွက်ခွာသွားသည်။

ဖန်စောင်ထင်၊ စမ့်ယိုဝီး၊ စမ့်ကမ်းယွင်နှင့်ဖန်ကိုညင်တို့မှာ ကြောင်အမ်းအမ်းဖြင့် ကျန်ရစ်ခဲ့ကြသည်။

ရှောင်ချူးဖွေကား လွန်စွာထူးဆန်းလှသော သိုင်းသမားတစ်ဦး ဖြစ်သည်။

သိုင်းလောကဥ္စပြောစမတ်ပြုရသော အဖြူရှောင်သိုင်းသမားပင် ဖြစ်သည်။

သူ့အား ကြုံဆုံရသော်လည်း သူ၏မျက်နှာပုံပန်း မည်သို့ရှိသည်ကို ဖန်ကိုညင်တို့ လုံးဝသိရှိလိုက်ရခြင်း မရှိချေ။

မှင်သက်ငေးမောရင်းသာ ကျန်ရစ်ခဲ့လေသည်။

ထိုစဉ် ကြောက်လန့်တကြားဖြင့် ပြေးလွှားပုန်းကွယ်နေကြ

သော မိစ္ဆာသုံးဖော်နှင့်ဝိဉာဉ်သိုင်းသမားဗိုးစိုက်တို့သည် မြေကွက်လပ် ဆီသို့ ပြန်လည်ရောက်ရှိလာကြသည်။

သူတို့သည် ဖန်စောင်ထင်တို့သားအဖနှင့် စမ့်ယိုဝီးတို့သားအဖ ကို ဝိုင်းရံထားလိုက်ကြပြီး…

"ဟင်း ရှောင်ချူးစွေကို အတော်အားကိုးချင်တဲ့ကောင်တွေမင်းတို့ ဘာတတ်နိုင်ကြသေးလဲ၊ အခုတော့ မင်းတို့ပထွေးကလာပြီး ကူညီနိုင်မှာ မဟုတ်တော့ဘူး"

ခက်ထန်မာကြောသောလေသံဖြင့် ဝိဉာဉ်သိုင်းသမားဗိုးစိုက်က ပြောလိုက်ခြင်းဖြစ်သည်။

၁၀ နှစ်သားအရွယ် ဖန်ကိုညင်က သူ့အား စူးရှစွာဖြင့် ပြန်ကြည့်လိုက်သည်။

"ဩော် ခင်ဗျားတို့က ခံလိုက်ရတာကို မမှတ်ကြသေးဘဲကိုး"

မထိတရိပြောလိုက်သော ဖန်ကိုညင်၏စကားကြောင့် ထိန်ကွီ ဒေါသထွက်သွားသည်။

"တောက် ကလေးပီပီ ကလေးစကားပြောနေတာလား"

"မင်းကွာ သိုင်းပညာတွေ ဒီလောက်တတ်ထားရက်နဲ့ ဘာမဟုတ်တဲ့ကလေးကြောင့် ခြေထောက်မှာ ဒဏ်ရာရတယ်လို့ ဟား ဟား ဟား"

ရှန်စော့နှင့်ထိန်လီတို့က ပြောင်လှောင်သရော်လိုက်သည်။



ထိန်ကွီမှာ ရှက်လည်းရှက်၊ ဒေါသလည်းထွက်ကာ မျက်နှာတစ်ခုလုံးနီရဲသွား၏။

သူ၏ဒေါသကား အံ့ကြွပေါက်ကွဲလေပြီ။

ဖန်ကိုညင်အား လက်ဝါးဖြင့် ပြင်းထန်စွာ ရိုက်ချလိုက်လေတော့သည်။

"ဝုန်း"

လက်ဝါးချင်းထိတွေ့ကာ ထိန်ကွီ၏ကိုယ်ယိမ်းယိုင်သွား၏။ နောက်သို့ ခြေနှစ်လှမ်းဆုတ်၍ ဟန်ချက်ထိန်းလိုက်ရသည်။

ဖန်ကိုညင်၏ဖခင် ဖန်စောင်ထင်က ကြားမှ လက်ဝါးဖြင့်ထိုး ခံလိုက်သောကြောင့် ဖြစ်သည်။

ဖန်စောင်ထင်သည်လည်း နောက်သို့ခြေနှစ်လှမ်းမျှဆုတ်၍ ဟန်ချက်ထိန်းလိုက်ရသည်။

ထိုအခါ ထိန်လီနှင့်ရှန်စော့သည် ဖန်စောင်ထင်အား တိုက်ခိုက်ရန် ရှေ့သို့လှစ်ခနဲ ခုန်ဝင်လာကြသည်။

ထိုအခိုက်မှာပင် လူနှစ်ယောက် မြေကွက်လပ်ဆီသို့ ရောက်ရှိလာသည်။

နှစ်ယောက်စလုံး အဝါရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

အသက်ကား ၃၀ ဝန်းကျင်ခန့်သာ ရှိမည် ထင်သည်။

၎င်းတို့နှစ်ယောက်အနက်တစ်ယောက်မှာ မျက်နှာသွေးမရှိသကဲ့သို့ ဝါဖျော့ဖျော့ ဖြစ်နေသည်။

ကျန်တစ်ယောက်မှာမူ အေးဆေးတည်ကြည်သောအသွင် ရှိ လေသည်။

သူတို့အား မြင်ရုံဖြင့် ထိပ်တန်းသိုင်းသမားများဖြစ်ကြောင်း သိသာနိုင်သည်။

ထို့ကြောင့် မိစ္ဆာသုံးဖော်က လက်နှစ်ဘက်ဆုပ်၍ အရိုအသေ ပေးလိုက်ကြသည်။

"နောင်ကြီးတို့က ဘယ်ကပါလဲ ခင်ဗျာ"

လူမမာရုပ်ပေါက်နေသောလူက…

"ကျုပ်တို့က ရောင်ချူးခွေနဲ့တွေ့ရအောင်လာတာပါ။ ရောင်ချူးခွေ ရောက်လာပါပြီလား"

ရောင်ချူးခွေ၏အမည်ကို ကြားလိုက်ရသည်နှင့် မိစ္ဆာသုံးဖော်မှာ မျက်စိမျက်နှာ ပျက်သွားကြသည်။

"ကျွန် ကျွန်တော်တို့ ရောင်ချူးခွေကို မသိပါဘူး ခင်ဗျာ"

ထစ်ထစ်ငေါ့ငေါ့ ပြောရင်း မိစ္ဆာသုံးဖော်တို့သည် အဝေးသို့ ရှောင်ထွက်သွားကြလေတော့သည်။

ရောက်ရှိလာသောလူစိမ်းနှစ်ယောက်အနက် တစ်ယောက်မှာ မိုးမခအေးသမား ကျပ်ယုဖြစ်ပြီး ကျန်တစ်ယောက်မှာ ရှောက်ဟိုဖြစ်သည်။

ရှောက်ဟိုသည် သိုင်းညီနောင်သုံးဖော်အနက်မှ တစ်ယောက် ဖြစ်၏။



လေဟုန်ဓားသိုင်းကို တီထွင်အောင်မြင်ခဲ့သူဖြစ်၍ သူ့နည်းသူ့ဟန်ဖြင့် သိုင်းလောက၌ ကျင်လည်နေသူဖြစ်သည်။

ကျပ်ယုမှာ ထင်ရှိဂိုဏ်းချုပ်ဖြစ်၏။

သူသည် ဖန်စောင်ထင်တို့အား တစ်ချက်ငဲ့၍ အကဲခတ်လိုက်သည်။

ဖန်ကိုညင်ကို မြင်တွေ့သွားသည်။

ဖန်ကိုညင့်၏တည်ကြည်ခန့်ညားသော ရုပ်ကိုမြင်လိုက်ရသောအခါ သဘောကျသွားလေသည်။

"ဟိတ် ချာတိတ်၊ မင်းနာမည် ဘယ်လိုခေါ်သလဲ"

"ကျွန်တော့်ကို ပြောတာလား ဘဘ"

ဖန်ကိုညင်က ရှေ့သို့ခြေတစ်လှမ်းတိုးလိုက်ပြီး လေးစားစွာ ပြန်မေးလိုက်သည်။

ထင်ရှိဂိုဏ်းချုပ်ကျပ်ယုက ခေါင်းညိတ်ပြလိုက်လေသည်။

"အေး ဟုတ်တယ်၊ မင်းကို မေးတာ"

"ကျွန်တော့်နာမည် ဖန်ကိုညင်ပါ"

"အသက်ကကော ဘယ်လောက်ရှိပြီလဲ"

"ကျွန်တော့်အသက် ၁၀နှစ်ရှိပြီ ဘဘ"

ယဉ်ကျေးသိမ်မွေ့၍ ရဲရင့်သောဖန်ကိုညင်ကို ထင်ရှိဂိုဏ်းချုပ် ကျပ်ယု လွန်စွာသဘောကျသွားသည်။

"လူကလေး အဘနဲ့လိုက်နေနိုင်မလား"

ဖန်ကိုညင် နှုတ်ဆိတ်သွားသည်။

တခဏမျှတွေ၍ စဉ်းစားနေဟန်တူ၏။

ပြီးနောက် ဖခင်ဖြစ်သူ ဖန်စောင်ထင်ဘက်လှည့် ကြည့်လိုက်သည်။

ဖန်စောင်ထင်မှာလည်း မည်သို့ဆုံးဖြတ်ပေးရမည် မသိဘဲ ဖြစ်နေ၏။

အကြောင်းမှာ ထိုလူနှစ်ဦး၏ဇစ်မြစ်ကို မသိရသေးသောကြောင့် လတ်တလောပြန်ဖြေရန် ခက်နေခြင်း ဖြစ်သည်။

ထင်ရိုဂိုဏ်းချုပ်က ဖန်ကိုညင်တို့သားအဖ မည်သည့်အကြောင်းတွေးနေသည်ကို ရိပ်မိဟန်ဖြင့် ပြုံးပြလိုက်၏။

"ကျုပ်က ထင်ရိုဂိုဏ်းက ဂိုဏ်းချုပ်ပါ၊ နောင်ကြီးရဲ့သားကို မြင်မြင်ချင်းသဘောကျတဲ့အတွက် သိုင်းပညာသင်ပေးချင်ပါတယ်၊ ဒါကြောင့် နောင်ကြီးအနေနဲ့ ခွင့်ပြုနိုင်မလားဆိုတာ သိပါရစေ"

ဖန်စောင်ထင်သည် လက်နှစ်ဘက်ဆုပ်၍ ထင်ရိုဂိုဏ်းချုပ်အား အရိုအသေပြုလိုက်သည်။

"ကျွန်တော့်ရဲ့သားကို သိုင်းပညာသင်ပေးမယ်ဆိုလို့ ဝမ်းသာလှပါတယ်၊ ကျွန်တော့်သားဟာ သိုင်းပညာသင်ပေးလို့ရနိုင်တဲ့ အခြေအနေမျိုးရှိရင် ခေါ်သွားနိုင်ပါတယ်ဗျာ၊ ကျွန်တော့်အနေနဲ့ ကန့်ကွက်စရာ မရှိပါဘူး"

ဖန်စောင်ထင်၏စကားကြောင့် ထင်ရိုဂိုဏ်းချုပ် ကျေနပ်



သွားသလို ဖန်ကိုညင်မှာလည်း ဝမ်းသာအားရဖြစ်သွားသည်။

ဖန်ကိုညင်သည် ဒူးထောက်ထိုင်ချလိုက်ပြီး ထင်ရိုဂိုဏ်းချုပ်အား ရိုသေစွာကန်တော့လိုက်သည်။

ထို့နောက် ဖခင်ဖြစ်သူကိုလည်း ကန်တော့ လိုက်လေသည်။

ဖန်စောင်ထင်သည် သားဖြစ်သူနှင့် တကယ်ခွဲရတော့မည်ဆိုသောအခါ ရင်ထဲ၌ဆို့နင့်သွားသလို ခံစားလိုက်ရသည်။

မျက်လုံးအိမ်၌လည်း မျက်ရည်စများ ရစ်ဝဲလာ၏။

သို့သော် စိတ်အားတင်း၍ ထိန်းချုပ်လိုက်လေသည်။

"ဒီဘဘက သားကို သိုင်းပညာတွေ သင်ပေးလိမ့်မယ်၊ ဘဘရဲ့စကားကို မြေဝယ်မကျနားထောင်ပြီး ပညာကိုကြိုးစားသင်နော် ကြားလား"

"ဒါနဲ့ မေးပါရစေဦး၊ ကလေးရဲ့အမေက သဘောတူပါ့မလား"

ထင်ရိုဂိုဏ်းချုပ်က ဝင်၍မေးလိုက်သည်။

"သူ့မိခင်ဆုံးသွားတာ အတော်ကြာပါပြီ ခင်ဗျာ"

"သြော် ဖြစ်မှဖြစ်ရလေ၊ ကဲ ဒါဖြင့် ကျုပ် ကလေးကို ခေါ်သွားတော့မယ်နော်၊ ကလေးအတွက်တော့ အစစအရာရာ စိတ်ချနေပါဗျာ"

ထင်ရိုဂိုဏ်းချုပ်နှင့်ပါလာသော လေဟုန်ဓားသမားရှောက်ဟိုကလည်း လောကအလယ်၌ တစ်ကောင်ကြွက်ဖြစ်နေသော စမ့်

ကမ်းယွင်အား ကရုဏာယိုဖိတ်ကာ သူ၏တပည့်လက်မခံဟူသော စိတ်ဓာတ်ကိုပယ်ဖျက်ကာ စမ့်ကမ်းယွင်အား တပည့်အဖြစ် ခေါ် ဆောင်သွားလေတော့သည်။

* * *



## သွေးနီဒန်း

ရာသီစက်ဝိုင်းသည် ရပ်နားနေခြင်း မရှိဘဲ တရွေ့ရွေ့လည် ပတ်နေပေရာ ဆယ်နှစ်ဆိုသောကာလသည် အမှတ်မထင်ပင် ကုန် ဆုံးသွားလေ၏။

ထိုဆယ်နှစ်အတွင်း၌ ဖန်ကိုညင်သည် သူ့ဆရာ၏ မိုးမခဓား သိုင်းကို အဆုံးတိုင် သင်ကြားတတ်မြောက်သွားခဲ့သည်။

ဖန်ကိုညင်မှာ ဆရာဖြစ်သူကို မိဘအရာ၌ထားလျက် ရိုသေ ကိုင်းရှိုင်းစွာ ပြုမူဆက်ဆံသည်။

ထို့ကြောင့် ဆရာဖြစ်သူကလည်း ဖန်ကိုညင်အား ရင်ဝယ် သားကဲ့သို့ သံယောဇဉ်တွယ်ငြိခဲ့လေသည်။

တစ်နေ့တွင် ဆရာဖြစ်သူ ထင်ရိုဂိုဏ်းချုပ်သည် ဖန်ကိုညင် သိုင်းပညာလေ့ကျင့်နေရာသို့ ရောက်ရှိလာခဲ့သည်။

ဆရာရောက်လာသောကြောင့် ဖန်ကိုညင်သည် သိုင်းပညာလေ့ကျင့်နေရာမှ ရပ်နားလိုက်သည်။

ပြီးနောက် ဆရာဖြစ်သူအား အရိုအသေပေးလိုက်သည်။

ထင်ရိုဂိုဏ်းချုပ်က ခေါင်းညိတ်၍ အသိအမှတ်ပြုလိုက်၏။

"အင်း ဘာလိုလို့နဲ့ ငါ့တပည့် ဆရာနဲ့နေလာတာ ဆယ်နှစ်ဆယ်မိုးတောင်ရှိပြီ၊ အခုတလော ငါ့တပည့်ရဲ့ဖခင်ဆီက စာတွေရောက်လာတာလဲ သုံးစောင်တောင်ရှိပြီ၊ ဘာကိစ္စများရှိနေမလဲ မသိဘူး၊ ငါ့ တပည့်ပြန်ကြည့်လိုက်ပါဦး၊ ဆရာ့ဆီက မြင်းတစ်ကောင်ယူသွား ကြားလား"

ထင်ရိုဂိုဏ်းချုပ်၏စကားကြောင့် ဖန်ကိုညင်မှာ ခဏငိုင်သွားသည်။

သူ့အနေဖြင့် သိုင်းပညာသင်၍ အားမရနိုင်သေးဘဲ ဖြစ်နေ၏။

သို့သော် ဖခင်ထံမှ စာသုံးစောင် ဆက်တိုက်ဆိုသလို ရောက်ရှိလာသည့်အတွက် စိတ်ထဲ၌စနိုးစနောင့် ဖြစ်နေမိသည်။

ဖခင်ဖြစ်သူသည် အရေးတကြီးကိစ္စမရှိဘဲ စာရေးလေ့မရှိသည်ကို ဖန်ကိုညင် သိရှိထားသည်။

ယခုကဲ့သို့ စာသုံးစောင်ဆက်တိုက်ရေးခြင်းသည် တစ်စုံတစ်



ခုသော ကိစ္စကြောင့်သာ ဖြစ်မည်ဟု ဖန်ကိုညင် တွေးမိသည်။

"ဒါဆို ကျွန်တော် ပြန်ရတော့မှာပေါ့နော်"

"ဒါပေါ့ကွယ်၊ မင်းအဖေဆီက စာလာတယ်ဆိုတော့ မပြန်လို့ မဖြစ်ဘူးလေ၊ အကျိုးအကြောင်းသိအောင် ပြန်ကြည့်ဦးပေါ့၊ အရေးတကြီးကိစ္စမရှိရင် ပြန်လာခဲ့ပေါ့ကွယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"ကဲ ကဲ မနက်စောစောသွားဖို့ ပြင်ဆင်ပေတော့၊ ဆရာ့အနေနဲ့ ထွေထွေထူးထူး မှာစရာတော့ မရှိဘူး၊ ဒါပေမယ့် တစ်ခုတော့ သတိပေးလိုက်မယ်၊ ခရီးသွားတဲ့အခါ ပေးတိုင်းမယူနဲ့၊ ကျွေးတိုင်းလည်း မစားနဲ့၊ စကားကိုလည်း ချင့်ချိန်ပြီးပြော၊ အဲဒါတွေကိုတော့ အမြဲသတိ ရှိစေချင်တယ်"

ဖန်ကိုညင်က ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် အမြဲသတိရှိနေပါ့မယ်"

"အေး အေး ကဲ အချိန်ရှိတုန်း ပြင်ဆင်စရာရှိတာ သွားပြီး ပြင်ဆင်ပေတော့"

ဖန်ကိုညင်သည် ဆရာဖြစ်သူအား ရိုသေလေးစားစွာပင် ကန် တော့လိုက်လေသည်။

* * *

အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သော်လည်း နေလကျေးရွာ ကား တစ်စုံတစ်ရာပြောင်းလဲမှု မရှိချေ။

ယခင်ကကဲ့သို့ သာယာလှပဆဲ ဖြစ်ပေသည်။

ဖန်ကိုညင်သည် မိမိ ရပ်ရွာသို့ ပြန်လည်ရောက်ရှိလာသည့် အခါ စိတ်ထဲ၌ ကြည်နူးသလို ခံစားရသည်။

အိမ်ဂေဟာရှေ့သို့ ရောက်သည်နှင့် တခေါင်းလုံး ဆွတ်ဆွတ် ဖြူနေသော အဘိုးအိုက ဖန်ကိုညင်အား ဝမ်းသာအားရ ကြိုဆိုသည်။

"အို...သခင်လေးတောင် ပြန်ရောက်လာပြီ"

ဖန်ကိုညင်သည် မြင်းပေါ်မှ ကပျာကယာ ဆင်းလိုက်ပြီး အဘိုးအိုထံ ပြေးသွားသည်။

"ကျုံးရှုတ်... နေကောင်းတယ်နော်"

ကျုံးရှုတ်အဘိုးအိုက ခေါင်းညိတ်ပြလိုက်သည်။



"ကျွန်တော့် အဖေကော နေကောင်းတယ် မဟုတ်လား"

အဘိုးအိုကျုံးရှုတ်သည် ခေါင်းကို လေးပင်စွာ ညိတ်ပြယင်း အိမ်ထဲသို့ ဦးဆောင်ဝင်သွားသည်။

"ဒါနဲ့ ဖေဖေလဲ မတွေ့ပါလား၊ ဖေဖေ ဘယ်သွားလဲဟင်..."

ဖခင်ဖြစ်သူက ဝမ်းသာအားရ ဆီးကြိုလိမ့်မည်ဟု ဖန်ကို ညင် မျှော်လင့်ထားခဲ့သည်။

သို့သော် အိမ်ထဲ ဝင်ရောက်လာသည့်တိုင် ဖခင်၏အရိပ်အ ရောင်ကိုမျှ မမြင်တွေ့ရသဖြင့် ဖန်ကိုညင်က လှမ်းမေးလိုက်ခြင်း ဖြစ် လေသည်။

ကျုံးရှုတ်သည် ဧည့်ခန်းထဲ လှမ်းဝင်ရာမှ ရုတ်တရက် နောက် ပြန်ကြည့်လိုက်ပြီး...

"လူကလေး ပြန်ရောက်လာတာကိုပဲ ဝမ်းသာလှပါပြီကွာ"

ကျုံးရှုတ်၏စကားကြောင့် ဖန်ကိုညင်မှာ ကြောင်အမ်းအမ်း ဖြစ်သွား၏။

ဘာမျှ နားမလည်နိုင်အောင် ဖြစ်သွားသည်။

ထို့ကြောင့် မျက်မှောင်ကုပ်သွားကာ အဘိုးအို၏ ပခုံးကို ဆုပ်ကိုင်လိုက်၏။

"ကျုံးရှုတ်... အိမ်မှာ ဘာတွေ ဖြစ်နေလဲဟင်၊ ဖေဖေ ကျွန်တော့်ဆီ စာပို့တာ ၃ စောင်ရှိပြီ၊ အိမ်ရဲ့အခြေအနေ ကြည့်ရတာ ကျွန်တော်တော့ ဘာမှ နားမလည်နိုင်တော့ဘူး"

"ဒါနဲ့...လူလေးရဲ့ဆရာကော လိုက်မလာဘူးလား"

အဘိုးအိုကျုံရှုတ်က ဖန်ကိုညင်၏စကားကို ပြန်မဖြေဘဲ စကားဦး ပြောင်းလိုက်သည်။

ဖန်ကိုညင် ခေါင်းခါပြလိုက်သည်။

"သူ ပါမလာဘူး ကျုံရှုတ်"

ဖန်ကိုညင်၏စကားကြောင့် အဘိုးအိုမှာ စိတ်ပျက်အားငယ သလို ဖြစ်သွားသည်။

"ကျုံရှုတ်... ကျွန်တော်ဟာ အယင်လို ကလေးတစ်ယောက် မဟုတ်တော့ပါဘူး။ အိမ်မှာ ဘာတွေ ဖြစ်နေလဲ၊ ကျွန်တော့်ကို ပွင့်ပွင့် လင်းလင်း ပြောစမ်းပါဗျာ"

ဖန်ကိုညင်သည် အိမ်၏အခြေအနေကို ဝေ့ဝဲအကဲခတ်ကြည့် ယင်း အားမလိုအားမရလေသံဖြင့် ပြောလိုက်သည်။

အဘိုးအိုကျုံရှုတ်မှုကား အေးတိအေးစက်ပင် ဖြစ်၏။

"လူလေး ခရီးပန်းလာပါတယ်ကွယ်၊ ခဏလောက်ဖြစ်ဖြစ် အနားယူလိုက်ပါအုံး၊ နောက်တော့မှ အကြောင်းစုံ ပြောပြတာပေါ့"

ပြောပြေဆိုဆိုဖြင့် အဘိုးအိုကျုံရှုတ်သည် ဖန်ကိုညင်အား အိပ်ခန်းတစ်ခု၌ နေရာချထားပေးပြီး ပြန်လည်ထွက်ခွာသွားသည်။

ဖန်ကိုညင်မှာ အိမ်အကြောင်းနှင့် ပတ်သက်၍ မဆိုင်းမတွ ပင် သိချင်နေသူ ဖြစ်သည်။

သို့သော် ကျုံရှုတ် ပြောမပြသေးဘဲ ပြန်လည်ထွက်ခွာသွား



သောကြောင့် ဖန်ကိုညင်၏ရင်ထဲ၌ မချင့်မရဲဖြင့် မအီမသာ ဖြစ်နေရ တော့သည်။

ယခင်က အိမ်ဖော်ပေါင်းများစွာဖြင့် သာယာစည်ပင်ခဲ့ သော အိမ်ဂေဟာသည် ယခုအခါ၌ တစ်ဦးတစ်ယောက်မျှ မတွေ့ရ တော့ဘဲ တိတ်ဆိတ်ခြောက်သွေ့သည်ကိုသာ တွေ့ရတော့သည်။

မည်သို့ ဖြစ်ပျက်နေပါသနည်း။

ဖခင် ဖြစ်သူသည်လည်း ဘယ်နေရာသို့ ရောက်ရှိနေပါ သနည်း။

တွေးတောမှန်းဆ၍ မရနိုင်ချေ။

ကျုံရှုတ် ရှင်းပြမှ သိရှိနိုင်ပေတော့မည်။

* * *

LIGHT • 39
FANCY ၀၁၆၀
ဖျော်ဖြေရေးထိုက်ထပ်း ၊ ဓနုဇေယျ

"လွန်ခဲ့တဲ့ တစ်လလောက်က အဖြစ်အပျက်ကို စပြီး ပြောရမှာပဲကွဲ့"

ကျုံရွှတ်က စကားစလိုက်သည်။

ဖန်ကိုညင်သည် စိတ်ဝင်စားခြင်း ကြီးစွာဖြင့် နားစွင့်လျက်ရှိနေသည်။

"အဲဒီနေ့က လပြည့်နေ့၊ ငါတို့ဂေဟာဟာ လူတွေအားလုံး အိပ်မောကျနေတဲ့ အချိန်ပေါ့၊ အပ်ကျသံတောင် ကြားနိုင်လောက်အောင် တိတ်ဆိတ်နေတယ်၊ အဲဒီအချိန်မှာ အင်မတန်ကျယ်လောင်တဲ့ အသံတစ်သံ ထွက်လာတယ်၊ ဒီအသံကြောင့် ဂေဟာကလူတွေ လန့်နိုးလာကြတယ်"

"ဘယ်လိုအသံမျိုးလဲ အဘ"

ဖန်ကိုညင်က စိတ်ဝင်တစား လှမ်းမေးလိုက်သည်။

"မြင်းဆယ်ကောင်က ရထားတစ်စီးရဲ့ ဘီးလိမ့်သံမျိုးပဲ၊ ငါတို့ မသက်သာလို့ ထွက်ကြည့်မယ်အလုပ်..."

"အဘတို့က ထွက်မကြည့်ဖြစ်ဘူးပေါ့"

ကျုံရွှတ်က ခေါင်းခါယမ်းပြယင်း စကားဆက်လိုက်၏။

"သခင်ကြီးက တားတာနဲ့ တို့ ထွက်မကြည့်ဖြစ်ဘူး"

"ဖေဖေက ဘာဖြစ်လို့ တားရတာလဲ"

"ဒါတော့ ငါတို့ မသိဘူး၊ ဒါပေမယ့် သူကြည့်ရတာ ဒီအသံနဲ့ ပတ်သက်ပြီး နားလည်ထားသလိုပဲ၊ သူ့မျက်နှာက သွေးဆုတ်သလို



ဖြူဖပ်ဖြူရော်နဲ့၊ အတော် ထိတ်လန့်တကြား ဖြစ်နေပုံပဲ၊ ငါတို့ သူ့ကို မေးချင်ပေမယ့် မမေးဝံ့ခဲ့ဘူး၊ သူ တို့ကို အတင်းဝင်အိပ်ခိုင်းနေတာမို့ ငါတို့ ဝင်အိပ်လိုက်ကြရတယ်"

ကျုံရွှတ်သည် စကားများများ ပြောလိုက်ရသဖြင့် မောသွားဟန်ဖြင့် လည်ချောင်းတစ်ချက် ရှင်းလိုက်သည်။

ပြီးနောက် အားနည်းသော လေသံဖြင့် ဆက်၍ ပြောလေသည်။

"အဲဒီလို ကြောက်စရာကောင်းတဲ့ အသံကြီး ပေါ်လာပြီးတဲ့နောက်၊ တို့ရဲ့ဂေဟာမှာ ထူးဆန်းတဲ့ အဖြစ်အပျက်တွေ ဆက်တိုက်ဆိုသလို ဖြစ်လာတော့တယ်ကွဲ့"

"ဟုတ်လား... ဘယ်လို ထူးဆန်းတဲ့ အဖြစ်အပျက်တွေလဲ အဘ"

အဘိုးအိုကျုံရွှတ်က သက်ပြင်းချလိုက်သည်။

"ဒီရက်တွေအတွင်းမှာ အိမ်ဖော် မိန်းကလေးတစ်ယောက် အကြောင်းမဲ့ ပျောက်သွားတယ်၊ နောက်တနေ့ကျတော့ အိမ်ဖော် အဘွားကြီးတယောက် ထပ်ပြီး ပျောက်ပြန်တယ်၊ တို့တတွေ ဘယ်လိုမှ စဉ်းစားလို့ မရတော့ဘူး၊ သခင်ကြီးကို အကျိုးအကြောင်း ပြောပြရတော့တာပေါ့၊ ဒီအချိန်မှာ သခင်ကြီးဟာ ဘာမှ ပြန်မပြောနိုင်ဘဲ မျက်နှာပျက်နေတယ်"

"အင်း... အဖြစ်အပျက်ကတော့ ထူးထူးခြားခြားပဲ"

ဖန်ကိုညင်က မျက်မှောင်ကုပ်၍ စဉ်းစားယင်း မှတ်ချက်ချလိုက်သည်။

အဘိုးအိုကျုံရှုတ်က စကားကို ဆက်ပြန်သည်။

"သခင်ကြီးရဲ့ မျက်နှာဟာ ခါတိုင်းလို မရွှင်ပျတော့ဘူး၊ ပိုပြီး ထူးဆန်းတာက အိမ်ဖော်ချိုယင်း ပျောက်သွားတဲ့ကိစ္စပဲ၊ ချိုယင်းဟာ တစ်နေ့လုံး သူ့အခန်းထဲက ထွက်လာတာကို မတွေ့ရလို့ စိတ်ထဲမှာ သင်္ကာမကင်းဖြစ်ပြီး သူ့အခန်းထဲ ဝင်ကြည့်မိတယ်၊ ခုတင်ပေါ်မှာ ချိုယင်း မရှိဘူး၊ သူ့အစား သွေးကွက်တစ်ကွက်နှစ်ကွက်ကိုပဲ တွေ့တယ်၊ တိုတိုပြောရယင်ကွာ ဒီလိုနဲ့ အိမ်မှာရှိတဲ့ ကူဖော်လောင်ဘက် အားလုံး ပျောက်ဆုံးကုန်ကြတယ်၊ ဒီအိမ်မှာ ငါနဲ့ မင်းအဖေ နှစ်ယောက်ပဲ ရှိတော့တယ်"

ထူးခြားအံ့သြဖွယ် ကောင်းလွန်းသောကြောင့် ဖန်ကိုညင်မှာ ပါးစပ်အဟောင်းသား ဖြစ်နေမိတော့သည်။

"ဒီအချိန်ကစပြီး သခင်ကြီးဟာ စားမဝင် အိပ်မပျော်တော့ဘူး၊ သက်ပြင်းသာ မကြာခဏ ချနေတော့တယ်၊ တခါတလေ ဒေါသတကြီးနဲ့ စားပွဲကို ရိုက်ချပြီး မဖြစ်ဘူး မဖြစ်ဘူးလို့ ရေရွတ်နေတာကို တွေ့ရတယ်"

ကျုံရှုတ်သည် ရှည်လျားစွာ စကားပြောလိုက်ရသောကြောင့် မောပန်းသွားဟန်ဖြင့် ခေတ္တနားလိုက်၏။

ဖန်ကိုညင်မှာ ကျုံရှုတ် ပြောပြသည့် အကြောင်းအရာများကို မျက်မှောင်ကုပ်၍ ဝေဖန်ပိုင်းခြားနေမိသည်။



ခဏကြာသော် ကျုံရှုတ်ထံမှ စကားသံ ထွက်ပေါ်လာပြန်လေ၏။

"သခင်ကြီးရဲ့ စကားထဲမှာ သားကို အမြန်ပြန်ခေါ်ရမယ်ဆိုတဲ့အကြောင်းပါတယ်၊ ဒါကြောင့် လူလွှတ်ပြီး စာပို့ခိုင်းလိုက်တာ၊ မင်းပြန်လာယင် ကောင်းကောင်းမွန်မွန် စောင့်ရှောက်ဖို့ ငါ့ကို တဖွဖွ မှာခဲ့တယ်၊ အဲဒီနောက် ကျောက်တုံးတွေနဲ့ ဆောက်ထားတဲ့ သီးသန့်ခန်းထဲကို ဝင်သွားတော့တာပဲ"

"ဗျာ... ကျောက်ခန်းကြီးထဲ ဝင်သွားတယ် ဟုတ်လား"

ဖန်ကိုညင် ထိတ်လန့်တကြား မေးမိ၏။

ကျုံရှုတ်က ခေါင်းညိတ်ပြလိုက်သည်။

ကျောက်သားအတိပြီးသော အခန်းကြီးသည် သီးသန့်ခန်းဖြစ်၏။

သေရေး ရှင်ရေးတမျှ အရေးကြီးသည့်အခါမှသာ ဤကျောက်ခန်းကို အသုံးပြုလေ့ရှိသည်။

ဖန်ကိုညင်၏ဖခင်သည် ယင်းသီးသန့်ခန်းသို့ မည်သူ့ကိုမျှ ဝင်ခွင့်ပေးသည် မဟုတ်ချေ။

ဘာကြောင့် ဝင်ခွင့်မပေးသည်ကို ဖန်ကိုညင် မသိချေ။

ဖန်ကိုညင်မှာ မိတဆိုးလေး ဖြစ်သောကြောင့် ဖခင်ဖြစ်သူက အစစအရာရာ အလိုလိုက်သည်။

သို့သော် သီးသန့်ခန်းအနီး ချဉ်းကပ်လာသည်ကိုမူ ဖခင်ဖြစ်သူက ကြည်ဖြူစွာ ခွင့်မလွှတ်ချေ။

ရိုက်မလွှတ်သော်လည်း နှင်ထုတ်လေ့ရှိ၏။

မည်သို့သော လျှို့ဝှက်ချက် ရှိနေသနည်း။

ဖန်ကိုညင် နားမလည်ချေ။

တွေးလည်း မတွေးတတ်။

သူသည် ဘာမျှ စဉ်းစားမနေနိုင်တော့။

ရုတ်တရက် ဓားကို ဆွဲထုတ်ကာ…

"ကဲ အဖေရဲ့ အခြေအနေ သိရအောင် ကျွန်တော် ဝင်ကြည့်မယ်"

ကျုံးရှုတ် မျက်စိမျက်နှာ ပျက်သွားပြီး သီးသန့်ခန်း၏တံခါးဝ ရှေ့၌ ပိတ်ရပ်လိုက်၏။ ဖန်ကိုညင် မဝင်နိုင်အောင် လက်နှစ်ဘက် ဆန့်၍ကာသည်။

"ဒါ ဘာလုပ်တာလဲ အဘ၊ ကျွန်တော့်ကို မတားပါနဲ့"

ဖန်ကိုညင်က မကျေမနပ် လေသံဖြင့် ပြောလိုက်၏။

အဘိုးအိုကျုံးရှုတ်သည် ခေါင်းကို တွင်တွင်ခါယမ်းကာ မောပိုက်နွမ်းနယ်သော လေသံဖြင့် ပြန်ပြောသည်။

"အို မဖြစ်ဘူးမဖြစ်ဘူး၊ မင်း ဝင်လို့ ဘယ်နည်းနဲ့ မဖြစ်ဘူး၊ ဝင်ချင်းဝင်ယင် ငါ အယင်ဝင်ရမှာ၊ တကယ်လို့ ငါ ပြန်ထွက်မလာနိုင်မှ မင်း လိုက်ဝင်ခဲ့၊ မင်းဟာ သခင်ကြီးရဲ့ တစ်ဦးတည်းသောသားမို့ ငါ



အနေနဲ့ တာဝန်မကျေမှာ စိုးမိတယ်၊ ပြီးတော့ သွေးရထား"

ကျုံးရှုတ်သည် လွှတ်ခနဲ ပြောလိုက်ပြီးမှ ကပျာကယာ စကားဖြတ်လိုက်၏။

ပြီးနောက် ဓားတစ်လက် ကိုင်ဆောင်ကာ သီးသန့်အခန်းထဲ ဆတ်ခနဲ ဝင်သွားလေသည်။

သွေးရထားဟူသော စကားကြောင့် ဖန်ကိုညင်မှာ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ဘာမျှနားမလည်နိုင်ဘဲ အခန်းဝ၌ရပ်ကာ ကျန်ရစ်နေခဲ့လေတော့၏။

* * *

"အင်း.... သွေးရထားဆိုပါလား၊ ဘယ်လိုရထားမျိုးပါလိမ့်၊ ဒီ သွေးရထားဟာ ငါတို့မိသားစုနဲ့ ဘယ်လိုများ ပတ်သက်နေပါလိမ့်"

ဖန်ကိုညင်သည် မကျေမနပ်ဖြင့် စိတ်ထဲမှ တွေးတောနေမိခြင်း ဖြစ်သည်။

ထိုစဉ် သူ့ဆရာ ထင်ရိုဂိုဏ်းချုပ်၏ စကားများကို ပြန်လည်ကြားယောင်လာမိလေ၏။

ထင်ရိုဂိုဏ်းချုပ်ကြီးသည် သိုင်းလောက အတွေ့အကြုံကြွယ်ဝသူ ဖြစ်သည်။

သိုင်းလောက အကြောင်းလည်း အတော်များများ သိမြင်နှံ့စပ်သူ ဖြစ်၏။

သူသည် သိုင်းလောကမှ စိတ်ဝင်စားဖွယ် အကြောင်းများကို ဖန်ကိုညင်အား မကြာခဏ ပြောပြလေ့ရှိ၏။

ယင်းတို့အနက် လွန်ခဲ့သော အနှစ်လေးဆယ်ခန့်က အဖြစ်အပျက်တစ်ခုသည် စိတ်ဝင်စားဖွယ် အကောင်းဆုံး ဖြစ်နေပေသည်။

လွန်ခဲ့သော နှစ်ပေါင်း ၄၀ ခန့်က ဖြစ်၏။

ထိုအချိန်က သိုင်းလောကတွင် သွေးရထားဟူသော ကြောက်မက်ဖွယ် လက်နက်ဆန်းတစ်မျိုး ပေါ်ပေါက်လာခဲ့သည်။

ထိုသွေးရထားကြောင့် သိုင်းလောကတစ်ခုလုံး အုတ်အော်သောင်းတင်း တုန်လှုပ်ချောက်ချားသွားခဲ့သည်။

ဤသွေးရထားကား သွေးချောင်းအဖွဲ့၏ ထူးဆန်းသော



သို့ဂှက်လက်နက်ဆန်း ဖြစ်၏။

ဤသွေးရထားနှင့် နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ရလျှင် မည်မျှစွမ်းရည်ထက်မြက်သော ထိပ်တန်းသိုင်းသမား ဖြစ်စေကာမူ အသက်ဆုံးရှုံးကြရသည်သာ ဖြစ်ပေ၏။

ဤသွေးရထားသည် သိုင်းလောက၏ထိပ်သီး သိုင်းသမားအတော်များများကို သွေးချောင်းစီးစေခဲ့သည်။

သွေးရထား၏ အရှိန်အဝါက ကြီးမားခန့်ထည်လာခဲ့၏။

သွေးရထားနှင့် ပတ်သက်သည့် သတင်းများကလည်း တစ်ယောက်တစ်ပေါက် အမျိုးမျိုး ပြောဆိုယင်း သိုင်းလောကအတွင်း ထိတ်လန့်တုန်လှုပ်ဖွယ် လွှမ်းမိုးလာခဲ့လေသည်။

သွေးရထားကို မောင်းသူမှာ မှော်ပညာ တတ်ကျွမ်းသော အောက်လမ်းဆရာယောင်ယောင် ထင်ကြေးပေးကြ၏။

အချို့ကမူ လူသူတစ်စုံတစ်ယောက်မျှ မပါဘဲ အလိုအလျောက် မောင်းနှင်လာခြင်းဟုဆို၏။

အချို့ကလည်း မကောင်းဆိုးဝါးကောင်များက သွေးရထားကို ဖန်တီးစေလွှတ်သည်ဟု ဆိုသည်။

ထင်ကြေးကား အမျိုးမျိုးပင် ဖြစ်၏။

သို့သော် မည်သူမျှ တိကျသေချာစွာ ပြောဆိုနိုင်ခြင်း မရှိခဲ့ပေ။

စိတ်ထင်ဖြင့်သာ မှန်းဆပြောဆိုနေကြခြင်း ဖြစ်ပေသည်။

မရေမရာ ပြောဆိုနေမှုကို အားမလို အားမရ ဖြစ်နေကြသည့် သိုင်းသမားများသည် သွေးရထား၏ဖြစ်မြစ်ကို သိရှိရန် ကြိုးစားကြ၏။

အချည်းနှီးသာတည်း။

သွေးရထားရောက်သည့် နေရာတိုင်းတွင် လည်းကောင်း၊ သွေးရထားအကြောင်းကို တိကျစွာ ဖော်ထုတ်ရန် ကြိုးစားသူတို့သည် လည်းကောင်း လူ့လောကမှ စွန့်ခွာပျောက်ကွယ်သွားခဲ့ရသည်ချည်းသာ ဖြစ်ပေသည်။

သိုင်းလောကမှ ထိပ်တန်းသိုင်းသမား အတော်များများသည် သွေးရထားကြောင့် အသက်ဆုံးရှုံးခဲ့ကြရသည်။

ရှောင်လင်ဂိုဏ်းနှင့် ဂူတန်ဂိုဏ်းနှစ်ဂိုဏ်းသာ သွေးရထားရန်မှ လွတ်ကင်းခဲ့ရသည်။

နောက်ပိုင်း၌ သွေးရထားအကြောင်းနှင့် ပတ်သက်၍ အနည်းငယ် သိရှိလာခဲ့ကြ၏။

သွေးရထားကို တီထွင်သူ၏ ရည်ရွယ်ချက်မှာ ရန်သူ၏ တိုက်ခိုက်မှုကို ခုခံရုံသက်သက်မျှသာ ဖြစ်၏။

သို့ရာတွင် သွေးချောင်းဂိုဏ်း၏ဒုတိယဂိုဏ်းဆက် လက်ထက်သို့ ရောက်သည့်အခါ သွေးချောင်းဂိုဏ်း၏အင်အားကို ပိုမိုချဲ့တွင် စုစည်းနိုင်ရန် သွေးရထားကို အသုံးချလာခဲ့သည်။

သွေးချောင်းဂိုဏ်းမှ ပိုင်ဆိုင်သော သွေးရထားသည် အရာ



ရာကို ချေဖျက်နိုင်စွမ်းရှိကြောင်း သိုင်းလောကသားများကို သိရှိစေသည်။

သွေးချောင်းအဖွဲ့အား ဆန့်ကျင်သူ မှန်သမျှကိုလည်း မရဏသွေးရထားဖြင့် လူ့လောကမှ စွန့်ခွာစေသည်။

ထို့ပြင် သွေးချောင်းဂိုဏ်း၏သွေးဖျန်းဝက်ပါသိုင်းကွက်ကိုလည်း ဖော်ထုတ်ခဲ့သည်။

ကေသရာဇာ ခြသေ့်မင်းသည် တောအုပ်တခွင် အုပ်စိုးရသလို...

သိုင်းလောကတွင်လည်း သွေးဖျန်းဝက်ပါသိုင်းကွက်က မင်းမူနိုင်ခဲ့၏။

သွေးချောင်းဂိုဏ်း၏ ပထမဂိုဏ်းချုပ်မှာ အော့ယမ်ထုံ ဖြစ်သည်။

သိုင်းလောက၌ ပြိုင်ဘက်ကင်းသိုင်းသမားဘွဲ့ ရယူရန်အတွက် ဂိုဏ်းပေါင်းစုံမှ သိုင်းသမားများကို စိန်ခေါ်ယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲတွင် အော့ယမ်ထုံ ရှုံးနိမ့်၏။

သို့သော် သူ၏လက်ချက်ဖြင့် ဂိုဏ်းပေါင်းစုံမှ အဆင့်မြင့်သိုင်း သမားအယောက်နှစ်ဆယ်ခန့် အသက်ဆုံးရှုံးခဲ့ရသည်။

အော့ယမ်ထုံလည်း ဒဏ်ရာ အကြီးအကျယ်ရကာ သွေးချောင်းဂိုဏ်းသို့ ပြန်အရောက်၌ အသက်ဆုံးရှုံးသွားရလေ၏။

သူ ကွယ်လွန်သော် သူ၏နေရာကို ဝိပိက ဆက်ခံသည်။

ဝီဝီသည် ရက်စက်ကြမ်းကြုတ်၍ ကောက်ကျစ်စဉ်းလဲသူ ဖြစ်သည်။

ရည်မှန်းချက်လည်း ကြီးမားလေ၏။

သိုင်းလောကတစ်ခုလုံးအား ပြိုင်ဘက်မရှိ မင်းမူချုပ်ကိုင်လိုသူ ဖြစ်သည်။

ဝီဝီသည် သွေးဖျန်းဝက်ပါသိုင်းကွက်ကို တီထွင်အောင်မြင်ခဲ့ရာ ယခင်ဂိုဏ်းချုပ် အော့ယမ်ထုံထက်ပင် နာမည်ကြီးလာခဲ့၏။

ထို့ပြင် ရှုံ့စမ်းတောင်၊ ဖိန်းစမ်းတောင်နှင့် ကောင်စမ်းတောင်တို့မှ သုံးပွင့်ဆိုင်ဂိုဏ်းကို တိုက်ခိုက်ချေဖျက်သည့်အတွက် သူ၏အမည် သတင်းသည် နေ့ချင်းညချင်းဆိုသလို သိုင်းလောက၌ ကောမီးပမာ ပျံ့နှံ့သွားလေတော့သည်။

ဝီဝီသည် အော့ယမ်ထုံထက် သွေးရထားကို ပိုမိုအစွမ်းထက်အောင် ဖန်တီးလိုက်၏။

သို့ဖြင့် သွေးရထားသည် ခုခံရေးယန္တရား မဟုတ်တော့ဘဲ တိုက်ခိုက်ရေးယန္တရား ဖြစ်လာသည်။

သွေးချောင်းဂိုဏ်း၏ အရှိန်အဝါ ဩဇာအာဏာသည်လည်း သိုင်းလောက၌ တဟုန်ထိုးမြင့်တက်လာ၏။

ထိုအခါ သွေးချောင်းဂိုဏ်းသည် မတရားမှုများ၊ ရက်စက်မှုများ၊ နိုင်ထက်စီးနင်းလုပ်မှုများ စသည့် စက်ဆုပ်ရွံရှာဖွယ် အမှုကိစ္စများကို ပြုလုပ်လာကြသည်။



ဤအတိုင်းဆိုလျှင် သိုင်းလောကအဖို့ ကြာလျှင် ခက်လာလိမ့်မည် ဖြစ်ကြောင်း အဖြူရောင်သိုင်းသမားများ တွေးတောပူပန်လာကြသည်။

ထို့ကြောင့် မတရားမှုကို လက်ပိုက် ကြည့်မနေနိုင်သော သိုင်းသမားများသည် အချင်းချင်း သွေးစည်းလျက် သွေးချောင်းဂိုဏ်းအား ဖြိုဖျက်တိုက်ခိုက်ကြသည်။

နှစ်ဘက်စလုံး ထိခိုက်သေကြေမှု အကြီးအကျယ် ဖြစ်ပွားခဲ့၏။

ထိုအချိန်မှစ၍ သိုင်းလောကကြီးသည် ပြန်လည် ငြိမ်သက်သွားလေသည်။

* * *

သို့သော် နောက်ငါးနှစ်ခန့် ကြာသောအခါ သိုင်းလောကတွင် အခြေအနေတစ်မျိုး ပြောင်းလဲခဲ့ရပြန်သည်။

သိုင်းရာဇာကြီး ရောင်ချူးဇွေနှင့်အတူ ဂူတန်ဂိုဏ်း၊ ရှောင်လင်ဂိုဏ်းနှင့် ဝါဆန်းဂိုဏ်း စသည်တို့ ထင်ပေါ်ကျော်ကြားလာကြသည်။

၎င်းတို့၏ ရှေ့ဆင့်နောက်ဆင့်ဆိုသလို လူထူးလူဆန်း လေးယောက်တို့သည်လည်း ထင်ရှားလာကြသည်။

ယင်းလူထူးလူဆန်းလေးယောက်ကား သဲကန္တာရ သံလက်ဝါး ဆန်းဖုန်၊ လျှပ်တပြက် လက်ချောင်းသိုင်းသမား စူယွင်၊ တောင်ပင်လယ်ကျွန်းမှ ညံဆောင်းမောင်နှင့် ထင်းရှိုဂိုဏ်းမှ စုံထီးစိုက်တို့ပင် ဖြစ်ကြ၏။

သူတို့လေးယောက်သည် ဆရာများ သင်ကြားပြသသည့် ပညာရပ်များကို မိမိတို့ ပင်ကိုယ်အသိဖြင့် ပိုမိုနက်ရှိုင်းအောင် တီထွင်လာကြသည့် သိုင်းသမားများ ဖြစ်ကြသည်။

ယင်းအချိန်တွင် သွေးချောင်းဂိုဏ်းသည်လည်း ပြန်လည်သက်ဝင်လှုပ်ရှားလာပြန်သည်။

ငြိမ်သက်နေသော သိုင်းလောကကြီးမှာ မတည်မငြိမ် ဖြစ်လာရပြန်တော့၏။

နိုင်ထက်စီးနင်း ပြုကျင့်သော သိုင်းသမားများနှင့် တော်တည့် မှန်ကန်သော သိုင်းသမားများအကြား ပဋိပက္ခကြီးထွားလာ



လေသည်။ အခြေအနေသည် ရှင်းမရအောင် ရှုပ်ထွေးလာလေ၏။

ယင်းသို့ ရှုပ်ထွေးနေသည့်ကြားထဲ သွေးချောင်းဂိုဏ်းချုပ် ရှိမ့်ခေါင်က သိုင်းဆရာဇာကြီးရောင်ချူးဇွေကို စိန်ခေါ်လိုက်သည်။

ထိုယှဉ်ပြိုင်ပွဲတွင် ရောင်ချူးဇွေ ဒဏ်ရာပြင်းစွာရပြီး ကွယ်လွန်သွားသည်ဟု သတင်းထွက်လာသည်။

ဟုတ်မဟုတ်ဆိုသည်ကိုမူ မည်သူမျှ တပ်အပ်သေချာ မပြောနိုင်ချေ။

မည်သို့ဆိုစေ သွေးချောင်းဂိုဏ်းမှ ရှိမ့်ခေါင်သည် ထိုအချိန်မှစ၍ သိုင်းလောက၌ ဟိုးလေးတကျော် ထင်ရှားလာတော့၏။

သွေးချောင်းဂိုဏ်းချုပ်ရှိမ့်ခေါင်သည် ငယ်စဉ်ကပင် မိဘမဲ့ဖမဲ့ ဖြစ်ခဲ့သည်။

အားကိုးတွယ်တာဖွယ် ဆွေမျိုးမိတ်သင်္ဂဟလည်း မရှိချေ။

ပတ်ဝန်းကျင်မှ လူအများ၏ နိုင်ထက်ကလူ ပြုကျင့်မှုကို ခါးသီးစွာ ခံစားလာခဲ့ရသူ ဖြစ်၏။

လူ့လောကအလယ်၌ ၁၄ နှစ်၊ ၁၅ နှစ်ခန့် အထီးကျန်နေလာခဲ့သော ရှိမ့်ခေါင်အား သွေးချောင်းဂိုဏ်းချုပ်ဝီပိက ခေါ်ယူမွေးစားကာ သွေးရထားကို စောင့်ကြပ်ရန် တာဝန်ပေးအပ်လိုက်သည်။

ဤတွင် ရှိမ့်ခေါင်သည် သွေးရထား၏လျှို့ဝှက်ချက်ကို သိရှိခဲ့ရတော့၏။

သွေးရထားဆိုသည်မှာ စစ်တိုက်ရာတွင် အသုံးပြုလေ့ရှိ

သော သာမန်စစ်ရထားတစီးသာ ဖြစ်လေသည်။

သို့ရာတွင် ယင်းသွေးရထားပေါ်တွင် သွေးချောင်းဂိုဏ်း၏ အဓိကဖြစ်သော အဆင့်မြင့်သိုင်းကျမ်းကို လျှို့ဝှက်စွာ လေ့လာရန် အခြား ဂိုဏ်းသားများထက် ပို၍ အခွင့်အရေး ရရှိလာခဲ့လေသည်။

သို့ဖြင့် သွေးချောင်းဂိုဏ်းဝိဝိ ကွယ်လွန်သော် ရိမ့်ခေါင်သည် ဂိုဏ်းချုပ်နေရာကို ပြိုင်ဘက်မရှိ ဆက်ခံခွင့် ရရှိလေတော့၏။

ထို့ပြင် ရိမ့်ခေါင်သည် သိုင်းရာဇာကြီးရှောင်ချူးစွေအား ယှဉ်ပြိုင်အနိုင်ယူခဲ့သောကြောင့် သူ၏သတင်းသည် သိုင်းလောက၌ သိမ့်သိမ့်တုန် ကျော်ကြားလာခဲ့ပြန်လေသည်။

ရိမ့်ခေါင် နာမည်ကြီးရသလို မရဏသွေးရထားသည်လည်း သိုင်းလောကတစ်ခုလုံးအား တုန်လှုပ်ချောက်ချားသွားစေလောက်အောင် နာမည်ကြီးလာခဲ့လေ၏။

သွေးရထားကြောင့် သိုင်းလောကသား အတော်များများ သေဆုံးကုန်ကြ၏။

သွေးရထား၌ လွန်စွာထူးဆန်း၍ ကြောက်မက်ဖွယ်ကောင်းသော လက်နက်ဆန်းများ တပ်ဆင်ထားသည်ဟု သိုင်းလောကသားများ ထင်ကြေးပေးကြသည်။

ထို့ကြောင့် သိုင်းပညာရှင် အတော်များများသည် မရဏသွေးရထားအား ရယူပိုင်ဆိုင်နိုင်ရန် အမျိုးမျိုး ကြိုးစားကြသည်။

သို့သော် ထိုလူများသာ အသက်ဆုံးရှုံးကြသည်။



မရဏသွေးရထားအကြောင်းကိုမူ ဂဃနဏ သိရှိသွားကြခြင်း မရှိပေ။

မရဏသွေးရထားကြောင့် သိုင်းလောကကြီး တစ်ခုလုံး မတည်မငြိမ် ဖြစ်လာသည့်အခါ သန့်ရှင်းသုံးဖော်ဟု အမည်တွင်သည့် ရှောင်လင်၊ ဝူတန်နှင့် ဝါဆန်းတို့သည် လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ သွေးချောင်းအဖွဲ့အား တိုက်ခိုက်နှိမ်နင်းလေတော့သည်။

ယင်းသို့ သန့်ရှင်းသုံးဖော်က နှိမ်နင်းတိုက်ခိုက်နေသောကြောင့် သွေးချောင်းအဖွဲ့မှာ အရှိန်အဝါ ကျဆင်းလာသည်။

အင်အားလည်း အတန်ငယ် လျော့ပါးသွားသည်။

ထိုအချိန်တွင် လူထူးဆန်းလေးဖော်သည် သွေးချောင်းဂိုဏ်းချုပ်အား စိန်ခေါ်ယှဉ်ပြိုင်ကြသည်။

သူတို့၏ယှဉ်ပြိုင်ပွဲသည် ၃ ရက် ၃ ညတိတိ ကြာမြင့်ခဲ့၏။

နောက်ဆုံးတွင် သွေးချောင်းဂိုဏ်းချုပ်ရိမ့်ခေါင်သည် လူထူးလူဆန်းလေးဖော်၏ လက်ချက်ဖြင့် နက်စောက်သော အသူရာချောက်ကြီးတစ်ခုအတွင်း ကျရောက်သွားခဲ့သည်။

လူထူးလူဆန်းလေးဖော်လည်း ဒဏ်ရာအကြီးအကျယ် ရရှိခဲ့သည်။

ထိုအချိန်မှစ၍ သွေးရထားနှင့် ပတ်သက်သည့် အကြောင်းအရာများသည် လုံးဝချုပ်ငြိမ်းကွယ်ပျောက်သွားလေတော့သည်။

* * *

ဖန်ကိုညင်သည် သူ့ဆရာပြောပြသည့် မရဏသွေးရထား အကြောင်းကို တွေးတောနေမိသည်။

မရဏသွေးရထားသာ လွန်ခဲ့သော နှစ်လေးဆယ်ခန့်က သိုင်းလောကတစ်ခုလုံးအား သိမ့်သိမ့်တုန် ချောက်ချားစေခဲ့ပြီး ပျောက်ကွယ်သွားခဲ့သည်။

ယခုတဖန် သွေးရထားဟူသော အမည်ကို ပြန်လည်ကြား လာရပြန်ချေပြီ။

ကျုံ့ရှုတ် အမှုမဲ့အမှတ်မဲ့ လွှတ်ခနဲ ပြောလိုက်သည့် သွေးရထားသည် သူ့ဆရာပြောပြခဲ့ဖူးသည့် သွေးရထားပင်လော။

မည်သို့ဆိုစေ သူ့ဖခင်သည် သွေးရထားနှင့် တနည်းတဖုံ ပတ်သက်နေပြီဆိုခြင်းကိုမူ မည်သို့မျှ ဖုံးကွယ်မရတော့ပေ။

ဖန်ကိုညင်သည် ထိုသို့တွေးမိသည်နှင့် အခန်းထဲ ကပျာက ယာ ပြေးဝင်လိုက်သည်။

ကျယ်ဝန်းသော အခန်းကျယ်ကြီးကို ဖြတ်သန်းပြီးနောက် လူ တကိုယ်စာ စင်္ကြံလမ်းထဲ ရောက်ရှိသွားသည်။

ရှေ့ခပ်လှမ်းလှမ်း၌ တံ့နှေးလေးကန်စွာ လျှောက်လှမ်းနေ သော အဘိုးအိုကျုံ့ရှုတ်ကို တွေ့မြင်လိုက်ရသည်။

ဖန်ကိုညင် ခြေလှမ်းသုတ်သုတ်ဖြင့် အမီလိုက်သည်။

စင်္ကြံလမ်းအဆုံးတွင် အခြားအခန်းကျယ်တစ်ခုသို့ ရောက်ရှိ သွားသည်။



ခန်းမတခုလုံး အလင်းရောင်မှိန်မှိန်ပျပျသာ ရှိ၏။

ထိုအခန်းသို့ ရောက်လျှင် ဖန်ကိုညင်သည် အဘိုးအိုကျုံ့ရှုတ် အား မီလာသည်။

"အဘ"

ကျုံ့ရှုတ်သည် နောက်ပြန်လှည့်ကြည့်လိုက်ရာ ဖန်ကိုညင်ကို မြင်သဖြင့် မျက်နှာပျက်သွားသည်။

"ဘာဖြစ်လို့ လိုက်လာရတာလဲကွယ်"

"ကျွန်တော့်အဖေရဲ့ သေရေးရှင်ရေးကိစ္စမှာ ကျွန်တော်ပါ ဝင် သင့်ပါတယ်၊ အဘ ဒီမှာ နေရစ်ခဲ့ပါတော့"

ဖန်ကိုညင် ပြောပြီးနောက် ကျောက်သား ပကတိဖြင့် ပြီး သော အခြားစင်္ကြံတံခါးကို ဆွဲဖွင့်၍ ဝင်ရောက်သွားသည်။

ကျုံ့ရှုတ်မှာ ဖန်ကိုညင်အား တားမြစ်ချိန် မရလိုက်ချေ။

စင်္ကြံတံခါး၌ ငူငူကြီးရပ်ယင်း ကျန်ရစ်ခဲ့လေသည်။

* * *

ထိုစကြိုလမ်းသည် ပထမဝင်ခဲ့သော စကြိုလမ်းထက် အနည်းငယ်ပို၍ ကျယ်သည်။

စကြိုတွင်း ဝင်လိုက်သည်နှင့် နီရဲသော အလင်းရောင်တန်း တစ်ခု ရုတ်တရက် ပေါ်ထွက်လာလေ၏။

ဖန်ကိုညင် သတိကြီးစွာထားလျက် စကြိုလမ်းအတိုင်း တဖြည်းဖြည်း ဝင်ရောက်သွားသည်။

အလင်းရောင်သည် ပို၍ နီးလာသည်။

မျက်လုံးများပင် စူးရှကျိန်းစပ်သယောင် ခံစားလာရ၏။

ဖန်ကိုညင်၏စိတ်ထဲ၌ သက်သာမကင်းမှုများ ကြီးထွားလာသည်။

"အဖေ...အဖေ ဘယ်မှာလဲ"

ဖန်ကိုညင်၏အသံသည် ကျောက်ခန်းထဲ၌ ပဲ့တင်ရိုက်ခတ်သွား၏။

ဖခင်ဖြစ်သူ၏ ပြန်ထူးသံကို မကြားရချေ။

သို့သော် မြင်းအတော်များများ၏ နှာမှုတ်သံသဲ့သဲ့ကိုမူ ဖန်ကိုညင် ကြားလိုက်ရ၏။

ဖန်ကိုညင်သည် ဓားကို ပိုမိုတင်းကျပ်စွာ ဆုပ်ကိုင်လိုက်မိသည်။

ထို့နောက် စကြိုလမ်းအတိုင်း ရှေ့သို့ တရွေ့ရွေ့ တိုးသွားသည်။



လေးငါးလှမ်းမျှ လှမ်းမိသည့်အခါ တစုံတခုကို ခလုတ်တိုက်မိပြီး ဖန်ကိုညင်၏ ကိုယ်ခန္ဓာ ယိမ်းယိုင်သွား၏။

သူသည် တိုက်မိသောအရာကို ငုံ့ကြည့်လိုက်သည်။

ဖန်ကိုညင်၏မျက်လုံးအစုံမှာ ရုတ်တရက် ပြူးကျယ်သွားသည်။

အကြောင်းမှာ ဝိညာဉ်ကင်းမဲ့နေသော အလောင်းတစ်လောင်းကို တွေ့မြင်လိုက်သောကြောင့် ဖြစ်၏။

"ဟာ...ဒါ တို့အိမ်က အိမ်တော်ထိန်းဖောင်တုံရဲ့ အလောင်းပါလား"

ဖန်ကိုညင်၏နှုတ်မှ လွှတ်ခနဲ ရေရွတ်လိုက်မိသည်။

အလောင်းမှာ သွေးလုံးဝမရှိသကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

အလောင်းကို ကြည့်ယင်း ဖန်ကိုညင် အကြီးအကျယ် ဒေါသထွက်လာ၏။

အလောင်းမှာ တစ်လောင်းတည်း မဟုတ်ချေ။

ရှေ့ခပ်လှမ်းလှမ်း၌ အလောင်းသုံးလေးလောင်းမျှ ပြန့်ကျဲနေသည်ကို တွေ့ရသည်။

ထိုအလောင်းများသည် မိမိတို့အိမ်မှ အိမ်ဖော်များ ဖြစ်ကြောင်း ဖန်ကိုညင် သိလိုက်သည်။

တော်သေးသည်ဟု ဆိုရပေမည်။

ထိုအလောင်းများကြား၌ ဖခင်ဖြစ်သူ ပါဝင်ခြင်း မရှိသောကြောင့် ဖန်ကိုညင် အနည်းငယ် စိတ်သက်သာရာရမိသည်။

ဖန်ကိုညင်သည် သတိထားလျက် ဆက်၍ လျှောက်လာခဲ့ရာ မကြာမီ စကြံလမ်းဆုံးသို့ ရောက်လာ၏။

နီရဲသော အလင်းရောင်သည် ပို၍ ပူပြင်းလာသည်။

ဖန်ကိုညင် စိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်ယင်း စကြံလမ်းဆုံးရှိ ခန်းမကြီးကို လှမ်းမြင်လိုက်သည်။

စူးရှသော အနီရောင်အလင်းတန်းကြောင့် ရုတ်တရက် ကွဲကွဲပြားပြား မမြင်ရချေ။

တဖြည်းဖြည်း မျက်လုံးကျင့်သားရလာသည့်အခါ အခန်းတွင်းရှိ အရာဝတ္ထုများကို မြင်တွေ့ရသည်။

အခန်းထောင့်တစ်နေရာ၌ လူနှစ်ယောက်ကို တွေ့မြင်ရ၏။

တစ်ယောက်မှာ ဝတ်စုံနက်ကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်ထားသည်။

ကျန်တစ်ယောက်မှာ အဖြူရောင်ဝတ်စုံနှင့် ဖြစ်၏။

သူတို့နှစ်ယောက်ရှေ့တွင် လူတစ်ယောက် လဲကျနေသည်။

ထိုသူကား ဖန်ကိုညင်၏ဖခင် ဖန်စောင်ထင်ပင် ဖြစ်ပေတော့သတည်း။

"အိုး... အဖြစ်ဆိုးလှချည်းလား ဖေဖေရယ်"

ဖန်ကိုညင် ဖခင်ဖြစ်သူအား ပြေး၍ပွေ့ဖက်လိုက်၏။



ထိုတဒင်္ဂအချိန်တွင်း၌ ဖခင်ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးကို မေ့လျော့သွားသည်။

ဖခင်၏ရင်ဝကို စိုးရိမ်တကြီး စမ်းသပ်ကြည့်သည်။

နှလုံးခုန်သံကား ယဲ့ယဲ့မျှသာ ရှိတော့သည်။

"သွေး...သွေး...ရထား"

လေသံသဲ့သဲ့သာ ရေရွတ်နိုင်သည်။

ဖန်စောင်ထင်သည် သားဖြစ်သူ၏လက်ကြား၌ ပျော့ခွေကျသွားတော့သည်။

အသက်မရှုတော့။

နှလုံးခုန် ရပ်သွားချေပြီ။

ဖန်ကိုညင် အံကို တင်းတင်းကြိတ်ကာ ဆတ်ခနဲ ထရပ်လိုက်၏။

ဝတ်စုံဖြူနှင့် ဝတ်စုံနက်မှာ ကြောင်အမ်းအမ်း ဖြစ်နေရာမှ သတိဝင်လာကြသည်။

ဝတ်စုံနက်နှင့်လူက ပို၍ လျင်မြန်၏။

သူ၏ကိုယ်ခန္ဓာသည် လှစ်ခနဲ ဆိုသလိုပင် ဖန်ကိုညင်ထံ ရောက်ရှိသွား၏။

ပြီး လည်ပင်းကို ဖမ်းညှစ်လိုက်သည်။

ထို့နောက် သူ၏ ချွန်ထက်သောသွားဖြင့် ကိုက်ဖောက်တော့မည့်ဟန် ပြင်သည်။

ထိုအခါမှ ဖန်ကိုညင်သည် ကြောက်အားလန့်အားဖြင့် သတိဝင်လာကာ ထိုသူ၏မျက်နှာအား ဦးခေါင်းဖြင့် ထိုးလိုက်သည်။

ဖန်ကိုညင်၏ ဦးခေါင်းတိုက်ချက်မှာ အံဝင်ခွင်ကျ ဖြစ်သွားသည်။

ထိုသူ၏သွားနှစ်ချောင်းကျိုးသွားကာ ခန္ဓာကိုယ်ယိမ်းယိုင်သွား၏။

ဖန်ကိုညင်သည် ထိုအခွင့်အရေးကို အရယူလျက် ထိုသူ၏လက်မှ ရုန်းထွက်ပြီး ရင်ဝကို ဒူးနှင့်တိုက်ပစ်လိုက်သည်။

ဝတ်စုံနက်နှင့်လူမှာ လုံးဝမထင်မှတ်ဘဲ တန်ပြန်တိုက်ခိုက်ခံလိုက်ရသဖြင့် အံ့အားသင့်သွားသည်။

သို့သော် အတွေ့အကြုံ ရင့်ကျက်သူပီပီ ချက်ချင်းဆိုသလို ကိုယ်ကိုကျုံ့၍ ရှောင်တိမ်းနိုင်လိုက်သည်။

ထို့နောက် ခါးကြားမှ သံမဏိစူးချွန်နှစ်ချောင်း ဆွဲထုတ်လိုက်ပြီး ဖန်ကိုညင်အား ပြန်လည်တိုက်ခိုက်လေသည်။

ဖန်ကိုညင်သည် ထင်ရှိုကျဲးမှ လိပ်ပြာမောင်နှံသိုင်းကွက်ဖြင့် ဝှေယမ်း ကာကွယ်လိုက်ရာ သံသံချင်းထိသံသည် ကျောက်ခန်းထဲ၌ ဆူညံစွာ ထွက်ပေါ်လာတော့သည်။

ဝတ်စုံနက်နှင့်လူသည် ဖန်ကိုညင်အား အထင်မသေးရဲတော့ဘဲ သတိကြီးစွာထားလျက် တိုက်ခိုက်နေရသည်။

တချို့တွင် ဖန်ကိုညင်သည် နဂါးတွင်းထွက်ဓားကွက်ဖြင့်



ဝတ် စုံနက်နှင့်လူ၏ မျက်နှာနှင့် ရင်ဘတ်ကို ပက်သွင်းလိုက်သည်။

ဝတ်စုံနက်နှင့်လူမှာ ကမန်းကတန်း ရှောင်တိမ်းလိုက်ရ၏။

ဝတ်စုံနက်နှင့်လူ အခြေအနေ မဟန်မှန်း သိလိုက်ရသောအခါ ဝတ်စုံဖြူနှင့်လူသည် လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ ဖန်ကိုညင်ထံ ဝင်ရောက်လာသည်။

ထိုလူ၏ခြေထောက်များကား သာမန်လူများထက်ပင် သန်မာခြင်း မရှိသည်ကို ဖန်ကိုညင် သတိပြုမိသည်။

"မင်း ထင်ရှိုကျဲးက ဘယ်သူ့တပည့်လဲ"

ဖန်ကိုညင်၏ဓားကွက်ကို ကြည့်ပြီး ထင်ရှိုကျဲးမှ ဓားကွက်ဖြစ်ကြောင်း ဝတ်စုံဖြူက သိရှိနေသည်မှာ အံ့ဩဖွယ်ကောင်းလှသည်။

ဖန်ကိုညင် မျက်လုံးပြူးသွား၏။

ဝတ်စုံဖြူနှင့်လူကား နယ်နယ်ရရထဲက မဟုတ်နိုင်။

သို့သော် ဖန်ကိုညင် ဂရုမစိုက်နိုင်ချေ။

ဖခင်ဖြစ်သူ၏ရန်သူသည် ဘီလူးသဘက်ပင်ဖြစ်စေ ဖန်ကိုညင် တုန်လှုပ်ချောက်ချားသွားနိုင်မည် မဟုတ်ပေ။

"ကျုပ်အဖေကို သတ်တာ ခင်ဗျားတို့ မဟုတ်လား"

ဖန်ကိုညင်သည် နာကျည်းစွာ ရေရွတ်ယင်း ဝတ်စုံဖြူနှင့်လူအား တဟုန်ထိုး ဝင်ရောက်တိုက်ခိုက်လိုက်သည်။

သို့သော် ဖန်ကိုညင်၏ ထင်ရှိဓားကွက်သည် ဝတ်စုံဖြူနှင့်လူ

အား မည်သို့မျှ အန္တရာယ်ပေးနိုင်စွမ်း မရှိခဲ့ချေ။

ဝတ်စုံဖြူနှင့်လူသည် မြေမသန်သည့်ကြားမှ တလွယ်တကူပင် ရှောင်ထွက်သွားလေသည်။

တဆက်တည်းမှာပင် ဝတ်စုံဖြူနှင့်လူ၏ လက်တစ်ဘက်သည် ဖန်ကိုညင်အား ထိတော်သွား၏။

အတွင်းအားကောင်းသောကြောင့် ဖန်ကိုညင် ဝုန်းခနဲ လွင့်စဉ်လဲကျသွားသည်။

ထိုစဉ် ဝတ်စုံနက်သည် သံမဏိချောင်းဖြင့် ထိုးသွင်းရန် ဟန်ပြင်လိုက်၏။

ဝတ်စုံဖြူက ဟန့်တားသည်။

ဝတ်စုံနက်သည် နားမလည်ဟန်ဖြင့် ဝတ်စုံဖြူကို မော့ကြည့်သည်။

"ဘာဖြစ်လို့လဲ ဆရာ၊ ကျုပ်ပင်ခုတ် ကျုပ်ငုတ်မကျန် ရှင်းပစ်မှဖြစ်မှာပေါ့"

"ငါ သိတယ်၊ မင်း စကားမရှည်နဲ့"

ဝတ်စုံဖြူက မျက်နှာထားတင်းတင်းဖြင့် လှမ်း၍ ဟန့်တားလိုက်သည်။

ဖန်ကိုညင်သည် လဲကျနေရာမှ ဝတ်စုံဖြူကို ဖြတ်ခနဲ အကဲခတ်ကြည့်လိုက်သည်။

တစ်နေရာ၌ မြင်ဖူးသလို ရှိသည်ဟု ထင်မိသည်။



သို့သော် မည်သည့်နေရာ၌ မြင်ဖူးခဲ့ကြောင်း စဉ်းစား၍ မရချေ။

"အင်း...မြေနှစ်ဘက် မသန်ပေလို့သာဘဲ၊ သူ့ရဲ့အတွင်းအားက အတော့်ကို ကြောက်စရာကောင်းတယ်"

ဖန်ကိုညင် စိတ်ထဲမှကြိတ်၍ မှတ်ချက်ချမိသည်။

မည်သို့ဆိုစေ ဝတ်စုံဖြူကား သူ့မိဘ မိသားစု၏ရန်သူဖြစ်သည်။

ရန်သူကို ရန်သူလိုသာ ဆက်ဆံရပေမည်။

ဖန်ကိုညင် လဲကျနေရာမှ ရုတ်တရက် ခုန်ထလိုက်ပြီး သက်တန့်မိုးဖောက် ဓားကွက်ဖြင့် ဝတ်စုံဖြူကို တအား ခုတ်ချလိုက်သည်။

"ဟာ...ကောင်းလိုက်တဲ့ ထင်ရှားဓားကွက်ပါလား"

ဝတ်စုံဖြူသည် နှုတ်မှ လွှတ်ခနဲ ရေရွတ်လိုက်မိသည်။

ဖန်ကိုညင်၏ဓားသည် သူ့ထံသို့ အရှိန်ပြင်းစွာ ဝင်လာသည်။

ရှောင်တိမ်းချိန် မရတော့။

ဝတ်စုံဖြူသည် ဝင်လာသော ဓားသွားကို လက်ဝါးနှစ်ဘက်ဖြင့် ဖြတ်ခနဲ ညှပ်ဆွဲလိုက်သည်။

အတွင်းအားချင်း အဆမတန် ကွာခြားနေသဖြင့် ဖန်ကိုညင်မှာ ဓားကို ပြန်ဆွဲ၍ မရနိုင်ဘဲ ဖြစ်သွားသည်။

သို့သော် မခံချင်စိတ်က အဆီးအတားမရှိ ပြင်းထန်ကြီးမားနေသဖြင့် တအားဆောင့်၍ ဆွဲလိုက်သည်။

ဝတ်စုံဖြူက ခပ်ယဲ့ယဲ့ပြုံးပြီး ညှပ်ထားသော ဓားကို လွှတ်လိုက်သည်။

မထင်မှတ်သောကြောင့် ဖန်ကိုညင်မှာ အားလွန်သွားကာ နောက်သို့ ယိမ်းယိုင်လွင့်စဉ်သွားလေသည်။

"ဟား...ဟား...ဟား၊ မင်းလို မလောက်လေး မလောက်စားက ငါ့ကို အံတုဖက်ပြိုင်ရတယ်လို့ကွာ၊ မင်း မသေချင်ယင် ခုချက်ချင်းထွက်သွားစမ်း"

ဝတ်စုံဖြူကို မည်သည့်နည်းနှင့်မျှ မနိုင်မှန်း ဖန်ကိုညင်သိထားသည်။

သို့သော် ရန်သူကို မြင်တွေ့လျက်နှင့် ရှောင်ထွက်သွားလျှင် ရာဇဝင်ရိုင်းပေတော့မည်။

သူ့ရဲဘောကြောင့်သူအဖြစ်လည်း အပြောမခံနိုင်။

ဖန်ကိုညင်သည် ဓားကို တင်းကျပ်စွာ ကိုင်ယင်း ဝေဟင်ဝဲပျံသိုင်းကွက်ဖြင့် ဝတ်စုံဖြူထံ ခုန်ဝင်လိုက်ပြန်သည်။

ထိုစဉ် ဝတ်စုံနက်က သံမဏိချောင်းနှစ်ချောင်းဖြင့် ဖန်ကိုညင်၏ဓားကို ဖမ်းညှပ်လိုက်၏။

သူတို့နှစ်ယောက်မှာ အတွင်းအားချင်း သိပ်မကွာလှသောကြောင့် သူမနိုင် ကိုယ်မနိုင် အကြိတ်အနယ် ဖြစ်လေသည်။

ထိုအချိန်တွင် ဝတ်စုံဖြူသည် ဖန်ကိုညင်၏ ဖုရှသွေးကြောကို လှမ်းကိုင်လိုက်သည်။



ဖန်ကိုညင် တစ်ကိုယ်လုံး သိမ့်ခနဲ တုန်ခါသွားသည်။

လက်ထဲ၌ ကိုင်ထားသော ဓားလည်း လွတ်ကျသွားသည်။

နောက်သို့ ခြေလှမ်း ငါးလှမ်းမျှ ယိမ်းယိုင်ဆုတ်ခွာသွားရသည်။

ထို့နောက် ဝေါခနဲ သွေးများ အန်ထွက်လာသည်။

"ဟား...ဟား...ဟား၊ တော်တော် သတ္တိကောင်းချင်တဲ့ကောင်၊ ခုတော့ ဘယ်နှယ်ရှိစ"

ထိုစဉ် မြင်းဟီသံကြီး ပေါ်လာကာ ဝတ်ဖြူစုံ၏နောက်မှ ကျောက်နံရံသည် ကွဲအက်ပြိုကျသွားသည်။

ဖန်ကိုညင် မျက်လုံး မျက်ဆန်ပြူးသွားသည်။

ယင်းတဒင်္ဂ အချိန်ကလေးတွင်ပင် ကျောက်နံရံမှ သွေးနီရောင် မြင်းရှစ်ကောင်ကသော ရထားတစီး ထွက်ပေါ်လာသည်။

ဝတ်စုံဖြူသည် လက်ကို ခြေထောက်သဖွယ် အသုံးချပြီး မြင်းရထားပေါ် ခုန်တက်လိုက်သည်။

ဝတ်စုံနက်သည်လည်း ချက်ချင်း ဆိုသလို ရထားပေါ် ရောက်သွားသည်။

မြင်းရထားသည် တုံ့ဆိုင်းမနေဘဲ အရှိန်ပြင်းစွာ ထွက်ခွာသွားလေသည်။

ဖန်ကိုညင်မှာ ကျောက်သားဖြင့် ထုလုပ်ထားသည့် အရုပ်ပမာ မလှုပ်မယှက် မှင်သေငေးမောကြည့်ယင်း ကျန်ရစ်ခဲ့လေသည်။

အဖြစ်အပျက်များကား အိပ်မက်တစ်ခုနှယ်ပင် မယုံကြည်နိုင်ဖွယ် ကောင်းနေချေသည်တကား။

* * *

ကျုံရွှတ်သည် ကျောက်ခန်းတွင်း၌ မည်သို့ဖြစ်ပျက်နေမည်ကို တွေးတောလျက် ရှိသည်။

အစပိုင်း၌ ငြိမ်သက် တိတ်ဆိတ်နေ၏။

ဘာသံမျှ မကြားရ။

သို့သော် အချိန်အနည်းငယ်ကြာသော် တဝုန်းဝုန်းအော်မြည်သံများ ဆူညံစွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

မြင်းရထားကြီးတစီး အရှိန်ပြင်းစွာ မောင်းနှင်လာသည့် အသံမျိုးဖြစ်၏။

ကျုံရွှတ် မျက်နှာပျက်သွားသည်။

ဖန်ကိုညင်အတွက် စိုးရိမ်စိတ်များ ဝင်ရောက်လာသည်။

ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်ယင်း ကျောက်ခန်းအတွင်းသို့ ဝင်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင် တဝုန်းဝုန်း မြည်သံသည် နားကွဲမတတ် ထွက်



ပေါ်လာပြီး မြင်းရှစ်ကောင်က ရထားတစီးရှေ့၌ ဘွားခနဲ ပေါ်လာသည်။

"ဟာ... ဒါ...ဒါ သွေးရထား"

တအံ့တသြဖြင့် ရေရွတ်လိုက်သံ မဆုံးမီမှာပင် မြင်းရထားကြီးသည် ကျုံရွှတ်အား တဟုန်ထိုး ဝင်ရောက်တိုက်လိုက်လေသည်။

"အို... ဖြစ်ရလေ အဘရယ်"

မြင်းရထားနောက်မှ ပြေးလိုက်လာသော ဖန်ကိုညင်သည် မကြည့်ရက်စရာ မြင်ကွင်းကြောင့် ဆို့နင့်စွာ ရေရွတ်လိုက်မိသည်။

ချက်ချင်းဆိုသလို လျင်မြန်သော အဟုန်ဖြင့် ကျုံရွှတ်ထံ ပြေး သွားကာ ပွေ့ဖက်လိုက်၏။

အဘိုးအိုကျုံရွှတ်၏မျက်နှာသည် အလွန့်အလွန် ကြောက်ရွံ့ ထိတ်လန့်မှုကြောင့် ရှုံ့တွနေသည်။

ပါးစပ်နှင့် နှာခေါင်းမှ သွေးများ ဒလဟော ယိုစီးကျလာနေသည်။

အဘိုးအိုကျုံရွှတ်သည် မျက်လုံးများ အစွမ်းကုန် ပြူးကြည့်ယင်း ပျော့ခွေကျသွားသည်။

ဖန်ကိုညင်သည် စိုးရိမ်တကြီးဖြင့် အဘိုးအို၏ရင်ဘတ်ကို စမ်း ကြည့်လိုက်သည်။

နှလုံးခုန် ရပ်သွားချေပြီတည်း။

ဖန်ကိုညင်သည် အံကို တင်းကျပ်စွာ ကြိတ်လိုက်မိလေ

သည်။ ရင်ထဲ၌လည်း မချိမဆန့် ဝေဒနာတရပ်ကို ခံစားလိုက်ရသည်။

သွေးရထား ထွက်ခွာသွားရာလမ်းကို ရီဝေသော မျက်လုံးများဖြင့် ငေးစိုက်ကြည့်နေမိသည်။

သွေးရထားကား ဘယ်ဆီဘယ်လမ်း ရောက်နေပြီမသိ။

အရိပ်အရောင်မျှပင် မမြင်တွေ့ရတော့ချေ။

အဖြစ်အပျက်များသည် အိပ်မက်တခုပမာ ယုံကြည်နိုင်ဖွယ်ရာပင် မရှိချေ။

* * *

LIGHT • 39
FANCY ၀၁၉၀

ဖန်ကိုညင်သည် သွေးရထားနောက်သို့ ခြေရာခံ လိုက်လာခဲ့သည်။

တရက်တိတိတိ ရှိခဲ့ပြီ ဖြစ်သည်။

သွေးရထား၏ အရိပ်အရောင်ကို လုံးဝမြင်တွေ့ရခြင်း မရှိသေးပေ။

သို့သော် သွေးရထားကြောင့် ဖြစ်ပေါ်လာသည့် သဲလွန်စများကိုမူ မြင်တွေ့ခဲ့ရသည်။

ထိုသဲလွန်စများကား အခြားမဟုတ်ချေ။

သွေးရထားကြောင့် သေဆုံးခဲ့ရသည့် အလောင်းများပင် ဖြစ်သည်။

သွေးရထား ဖြတ်သန်းသွားရာ နေရာတိုင်းတွင် လူ့လောကမှ အပြီးအပိုင် ထွက်ခွာသွားရသူများကို မြင်တွေ့ရ၏။

ထိုအလောင်းများကြားတွင် ထိပ်သီးအကျော်အမော် သိုင်းသမားများကို တွေ့ရသည်။

ခွန်လွန်ဂိုဏ်းမှ အဆင့်မြင့် ထိပ်သီးသိုင်းသမား 'ခွတ်ဆန့်' ကို မြင်တွေ့ရသည့်အခါ ဖန်ကိုညင် လက်မှိုင်ချရလေတော့သည်။

"အင်း...ငါ့ထက် အဆပေါင်းများစွာသာတဲ့ အကျော်အမော် ကြီးတွေတောင် သွေးရထားကို မယှဉ်နိုင်ကြပါလား၊ ငါ့အနေနဲ့ဆိုယင် တွေးဝံ့စရာတောင် မရှိဘူး၊ သိုင်းပညာ အခုထက် ပိုမြင့်အောင် ငါ ကြိုးစားရအုံးမယ်"

ဖန်ကိုညင်သည် စိတ်ပျက်အားလျော့စွာဖြင့် ရေရွတ်လိုက်မိသည်။

လမ်းတလျှောက်လုံး သွေးရထားအကြောင်းကိုသာ စဉ်းစားလာခဲ့သည်။

သွေးရထားကို မည်သို့ရင်ဆိုင်ရမည်နည်း။

မြို့ရွာအုပ်ချုပ်ရေးအဖွဲ့များကလည်း သွေးရထားကို အလိုရှိနေကြသည်။

ရပ်ရွာအေးချမ်းရေးကို ခြိမ်းခြောက်နေသော သွေးရထားအား မဖြစ်ဖြစ်သည့်နည်းဖြင့် စုံစမ်းဖော်ထုတ်ရန် နေပြည်တော်မှလည်း အမိန့်တရပ် ချမှတ်လိုက်ပြီ ဖြစ်သည်။

တရားမျှတမှုကို လိုလားသော သိုင်းသမားများကလည်း အသက်ကို ပဓာနမထားဘဲ သွေးရထားကို ဖော်ထုတ်ရန် ကြိုးစား



လျက် ရှိနေကြပေပြီ။

လွန်ခဲ့သော နှစ်ပေါင်း (၄၀)ခန့်က ပျောက်ကွယ်သွားခဲ့သော သွေးရထားသည် ယခုအချိန်၌ မည်သို့သော ရည်ရွယ်ချက်ဖြင့် ပေါ်ထွက်လာရပါသနည်း။

လူတိုင်းက သိချင်နေပြီ ဖြစ်သည်။

မည်သို့ဆိုစေ သွေးရထားကား လွန်စွာလျှို့ဝှက်ဆန်းကြယ်လှသည်။

ရှုပ်ထွေးခက်ခဲသော ပဟေဠိ ပုစ္ဆာတစ်ပုဒ်ပမာ လူတိုင်း၏ နှလုံးသား၌ ကိန်းဝပ်နေချေပြီတည်း။

* * *

## အန္တရာယ်ကြားမှ ရင်ခုန်သံ

ရှန့်ယန်းမြို့...

ရှန့်ယန်းမြို့သည် ရှေးဟောင်းမြို့ကြီးတစ်မြို့ ဖြစ်၏။

တောင်နှစ်တောင်အကြားတွင် တည်ရှိပြီး မြို့၏အရှေ့ဘက်တွင် ဟန်ချွေမြစ် ရှိ၏။

ရှန့်ယန်းမြို့သို့ ရေကြောင်းမှလည်းကောင်း၊ ကုန်းကြောင်းမှလည်းကောင်း လွယ်လင့်တကူ ဝင်ထွက်သွားလာနိုင်သည်။

တောင်ပေါ်မြေပြန့် ကူးလူးဆက်ဆံရောင်းဝယ်ရာမြို့ ဖြစ်ခြင်းကြောင့်လည်း ရှန့်ယန်းမြို့သည် အစဉ်သဖြင့် စည်ကားလျက် ရှိနေသည်။

ဖန်ကိုညင်သည် မြို့တွင်းသို့ ဝင်ရောက်မိသည်နှင့် လှပသော ရှေးဟောင်းအဆောက်အအုံများကြောင့် ဟိုကြည့်သည်ကြည့်ဖြင့် တငေးတည်းငေးမောနေမိလေတော့သည်။

လမ်းပေါ်မှာ လူများဖြင့် စည်ကားနေရာ ဖန်ကိုညင်သည် ရှုပ်ထွေးသော လူများအကြား၌ ယောင်လည်လည်ဖြင့် တိုးဝှေ့လျှောက်လှမ်းလျက် ရှိသည်။

တစ်နေရာအရောက်၌ စားသောက်ဆိုင်တစ်ဆိုင်ကို မြင်တွေ့လိုက်ရသည်။

လှလှပပ သေသေသပ်သပ် ပြင်ဆင်ထားသည့်အတွက် ဖန်ကိုညင် တစ်ခုခု ဝင်စားရန် ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် ဆိုင်တွင်းသို့ တန်းတန်းမတ်မတ် ဝင်ရောက်သွားလေသည်။

ဆိုင်ထဲ၌ စားသောက်နေသူ တစ်ဦးတစ်ယောက်မျှ မရှိချေ။

ဖန်ကိုညင်မှာ ကြောင်အမ်းအမ်း ဖြစ်သွားရသည်။

သို့သော် ဝင်မိလက်စနှင့် မထူးတော့သဖြင့် အပေါ်ထပ်သို့ တက်လိုက်သည်။

လှေကားထိပ်၌ ဝတ်စုံဖြူဖွေး ဝတ်ဆင်ထားသော လူတစ်ယောက် မားမားကြီးရပ်လျက် ရှိနေသည်ကို တွေ့ရသည်။

ထိုသူ၏မျက်နှာ၌ မုတ်ဆိတ်မွေးများ ထူလပျစ် ရှိနေသည်။

သူ၏ဝင့်ကြွားသော အသွင်အပြင်က သိုင်းသမားတစ်ဦး ဖြစ်ကြောင်း သိသာစေသည်။

ဖန်ကိုညင်၏ လက်တစ်ဘက်သည် ဓားရိုးပေါ်သို့ အမှတ်တမဲ့ ရောက်ရှိသွားသည်။

သို့သော် လှေကားထိပ်မှ လူ၏ဟန်မူရာက ရန်မူလိုသည့် အရိပ်အရောင် မရှိပေ။

ထိုသူသည် ဖန်ကိုညင်အား ပြုံးပြကာ လက်နှစ်ဘက်ဆုပ်၍ ဦးညွှတ်လိုက်သည်။

"ထိုင်ပါ ဖန်သခင်လေး"

မုတ်ဆိတ်နှင့်လူ၏ ခရီးဦးကြိုပြုမှုကြောင့် ဖန်ကိုညင်မှာ အူကြောင်ကြောင် ဖြစ်သွားရသည်။



ယောင်ယောင်မှားမှားဖြင့် နီးစပ်ရာ စားပွဲဝိုင်း၌ ဝင်ထိုင်လိုက်မိသည်။

ထိုသူသည် မိမိ၏အမည်အား မည်သို့ သိရှိနေခဲ့ပါသနည်း။

ဖန်ကိုညင် မတွေးတောတတ်အောင် ဖြစ်နေသည်။

ထိုစဉ် မုတ်ဆိတ်နှင့်လူက လက်ခုပ်နှစ်ချက် တီးလိုက်၏။

မရှေးမနှောင်းမှာပင် ဝတ်စုံဖြူနှင့် လူ ၅ ယောက်သည် အငွေ့တထောင်းထောင်းထနေသော စားသောက်ဖွယ်ရာများကို ယူဆောင် ထွက်ပေါ်လာကြသည်။

ထို့နောက် ဖန်ကိုညင်၏ စားပွဲ၌ ချကာ ပြန်လည်ထွက်ခွာသွားကြသည်။

"ကိုင်း... အားမနာတမ်း စားပါ ခင်ဗျာ"

မုတ်ဆိတ်နှင့်လူက ကျိုးနွံသော လေသံဖြင့် လှမ်းပြောသည်။

ဖန်ကိုညင်မှာ ဆာလောင်မွတ်သိပ်နေပြီဖြစ်၍ ဣန္ဒြေမျှပင် မဆည်နိုင်တော့။

ပလုပ်မလောင်း စားသောက်လေတော့သည်။

"ဖန်ကိုညင်ဆိုတာ ရှင်လား"

ကြည်လင်ဝီသ၍ ဆည်းလည်းသံနှယ် သာယာသော အသံကြောင့် ဖန်ကိုညင်သည် စားသောက်နေရာမှ ဖြတ်ခနဲ ခေါင်းမော့ကြည့်သည်။

မလှမ်းမကမ်းတွင် လွန်စွာလှပသော မိန်းကလေးတစ်ယောက် ရပ်နေသည်ကို မြင်တွေ့ရသည်။

ဖန်ကိုညင်၏တစ်သက်တာ၌ ဤမျှ လှပသော မိန်းကလေးကို ယခုမှသာ မြင်တွေ့ဖူးခြင်း ဖြစ်သည်။

ထို့ကြောင့် မင်သက်ငေးမောနေမိသည်။

"ဘယ်လိုလဲ ရှင် နားလေးနေသလား"

မိန်းကလေးသည် စိတ်မရှည်သော လေသံဖြင့် ပြောယင်း လှစ်ခနဲဆိုသလို ဖန်ကိုညင်ရှေ့ ရောက်လာသည်။

ပျံလွှားငှက်တစ်ကောင်နှင့်ပင် တူနေသည်။

ကိုယ်ဖော့ပညာ အဆင့်မြင့်သူဖြစ်ကြောင်း ပြောစရာမလို၊ လှုပ်ရှားမှုက သက်သေပြနေချေသည်။

"တယ်ကောင်းတဲ့ ကိုယ်ဖော့ပညာပါလား"

ဖန်ကိုညင် လွှတ်ခနဲရေရွတ် ချီးကျူးလိုက်မိသည်။

မိန်းကလေးက နဖူးပေါ် လွင့်ပျံနေသည့် ဆံပင်ကို ခေါင်းကလေးယမ်းလျက် သပ်တင်လိုက်သည်။

ထို့နောက် နှုတ်ခမ်းစူယင်း...

"ရှင် ချီးကျူးစရာ မလိုပါဘူး"

ထိုစဉ် နံဘေးမှရပ်နေသော လူတစ်ယောက်က အခြေအနေ တင်းမာသွားမည်ကို မလိုလား၍ ဝင်ပြောလိုက်သည်။

"ဖန်သခင်လေးလား ခင်ဗျာ"



ဖန်ကိုညင် ဦးညွှတ်လိုက်ပြီး...

"ဟုတ်ကဲ့ ဦးရဲ့နာမည်တဆိတ်လောက် သိပါရစေ"

"စင်ချင်ဟိုင်ပါ"

မုတ်ဆိတ်နှင့်လူက မဆိုင်းမတွပင် ပြောပြလိုက်သည်။

"ဒါနဲ့ ဖန်သခင်လေး ဘာများ လိုအပ်ပါသေးသလဲ"

"ကျေးဇူးတင်ပါတယ်၊ ဘာမှ မလိုအပ်တော့ပါဘူး"

"ကျွန်တော်တို့မြို့ကို ရောက်လာရတာ ကိစ္စအထူးများ ရှိနေလို့လား"

စင်ချင်ဟိုင်၏အမေးကြောင့် ဖန်ကိုညင်၏မျက်နှာမှာ နေထိပန်းကဲ့သို့ ညှိုးလျော်သွားသည်။

သူသည် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ဝမ်းနည်းကြေကွဲစွာပင် ပြန်လည် ပြောပြလိုက်သည်။

စင်ချင်ဟိုင် စိတ်မကောင်းသည့် အသွင်ဖြင့် ခေါင်းတညိတ်ညိတ် နားထောင်လေသည်။

ဖန်ကိုညင်၏ စကားဆုံးသည့်အခါမှ စင်ချင်ဟိုင်က စားသောက်ဆိုင်အကြောင်းကို ပြန်လည်ရှင်းပြသည်။

"ဒီဆိုင်ဟာ ကျွန်တော်တို့ ဝေဟင်ဂိုဏ်းရဲ့ နှစ် ၂၀ ပြည့် အထိမ်းအမှတ်နဲ့ ဖွင့်ထားတာပါ၊ ဒီနေ့ ရောက်လာတဲ့ ဧည့်သည်မှန်သမျှကို ကျွန်တော်တို့က အခကြေးငွေမယူဘဲ ကောင်းမွန်စွာ ဧည့်ခံပါ့မယ်"

ဖန်ကိုညင်က...

"ဦးက ဝေဟင်ဂိုဏ်းမှာ အရေးပါအရာရောက်တယ်နဲ့ တူတယ်"

စင်ချင်ဟိုင်က ဦးညွှတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်က ဝေဟင်ဂိုဏ်းရဲ့ အလံဖြူထိန်းတယောက်ပါ"

ဖန်ကိုညင်နှင့် စင်ချင်ဟိုင်တို့ ယင်းသို့ ပြောဆိုနေကြစဉ် လှေကားပေါ် တက်လာသော ခြေသံများ ကြားလိုက်ရသည်။

ရှေ့သည်လာချေပြီ။

မည်ကဲ့သို့သော ရှေ့သည်များပေနည်း။

ဖန်ကိုညင်သည် စူးစမ်းသည့်အကြည့်ဖြင့် လှေကားဆီသို့ လှမ်းမျှော်ကြည့်ရှုလိုက်လေသည်။

* * *



လှေကားပေါ် တက်လာသူမှာ ဝတ်စုံဖြူဝတ်ဆင်ထားသည့် လူငယ်တစ်ယောက် ဖြစ်သည်။

ရုပ်ရည်ချောမောၡ၏။

သို့သော် မာန်မာနထောင်လွှားလိုမှုသည် သူ့မျက်နှာ၌ ထင်ဟပ်လျက်ရှိကြောင်း ဖန်ကိုညင် သတိပြုမိသည်။

လူငယ်နှင့်အတူ သူ၏အဖွဲ့သားတစ်စုသည် ခြေသံပြင်းပြင်းဖြင့် ဝင်ရောက်လာကြသည်။

ရုတ်တရက်ဆိုသလိုပင် လူငယ်နှင့် လိုက်ပါလာကြသူများသည် ဓားကိုယ်စီထုတ်လျက် ဖန်ကိုညင်အား ဝိုင်းရံလိုက်ကြလေသည်။

"စောစောက သွေးရထားဆိုတဲ့အသံ ကြားလိုက်ရတယ်၊ ခု သွေးရထား ဘယ်ရောက်နေလဲ၊ ပြောစမ်း မြန်မြန်"

တင်းမာခက်ထန်သော လေသံဖြင့် ပြောလိုက်သော်လည်း လူငယ်၏လေသံက သေးသေးကြောင်ကြောင် ဖြစ်သည်။

ဖန်ကိုညင်သည် လူငယ်အား နားမလည်နိုင်ဟန်ဖြင့် ငေးကြည့်နေမိသည်။

လူငယ်၏လက်ချောင်းကလေးများကား ဖျော့ဖယောင်းနယ် နူးညံ့လှသည်။

"ဟိတ်၊ မေးနေတာ မကြားဘူးလား၊ သွေးရထား ဘယ်ရောက်နေတယ်ဆိုတာ"

"နေစမ်းပါအုံး၊ မင်းက ဘာဖြစ်လို့ ဒီလောက် စိတ်တိုနေရတာလဲ၊ ဧည့်သည်တစ်ယောက်ကို ဒီလိုပဲ ရိုင်းရိုင်းပျပျ ဆော်ကားရသလား"

ဖန်ကိုညင်က စိတ်ပေါက်ပေါက်နှင့် ပြန်၍ အော်ငေါက်ပြောဆိုလိုက်သည်။

"အေး... မင်း ဒီလောက် ခေါင်းမာနေယင် ပြောအောင်လုပ်ရသေးတာပေါ့"

"ဟား...ဟား...ဟား၊ မင်း အတော်အပြောကြီးတဲ့ကောင်ပါလား"

လူငယ်သည် ဖန်ကိုညင်၏စကားကြောင့် အသားများ ဆတ်ဆတ်တုန်အောင် ဒေါသထွက်လာသည်။

ဒေါသစိတ်ကို လုံးဝမထိန်းနိုင်တော့ အတွင်းအားများကို လက်ငါးချောင်း၌ စုစည်းပြီး ဖန်ကိုညင်၏မျက်နှာပေါ်သို့ ဆွဲကုတ်ချလိုက်သည်။

တိုက်ကွက်က မမျှော်လင့်ဘဲ လျှပ်တပြက် ဝင်ရောက်လာသောကြောင့် ဖန်ကိုညင် မည်သို့မျှ ခုခံနိုင်စွမ်း မရှိချေ။

ကိုယ်ခန္ဓာကို ဘယ်ဘက်သို့ လှိမ့်ချလိုက်ရသည်။

လက်ငါးချောင်းက သူ့မျက်နှာနှင့် သီသီကလေး လွဲချော်သွားသည်။

သို့သော် ပြင်းထန်လှသော အရှိန်ကြောင့် ဖန်ကိုညင်၏မျက်



နှာကို လေဟာပ်သွားသည်။

စပ်ဖျဉ်းဖျဉ်း ဝေဒနာကို ခံစားလိုက်ရသည်။

လေဟပ်ရုံဖြင့် ဤသို့ ခံစားရလျှင် လက်ချောင်းနှင့် ထိတွေ့မိပါက ဆိုဖွယ်ရာ ရှိတော့မည် မဟုတ်ချေ။

"အား...ကောင်းလိုက်တဲ့ အတွင်းအားပါလား"

ဖန်ကိုညင်၏နှုတ်မှ လွှတ်ခနဲ ရေရွတ်လိုက်မိသည်။

လူငယ်မှာမူ သူတိုက်လိုက်သည့် တိုက်ကွက် အချည်းနှီးဖြစ်သွားသောကြောင့် ပို၍ ဒေါသထွက်သွား၏။

နောက်ထပ်တဖန် လက်ပြန်ကုတ်ဆွဲလိုက်သည်။

လျှပ်ပြက်သလို မြန်ဆန်လှသောကြောင့် ဖန်ကိုညင် ရှောင်တိမ်းချိန် မရလိုက်တော့ချေ။

အနီးရှိ ခွေးခြေတလုံးနှင့် ဆီးကာလိုက်ရသည်။

'ဂျွိ'ခနဲ အသံ မြည်သွားသည်။

ဖန်ကိုညင် ကမန်းကတန်း လှမ်းကြည့်လိုက်သည်။

ခွေးခြေတွင် လက်ငါးချောင်းရာ ထင်သွားသည်။

ဖန်ကိုညင် မျက်နှာပျက်သွားသည်။

ရင်ထဲ၌လည်း ထိတ်ခနဲ ဖြစ်သွားသည်။

လူငယ်၏လက်ချောင်းများက သံချွန်လက်နက်များပမာ ကြောက်မက်ဖွယ်လိလိဖြစ်ကြောင်း သိရှိလိုက်သောကြောင့် ဖြစ်သည်။

ဖန်ကိုညင် သွေးမအေးရဲတော့ချေ။

သံပြား ပူပေါ်ကျသော ငါးတစ်ကောင်ကဲ့သို့ ဖြတ်ခနဲ ထခုန်လိုက်သည်။

ထိုစဉ်မှာပင် လူငယ်၏လက်ထဲ၌ ဖဲကြိုးလိုလို အရာဝတ္ထု တစ်ခုက ရောက်ရှိနေပြန်သည်။

လူငယ်က လက်ကို တစ်ချက်လှုပ်ရှားလိုက်ရာ ဖဲကြိုးလိုလို အရာဝတ္ထုသည် တဗိုဗိုအော်မြည်ကာ ဖန်ကိုညင်၏ရှေ့သို့ ရောက်ရှိလာသည်။

မြွေတစ်ကောင်ပမာ လှုပ်ယမ်းလျက် ရှိသည်။

ဖန်ကိုညင် ဘာလုပ်ရမှန်းမသိဘဲ ကြောင်အမ်းအမ်း ဖြစ်နေစဉ် ဖဲကြိုးသည် တဖြည်းဖြည်း စက်ဝိုင်းပုံသဏ္ဌာန် ပြောင်းလဲသွားသည်။

ဖန်ကိုညင်ကို ရစ်ပတ်တော့မည့်ဟန် ရှေ့သို့ တရွေ့ရွေ့ တိုးကပ်လာသည်။

ဖန်ကိုညင်သည် နောက်သို့ ခြေလှမ်းငါးလှမ်းဆုတ်လိုက်ရသည်။

ဖဲကြိုးက ဝှေ့ယမ်းလည်ပတ်ယင်း ရှေ့သို့ ထပ်မံတိုးလာသည်။

ဖန်ကိုညင်သည် သူ့အနား ရောက်လာသည့် ဖဲကြိုးကို ဓားဖြင့် ခုတ်ပိုင်းလိုက်သည်။



သို့သော် ဖဲကြိုးက သက်ရှိမြွေတစ်ကောင်ပမာ လျှောထွက်သွားသည်။

တဆက်တည်းမှာပင် ဟာသွားသော ဖန်ကိုညင်၏ ခန္ဓာကိုယ် အထက်ပိုင်းဆီသို့ တိုးဝင်လာသည်။

ဖန်ကိုညင်က ဓားကို တရစပ် ဝှေ့ယမ်းလိုက်သည်။

ဖဲကြိုးမှာ လက်လေးသစ်ခန့် ပြတ်ထွက်သွားသည်။

သို့သော် ကျန်သော ဖဲကြိုးသည် ဓားရှည်တစ်လက်ပမာ ဖန်ကိုညင်၏ရင်ဝဆီသို့ တိုးဝင်လာသည်။

ဖန်ကိုညင်က ဓားဦးဖြင့် ရင်ဝသို့ ဝင်လာသည့် ဖဲကြိုးကို ရစ်ပတ်ဆွဲလှည့်လိုက်သည်။

သို့သော် ဖဲကြိုး၏ တုန်ခါမှုအရှိန်က ပြင်းထန်သဖြင့် ဖန်ကိုညင်နောက်သို့ ခုန်ဆုတ်လိုက်ရသည်။

"အား...၊ မလွယ်ပါလား"

ဖဲကြိုးသည် မြွေတစ်ကောင်ကဲ့သို့ လှုပ်ရှားနိုင်၏။

ပဝါပါးကဲ့သို့လည်း ဖြစ်နိုင်သည်။

ဓားရှည်တစ်လက်ပမာလည်း အသုံးပြုနိုင်သည်။

ဖဲကြိုးကို လိုသလို ကိုင်တွယ်အသုံးချနိုင်သော လူငယ်၏ ပညာကား အံ့မခန်းပင် ဖြစ်သည်။

ဖန်ကိုညင်က လူငယ်ကို တစ်ချက်အကဲခတ်ကြည့်လိုက်သည်။

"အင်း... သူ့ကိုယ်လုံးဆီရောက်အောင် ဝင်နိုင်ယင်တော့ ဖိုးဖဲကြီးကို ငါကြောက်စရာမလိုဘူး"

ဖန်ကိုညင်၏အကြံကို လူငယ်ကလည်း ရိပ်စားမိဟန်တူသည်။

ဖဲကြီးသည် တခဏအတွင်း စက်ဝိုင်းပုံသဏ္ဍာန် ပြောင်းလဲသွားသည်။

ထိုစက်ဝိုင်းပုံသဏ္ဍာန် ဖဲကြီးအတွင်းသို့ တိုးဝင်ရန် မဖြစ်နိုင်တော့ချေ။

ထိုမျှသာမကချေ။

စက်ဝိုင်းပုံဖဲကြီးသည် တရစ်ပြီး တရစ် ရှေ့သို့ဝိုးလာကာ ဖန်ကိုညင်၏ကိုယ်ခန္ဓာကို ရစ်ပတ်ရန် ကြိုးစားသည်။

ထိုအချိန်တွင် ဖန်ကိုညင်သည် အကြံတစ်ခုရရှိပြီး စားပွဲအောက်သို့ လျှိုဝင်ကာ စားပွဲကို ခေါင်းနှင့်ရွက်လိုက်သည်။

စားပွဲမျက်နှာပြင်က အတန်ငယ် ကျယ်ဝန်း၏။

လူငယ်ဆီမှ ဖဲကြီးသည် စားပွဲမျက်နှာပြင်ပေါ်သို့ ကျရောက်လာသည်။

ဖဲကြီးအရှိန် ရပ်တန့်သွားသည်။

ယင်းအခိုက် ဖန်ကိုညင်သည် လက်ထဲမှဓားကို မြက်ဖယ်မြေခုတ်နည်းဖြင့် ဖဲကြီးကို ခုတ်ချလိုက်လေတော့သည်။

ဖဲကြီးသည် အပိုင်းပိုင်း ပြတ်သွားလေသည်။



တဒင်္ဂအတွင်း ရရှိလိုက်သည့် အခွင့်အရေးကို ဖန်ကိုညင် လက်လွှတ်မခံချေ။

သူ့ဓားသည် ရုတ်ခြည်းဆိုသလို လူငယ်၏ ခေါင်းဆောင်းပဝါဆီ ရောက်သွားသည်။

လူငယ်က ဖြတ်ခနဲ ရှောင်လိုက်သည်။

ထိုအခါ ခေါင်းဆောင်းပဝါသည် ဓားဦးနှင့် ငြိပါလာသည်။

ရှည်လျားနက်မှောင်သော ဆံပင်များသည် လူငယ် ပခုံးပေါ်သို့ ဖွာရာကျဲ ကျရောက်လာသည်။

"ဟင်... မင်း...မင်း"

ဖန်ကိုညင်၏ မျက်လုံးအစုံမှာ ရုတ်တရက် ပြူးကျယ်သွားသည်။

အံ့ဩလွန်းသောကြောင့် ဘာဆက်ပြောရမှန်း မသိအောင် ဖြစ်သွားသည်။

အကြောင်းမှာ သူ့အား တိုက်ခိုက်နေသူသည် ယောကျ်ားမဟုတ်ဘဲ မိန်းမပျိုတဦး ဖြစ်နေသောကြောင့်တည်း။

မိန်းကလေးမှာ ရှက်လည်းရှက် ဒေါသလည်းထွက် ဖြစ်ကာ စားပွဲခုံကို ရွက်ထားသော ဖန်ကိုညင်အား လက်ဝါးချောင်းဖြင့် ဇွေ့ယမ်းတိုက်ခိုက်လိုက်သည်။

ဖန်ကိုညင်၏ နံကြားတစ်နေရာတွင် ဖိအားတခု ဝင်ရောက်လာသလို ခံစားလိုက်ရသည်။

ရုတ်ခြည်းဆိုသလိုပင် ဖန်ကိုညင်၏ခြေနှစ်ဘက်သည် ပျော့ခွေညွတ်ကျသွားတော့သည်။

"ဝုန်း"

စားပွဲအောက်သို့ ဖန်ကိုညင် လဲကျသွားသည်။

ထိုအခြင်းအရာကို မြင်ရသော စင်ချင်ဟိုင်သည် ကပျာကယာ ဝင်ရောက်ဟန့်တားလိုက်သည်။

"သခင်မလေး လက်လွန်သွားပါအုံးမယ် သတိထားပါ"

စင်ချင်ဟိုင်က ပျာပျာသလဲ ဝင်ရောက်ဟန့်တားလိုက်ရာ မိန်းကလေးသည် ဒေါသမပြယ်သော မျက်လုံးဖြင့် ပြန်လည်စူးစိုက်ကြည့်လိုက်သည်။

"ဘာလဲ ကျွန်မကို အမိန့်ပေးတာလား၊ ဘယ်သူကများ ကျွန်မကို အမိန့်ပေးလို့ ရဖူးသလဲ"

"ခွင့်လွှတ်ပါ သခင်မလေး၊ သူကြည့်ရတာ ရန်သူ မဟုတ်နိုင်ပါဘူး၊ ထင်ရှိဂိုဏ်းက ဖြစ်မယ်၊ မဖြစ်သင့်တာတွေ ဖြစ်မှာစိုးလို့ ကျွန်တော် တောင်းပန်တာပါ"

မိန်းကလေးက ကြမ်းပြင်ပေါ် လဲကျနေသော ဖန်ကိုညင်ကို လှမ်းကြည့်လိုက်သည်။

"သြော် လက်စသတ်တော့ ထင်ရှိဂိုဏ်းကကိုး"

"ဟုတ်ပါတယ် သခင်မလေး၊ သိုင်းလောကမှာ ကိုယ်က သူများကို လေးစားမှ သူများက ကိုယ့်ကို ရိုသေကြမှာပါ"



စင်ချင်ဟိုင်က မိန်းကလေးအား ဒေါသပြေစေရန် ဖျောင်းဖျသည်။

သို့သော် သူ့စကားကြောင့် မိန်းကလေးက ပို၍ ဒေါသထွက်သွားသည်။

"ဘာပြောတာလဲ၊ ဦးကြီးစကားက ကျွန်မကပဲ မိုက်ရိုင်းသလို ဖြစ်နေပါလား၊ ကျွန်မက လူတစ်ဘက်သားအပေါ် ဂရုမစိုက် မလေးစားတတ်တဲ့ မိန်းကလေးမို့လား၊ စကားပြောယင် ကြည့်ပြောပါ ဦးကြီး"

မိန်းကလေးက မကျေမနပ် ဖြစ်နေမိသည်။

စင်ချင်ဟိုင်မှာမူ နှုတ်ဆိတ်နေလေတော့သည်။

* * *

"တစ်ယောက်နဲ့တစ်ယောက် ရန်မီးမပွားအောင် နေကြတာ ပိုကောင်းပါတယ်"

စင်ချင်ဟိုင်က မိန်းကလေးကို ဖျောင်းဖျစကားဆိုသည်။

သို့သော် စကားဆုံးအောင် မပြောလိုက်ရချေ။

အောက်ထပ်မှ ဆူညံသံများ ကြားလိုက်ရသည်။

စင်ချင်ဟိုင်သည် ရုတ်ခြည်းဆိုသလို လှေကားထိပ်သို့ သွားရောက်ကာ အောက်သို့ ငုံ့ကြည့်လိုက်သည်။

အဝတ်အစား တောက်တောက်ပြောင်ပြောင်နှင့် ခန့်ညားသော လူတစ်ယောက် လျင်မြန်သော အဟုန်ဖြင့် အပေါ်ထပ်သို့ ရောက်ရှိလာသည်။

ထိုသူသည် စင်ချင်ဟိုင်ကို ဦးညွှတ်လိုက်ပြီး...

"အလံထိန်းကြီး ကျုပ်ကို မမှတ်မိတော့ဘူးလား"

"ဩော် ညံ့ သခင်လေးပါလား"

ထိုအချိန်တွင် လူနှစ်ယောက်က သွေးကြောပိတ်ခံထားရသော ဖန်ကိုညင်ကို ယင်းကာကာထားသည့် အခန်းတစ်ခုထဲသို့ ပို့လိုက်သည်။

ထိုသူနှစ်ယောက်သည် ဖန်ကိုညင်ကို ပို့ပြီးနောက် ပြန်ထွက်မသွားဘဲ နံဘေး၌ ရပ်စောင့်နေကြသည်။

* * *



"ရှင် စကားပြောတာ ကြည့်ပြောပါ"

အပြင်ဘက်မှ ထွက်ပေါ်လာသော မိန်းကလေး၏ အသံဖြစ်သည်။

ဖန်ကိုညင်သည် သွေးကြောပိတ် ခံထားရသောကြောင့် တစ်ကိုယ်လုံး မလှုပ်ရှားနိုင်သော်လည်း အရာအားလုံးကို မြင်သည်။

အသံအားလုံးကို ကြားသည်။

အခန်းဝမှ ယင်းကာကို ထွင်းဖောက်၍ အပြင်သို့ လှမ်းကြည့်ယင်း အသံကို နားစွင့်နေမိလေသည်။

"အို... ညီမလေးရှမ်းမိုကလဲ ဘာဖြစ်လို့ ဒီလောက်တောင် ဒေါသကြီးနေရတာလဲ၊ ဟိုး လွန်ခဲ့တဲ့ ၁၀– နှစ်လောက်က ညီမလေးရဲ့ လက်ဖဝါး နုနုလေးကို ဆွဲပြီး အစ်ကိုကြီးတို့ လျှောက်လည်ခဲ့ကြတာ မေ့သွားပြီလား"

အပေါ်ထပ်သို့ တက်လာသော အဝတ်အစား တောက်တောက်ပြောင်ပြောင်နှင့်လူ၏ စကားသံ ဖြစ်သည်။

လေသံက မခိုးမခန့်နှင့် ပိုင်စိုးပိုင်နင်း နိုင်လှသည်။

ရှမ်းမိုအမည်ရှိ မိန်းကလေးကို မရမက ပိုးပန်းအရယူမည့်သူ ဖြစ်ကြောင်း သူ၏လေသံက သိသာထင်ရှားစေသည်။

ရှမ်းမိုဟူသည့် မိန်းကလေးကား ဖန်ကိုညင်ကို သွေးကြောပိတ်ခဲ့သော မိန်းကလေးပင် ဖြစ်သည်။

"ညီမလေးက သိပ်ပြီး လှနေတာကိုး၊ ဒါကြောင့်လဲ ယောကျ်ားတိုင်းဟာ ညီမလေးနားက တဖဝါးမှ မခွာနိုင်ကြတာကိုး"

"ရှင် စကားကောင်းကောင်း ပြောပါ"

ရှမ်းမိုက မကျေမနပ်သံဖြင့် ပြန်လည် အော်ငေါက်လိုက်သည်။

ဤတွင် အလံဖြူထိန်း စင်ချင်ဟိုင်သည် မနေသာတော့ဘဲ ကြားဝင်ပြောဆိုရလေတော့သည်။

"ဒါနဲ့ ညံသခင်ရဲ့ဖခင် ကျန်းကျန်းမာမာပဲလား"

"ဟုတ်ကဲ့၊ ကျုပ်ရဲ့ဖခင် ကျန်းမာ ပကတိ ချမ်းသာစွာ ရှိပါတယ် ခင်ဗျား"

ညံသခင်လေးက ပျက်ချော်ချော် လေသံဖြင့် ပြောယင်း ရှမ်းမိုရှေ့သို့ လျှောက်သွားသည်။

အံချိုသာဆုံး ပြုံးပြလိုက်ပြီး...

"ညီမရဲ့ အဖေကော နေကောင်းတယ် မဟုတ်လား။ ညီမရဲ့ အဖေနဲ့ တိုင်ပင်စရာ ရှိသေးတယ်ကွယ်"

"ဟုတ်ကဲ့ နေကောင်းပါတယ် ညံသခင်လေး"

ရှမ်းမိုကိုယ်စား စင်ချင်ဟိုင်က ဝင်ဖြေလိုက်ခြင်း ဖြစ်သည်။

ညံသခင်လေး မကျေမနပ် ဖြစ်သွားသည်။

"ကျုပ် အခု ဒီကို ရောက်လာတာက ခင်ဗျားတို့ သခင်ကြီးနဲ့ တွေ့ပြီး ဟောဒီက ညီမနဲ့ စေ့စပ်ကြောင်းလမ်းဖို့ လာခဲ့တာပါ"



"ရှင်နော် စကားကို ပျက်တီပျက်ချော် မပြောနဲ့"

ရှမ်းမိုဓါလေသံက ဒေါသသံ လွှမ်းမိုးနေသည်။

အခြေအနေက ရုတ်ခြည်းတင်းမာလာတော့မည့် အနေအထားတွင် ရှိသည်။

"သခင်ကြီးနဲ့ တိုက်ရိုက်စကားပြောတာ ပိုကောင်းပါလိမ့်မယ် ညံသခင်လေး"

စင်ချင်ဟိုင်က မနေသာတော့ဘဲ ကြားဝင်ပြောလိုက်လေသည်။

"ဘာလဲ... ခင်ဗျား သခင်မလေးနဲ့ ပြဿနာတက်မှာ စိုးပြီး ကျုပ်ကို ပထုတ်တာလား"

ညံသခင်လေးက စင်ချင်ဟိုင်ကို ခက်ထန်စွာ လှမ်းကြည့်ယင်း ပြော၏။

စင်ချင်ဟိုင် အသာ ငြိမ်နေလိုက်သည်။

ဘာမျှ ပြန်မပြော။

ညံသခင်လေးက စကားဆက်သည်။

"ခင်ဗျားတို့ သခင်ကြီးက မနက်ကတည်းက ခရီးထွက်သွားတာ ကျုပ်သိတယ်၊ ရက်စက်ကြမ်းကြုတ်တဲ့ လင်မယားနှစ်ယောက် အကြောင်းကို သွားစုံစမ်းတာ၊ ဒီတော့ ချက်ချင်း ဘယ်ပြန်လာနိုင်မလဲ"

ညံသခင်လေး၏စကားကြောင့် စင်ချင်ဟိုင် အံ့အားသင့်သွား

၏။ စောင်သခင်ကြီး ခရီးထွက်သွားတယ်ဆိုတာ သူသိသည်။

ဘာကြောင့် ထွက်သွားသည်ကို စင်ချင်ဟိုင် မသိပေ။

ထို့ကြောင့် ရက်စက်ကြမ်းကြုတ်သော လင်မယားဟူ၍ ကြားသိလိုက်ရသဖြင့် ပို၍ အံ့အားသင့်သွားရသည်။

ညံသခင်လေးကား မိမိထက် အစစအရာရာ ပို၍ သိနေခဲ့သည်တကား။

"ရက်စက်ကြမ်းကြုတ်တဲ့ လင်မယား ဟုတ်လား"

ညံသခင်လေးက ခပ်ယဲ့ယဲ့ ပြုံးလိုက်သည်။

"ခင်ဗျား သခင်ကြီးက သူတို့အကြောင်း ပြောမပြဘူးလား။ ခုတလော နာမည်အတော်ကြီးနေတာလေ၊ ယောကျ်ားနာမည်က သံရောင်ဝံပုလွေဲ့တဲ့၊ မိန်းမနာမည်က ငွေရောင်မြွေခွေးလို့ ခေါ်တယ်"

"ဘာပဲဖြစ်ဖြစ်လေ ကျုပ်တို့ သခင်ကြီးမှ မရှိဘဲ၊ ဒီတော့ ညံသခင်လေး ပြန်ရုံပေါ့"

စင်ချင်ဟိုင်က လှမ်းပြောလိုက်သည်။

ညံသခင်လေး ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

"ဟား...ဟား...ဟား၊ ကျုပ် လိုချင်တာ ရှိလို့လာတာ လိုချင်တာ မရယင် ကျုပ်မပြန်နိုင်ဘူး"

ညံသခင်လေး မျက်လုံးအစုံက ရှမ်းမိုထံ ရောက်ရှိသွားသည်။

ရှမ်းမိုတစ်ကိုယ်လုံးကို စားမတတ် ဝါးမတတ် အငမ်းမရ



ကြည့်လိုက်လေသည်။

ရှမ်းမိုမှာ ဒေါသထွက်လွန်း၍ အသားများပင် ဆတ်ဆတ်တုန်လာလေသည်။

* * *

"စင်ချင်ဟိုင် သူ့ကို လက်ခံစကား ပြောမနေနဲ့"

ရှမ်းမိုက ဒေါသတကြီး လှမ်းပြောလိုက်သည်။

ညံသခင်လေးက မျက်နှာချိုသွေးသော အပြုံးမျိုးဖြင့် ရှမ်းမိုကို ပြုံးပြသည်။

"အို... ညီမလေးက တယ်လဲ ဒေါသကြီးတာကိုး၊ ကဲ လာပါ ဥယျာဉ်ထဲသွားပြီး ငယ်ငယ်က အကြောင်းတွေ စမြုံ့ပြန်ကြရအောင်"

ညံသခင်လေးက ပြောပြောဆိုဆိုဖြင့် ရှမ်းမို၏လက်ကို ကိုင်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင် ဖဲကြိုးရှည်တစ်ခုသည် ရှမ်းမိုထံမှ စက်ဝိုင်းသဏ္ဍာန် ဖြာထွက်လာသည်။

အခန်းတွင်းမှ အကဲခတ် ကြည့်ရှုနေသော ဖန်ကိုညင်သည် ဖဲကြိုးကို မြင်လိုက်ရသည်နှင့် ရင်ထိတ်သွား၏။

ဖဲကြိုးသည် စက်ဝိုင်းပုံသဏ္ဍာန် ဖြာထွက်လာယင်း လေထဲ၌ တဝီဝီအော်မြည်လျက် ရှိသည်။

"အင်း... ဒီလူတော့ ဒုက္ခရောက်တော့မှာပဲ"

ဖန်ကိုညင်၏ စိတ်ထဲမှ ကြိတ်၍ မှတ်ချက်ချလိုက်မိသည်။

သို့သော် ဖန်ကိုညင် အစိုးရိမ်ကြီးသလောက် ညံသခင်လေးမှာ အပြုံးအရယ် မပျက်ချေ။

တိုက်ခိုက်လာသော ဖဲကြိုးကို ရှောင်တိမ်းခြင်း မပြုဘဲ လက်နှင့်တစ်ချက် ဝှေ့ယမ်းလိုက်သည်။



ထိုအခါ ဖဲကြိုးကလေးသည် သူ၏လက်ထဲသို့ ရောက်ရှိသွားလေတော့သည်။ ညံသခင်လေးသည် လက်ထဲရောက်လာသည့် ဖဲကြိုးကို ခပ်ဖွဖွကလေး နမ်းရှိုက်သည်။

"ဟာ... တယ်မွှေးပါလား၊ ဖဲကြိုးလေးတောင် ဒီလောက်မွှေးနေယင် ညီမလေးရဲ့..."

ညံသခင်လေး၏ သိုင်းပညာက လွန်စွာ ထက်မြက်နေသဖြင့် အံကိုသာ တင်းတင်းကြိတ်မိရှာသည်။

ခန်းမထဲရှိ လူများသာမက အခန်းထဲရှိ ဖန်ကိုညင်ပါ ညံသခင်လေး၏ထက်မြက်သော သိုင်းပညာကို အံ့အားသင့်နေမိသည်။

ရှမ်းမိုမှာ ရှက်လည်းရှက် မျက်နှာလည်း ပျက်နေသည်။

ညံသခင်လေးက သူမအား ခပ်ပြုံးပြုံးလှမ်းကြည့်ယင်း...

"အို... ညီမကလည်း ဒီဖဲကြိုးလေး အစ်ကိုကြီးကို လက်ဆောင်ပေးတဲ့ဥစ္စာ ဘာဖြစ်လို့ ရှက်နေရတာလဲ"

ဤတွင် ဘေးမှ ရပ်ကြည့်နေသော စင်ချင်ဟိုင်သည် ညံသခင်လေး၏စော်ကားမှုကို လုံးဝသည်းမခံနိုင်လောက်အောင် ဖြစ်လာရလေတော့သည်။

"ညံသခင်လေးရဲ့ အဆင့်မြင့် သိုင်းပညာကို ကျုပ်အနေနဲ့ တစ်ကွက်နှစ်ကွက်လောက် စမ်းကြည့်ပါရစေ"

ထိုသို့ပြောယင်း စင်ချင်ဟိုင်သည် ရှေ့သို့ တိုးထွက်လိုက်လေတော့သည်။

ညံသခင်လေးဆိုသူကား လူထူးလူဆန်းလေးဖော် အနွယ်ဝင် တောင်ပင်လယ်ကျွန်းမှ ညံဆောင်းမောင်၏ တစ်ဦးတည်းသောသား ဖြစ်သည်။

သူ၏အမည်မှာ ညံရှိလောင်းဟူ၍ ဖြစ်သည်။

သိုင်းလောက လူငယ်လက်သစ်များထဲတွင် သူ့ကို ယှဉ်ပြိုင်မည့်သူ တစ်ဦးတစ်ယောက်မျှ မရှိသေးချေ။

ညံရှိလောင်းသည် ဖခင်ဖြစ်သူ၏ သိုင်းပညာကို အားလုံးလောက်နီးနီး သင်ယူရရှိထားသောကြောင့် သိုင်းလောကတွင် သူလုပ်ချင်သလို ဖြစ်နေသည်။

သိုင်းလောကသား အတော်များများက သူ၏သိုင်းပညာကို



မလေးစားဘဲ မနေနိုင်ကြပေ။

ဝါရင့်သိုင်းသမားကြီးများနှင့် တန်းတူထား၍ လေးစားကြသည်။

သို့သော် ညံရှိလောင်းမှာ မိန်းကလေးများနှင့် ပတ်သက်လာလျှင် လွန်စွာ ခြေရှုပ်လှသူ ဖြစ်၏။

ထို့ကြောင့် ညံရှိလောင်းဆိုလျှင် အဝေးဝေးက ရှောင်ကြသည်။

ယင်းသို့ နာမည်ပျက်ရှိသောကြောင့် စင်ချင်ဟိုင်သည် ညံရှိလောင်းကို အလိုအကျဘဲ ရှိနေခဲ့သည်။

ယခုကဲ့သို့ မိမိ၏သခင်မလေးကို စော်ကားမော်ကား ပြုမူလာသည့်အခါတွင်မူ စင်ချင်ဟိုင်မှာ ပို၍ စိတ်မထိန်းနိုင်အောင် ခံပြင်းလာမိလေတော့သည်။

ထို့ကြောင့် လှမ်း၍ စိန်ခေါ်လိုက်ခြင်း ဖြစ်သည်။

ညံရှိလောင်းက မခိုးမခန့် အကြည့်ဖြင့် စင်ချင်ဟိုင်ကို လှမ်းကြည့်လိုက်သည်။

"ဦးက ကျွန်တော်နဲ့ ရန်ငြိုးရန်စမှ မရှိဘဲ ဘာဖြစ်လို့ တိုက်ခိုက်ချင်ရတာလဲ၊ မတော်တဆ ထိခိုက်ဒဏ်ရာရသွားယင် ကျွန်တော့်ကို အဆိုးမဆိုနဲ့နော် ဟဲ...ဟဲ...ဟဲ"

ညံရှိလောင်းက ရယ်ကျဲကျဲနှင့် ပြောလိုက်လေသည်။

တဆက်တည်းမှာပင် စင်ချင်ဟိုင်၏ရင်ဝကို လက်ဝါးဖြင့်

ရုတ်တရက် ရိုက်ချလိုက်လေသည်။

စင်ချင်ဟိုင်က ငွေရောင်လှံတိုကလေးဖြင့် ရင်ဝ၌ ကာလိုက်သည်။

ရိုက်သည့် အချိန်နှင့် လှံတိုဖြင့် ကာသည့်အချိန်မှာ တပြိုင်တည်းလိုလို ဖြစ်သွား၏။

ထို့ကြောင့် ညံရီလောင်း၏လက်ကို လှံရှုးသွားသည်။

ညံရီလောင်း ကပျာကယာ နောက်သို့ ခုန်ဆုတ်လိုက်၏။

"ဟာ… တော်တော်ကောင်းတဲ့ သိုင်းကွက်ပါလား"

နှုတ်မှ အရက်ပြေပြောယင်း လက်နှစ်ဘက်ကို နောက်ပစ်လိုက်သည်။

ညံရီလောင်း၏ အပြုအမူကြောင့် စင်ချင်ဟိုင်မှာ အူကြောင်ကြောင် ဖြစ်သွားသည်။

ယင်းအခိုက် ညံရီလောင်း၏ခြေထောက်သည် စင်ချင်ဟိုင်ထံသို့ ရုတ်တရက် ဖြတ်ဝင်လာသည်။

စင်ချင်ဟိုင်မှာ ကြောင်အမ်းအမ်း ဖြစ်သွားသဖြင့် ရှောင်တိမ်းနိုင်စွမ်း မရှိဘဲ ဖြစ်သွားသည်။

'ဝုန်း'ခနဲ အသံနှင့်အတူ စင်ချင်ဟိုင်၏ ခန္ဓာကိုယ်သည် အဝေးသို့ လွင့်စဉ်ကာ လှေကားပေါ်မှ အောက်သို့ ဒလိမ့်ခေါက်ကွေး လိမ့်ကျသွားတော့သည်။

ထိုစဉ် ဝတ်စုံဖြူ ဝတ်ဆင်ထားသည့် လူနှစ်ယောက်သည်



ဓားကိုယ်စီဖြင့် ညံရီလောင်းထံ လျှပ်တပြက် ခုန်ဝင်လာကြသည်။

"ဟား…ဟား…ဟား"

ညံရီလောင်းက ဟက်ဟက်ပက်ပက် ရယ်မောယင်း ခုန်ဝင်လာသူနှစ်ဦးထံ ပြေးဝင်လိုက်၏။

အခြေအနေ ရှုပ်ထွေးသွားသည်။

တဒင်္ဂမျှ အချိန်အတွင်းမှာပင် ညံရီလောင်းသည် ဝတ်စုံဖြူ လူနှစ်ယောက်နှင့် ပူးကပ်နေရာမှ ကိုယ်ကို လိမ့်ထွက်လိုက်၏။

ထိုအခါ ဝတ်စုံဖြူနှစ်ဦးထံမှ ဓားနှစ်လက်သည် ညံရီလောင်း၏လက်ထဲသို့ ရောက်ရှိသွားသည်။

ညံရီလောင်းသည် ဓားနှစ်လက်ကို နံရံသို့ ပစ်လိုက်သည်။

ဝတ်စုံဖြူနှင့်လူနှစ်ယောက်မှာ ကြောင်အမ်းအမ်းဖြစ်လျက်ရှိကြသည်။

ထိုစဉ်မှာပင် ညံရီလောင်းသည် သူတို့နှစ်ဦးထံ ခုန်ဝင်ကာ ရုတ်တရက် ဖမ်းချုပ်လိုက်သည်။

ထို့နောက် ပြတင်းပေါက်မှ အပြင်သို့ ပစ်ချလိုက်လေတော့သည်။

"ဟာ…အတော်ရက်စက်တဲ့ လူပါလား"

အခန်းတွင်းမှ သွေးကြောပိတ်ခံထားရသော ဖန်ကိုညင်သည် ထိတ်လန့်အံ့သြစွာဖြင့် နှုတ်မှ လွတ်ခနဲ ရေရွတ်လိုက်မိသည်။

ညံရီလောင်း၏ ရက်စက်မှုကို ဒေါသဖြစ်မိသော်လည်း ဖန်

ကိုညင်မှာ သွေးကြောပိတ်ခံထားရကြောင့် ဘာမျှ မတတ်နိုင်ဘဲ ဖြစ်နေရလေသည်။

ရှမ်းမိုမှာ အခြေအနေအားလုံးကို ကြောင်အမ်းအမ်းဖြင့် ငေးကြည့်နေမိသည်။

ရင်ထဲ၌ အနည်းငယ် ထိတ်လန့်လာသည်။

ညံရီလောင်းက ရှမ်းမိုကို ပြုံးပြသည်။

ခြေလှမ်းများက တရွေ့ရွေ့ တိုးကပ်လာသည်။

ရှမ်းမိုမှာ နောက်သို့ တဖြည်းဖြည်း ဆုတ်ရတော့သည်။

“သိပ်လဲ ကြောက်မနေပါနဲ့ ညီမရယ်၊ အစ်ကိုက မိန်းကလေးတွေကို ချစ်တတ်ပါတယ်”

ပြုံးဖြီးဖြီးနှင့်ပြောယင်း ညံရီလောင်းက ရှမ်းမိုကို လှမ်းဖွေ့သည်။

ရှမ်းမို ထိတ်လန့်တကြား ရှောင်တိမ်းလိုက်ရသည်။

အခြေအနေအရ ဆိုးရွားနေပြီ ဖြစ်သည်။

မထူးတော့ပြီ ဖြစ်၍ ရှမ်းမိုသည် ကိုယ်တွင် ဝှက်ထားသော ဓားပါးလေးနှစ်လက်ကို လျှပ်တပြက် ဆွဲထုတ်လိုက်တော့သည်။

တဆက်တည်းမှာပင် သိုင်းကွက်ငါးကွက်တိတိ တိုက်ခိုက်လိုက်သည်။

သို့သော် သိုင်းကွက်ငါးကွက်လုံး အချည်းနှီး ဖြစ်သွား၏။

ညံရီလောင်းကို ထိခိုက်ဒဏ်ရာရစေခြင်း မရှိခဲ့ပေ။



ရှမ်းမိုမှာ ခံပြင်းလာသည်။

နောက်ထပ် သိုင်းကွက်နှစ်ဆယ်မျှ တရစပ် တိုက်ခိုက်လိုက်ပြန်သည်။

ညံရီလောင်းသည် ဘယ်တိမ်း ညာတိမ်း ရှောင်တိမ်းယင်း ရှမ်းမို၏နောက်သို့ ရောက်ရှိသွားသည်။

ငှက်ခါးရောင် တောက်ပသော ဓားပါးနှစ်လက်က နောက်ပြန် ဝဲဝိုက်လျက် ဝင်သွားသည်။

သို့သော် ညံရီလောင်းကို မထိပြန်ချေ။

ယင်းကို နောက်ကွယ်မှ ကြည့်လျက်ရှိသော ဖန်ကိုညင်မှာ အားမလို အားမရ ဖြစ်နေမိသည်။

“ငါသာ သူ့ကြောင့် သွေးကြောပိတ်မခံရယင် ဒီတိုက်ပွဲဟာ တမျိုးတဖုံ ပြောင်းလဲသွားနိုင်တယ်”

ဖန်ကိုညင်၏စိတ်ထဲမှ မချင့်မရဲ ရေရွတ်လိုက်မိခြင်း ဖြစ်၏။

ငှက်ခါးရောင် တောက်ပသော ဓားနှစ်လက်သည် တဝှီးဝှီးဖြင့် လေထဲ၌ ပျံဝဲနေဆဲ ဖြစ်သည်။

* * *

သိုင်းကွက်ပေါင်း ၅၀ တိတိ တိုက်ခိုက်ခဲ့ပြီး ဖြစ်သည်။

ထိုအခြေအနေတွင် ညံ့ရီလောင်းသည် ရှမ်းမိုကို ကျောခိုင်းထားသော အနေအထားသို့ ရောက်နေသည်။

ရှမ်းမိုသည် ရရှိထားသော အခွင့်အရေးကို လုံးဝလက်လွှတ်မခံချေ။

ဓားနှစ်လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လျက် ညံ့ရီလောင်း၏ ကျောပြင်ကို စုံရိုက်ချလိုက်၏။

ညံ့ရီလောင်းနောက်သို့ ပြန်လှည့်ချိန် မရလိုက်ပေ။

လေတိုးသံကို နားစွင့်လျက် လက်ပြန်ဝှေ့ယမ်းလိုက်သည်။

ရှမ်းမို ထိုးစိုက်လိုက်သော ဓားလမ်းကြောင်း ပြောင်းသွားသည်။



ညံ့ရီလောင်းကို ထိုးစိုက်မိခြင်း မရှိတော့ချေ။

ညံ့ရီလောင်း၏ လက်တစ်ဘက်သည်သာ ရှမ်းမို၏ရင်ဝကို အဖျားခတ် ထိလိုက်သွားသည်။

ရှမ်းမို၏မျက်နှာတွင် နှင်းဆီသွေးရောင် လွှမ်းသွားသည်။

သူမသည် ကပျာကယာပင် နောက်သို့ ခုန်ဆုတ်လိုက်သည်။

ညံ့ရီလောင်းကလည်း ရပ်ကျန်မနေရစ်ဘဲ သူမနှင့် တပါတည်း ထက်ကြပ်မကွာ လိုက်ပါသွားသည်။

ရှမ်းမို ပြန်လည်မတိုက်ခိုက်နိုင်မီမှာပင် ညံ့ရီလောင်းသည် ဓားပါးနှစ်လက်ကို မိမိရရ ဆုပ်ကိုင်လိုက်တော့သည်။

ဓားပါးမှာ အနှောင့်ရှည်သော ဓားဖြစ်ရာ ညံ့ရီလောင်းက ဓားနှောင့်အစပ်ကို ဖမ်းဆုပ်ကိုင်လိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့် ဓားကိုင်ထားသော ရှမ်းမို၏လက်နှင့် ညံ့ရီလောင်း၏ မျက်နှာ ပူးကပ်သွားသည်။

ညံ့ရီလောင်းက အားနှင့် ဆွဲလိုက်၏။

ရှမ်းမို၏ကိုယ်ခန္ဓာက သူ့ဘက် ယိမ်းပါလာသည်။

ထို့ကြောင့် ရှမ်းမိုသည် ကမန်းကတန်းနှင့် ဓားကို လွှတ်ချ၍ နောက်ဘက်သို့ ခြေနှစ်လှမ်းစာမျှ ဆုတ်လိုက်ရသည်။

ညံ့ရီလောင်းသည် လက်ထဲပါလာသောဓားကို လွှင့်ပစ်ကာ လက်ခုပ်လက်ဝါးတီးလျက် ရယ်မောလိုက်လေသည်။

"ဟဲ...ဟဲ မင်းရဲ့ သိုင်းကွက်တွေက ဘယ်ဆိုးလို့တုန်း"

ရှမ်းမိုရဲ၏မျက်နှာမှာ သွေးရောင်မရှိတော့သကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

စိတ်ထဲ၌ မခံမရပ်နိုင်အောင် ဖြစ်နေသောကြောင့် အသားများ တဆတ်ဆတ်တုန်နေသည်။

သူမသည် နှုတ်ခမ်းကို တင်းတင်းစေ့လိုက်သည်။

ပြီးနောက် ရင်ဝကို လက်နှစ်ဘက်ဖြင့် ကာကွယ်လိုက်သည်။

ညံ့ရီလောင်းသည် ရှမ်းမိုရဲ၏လက်ချောင်းများဆီသို့ တချက်လှမ်းကြည့်လိုက်သည်။

"ဟား...ဟား...ဟား၊ မင်းက ငါ့ကို ဝေဟာင်လျှပ်စစ် လက်ချောင်းသိုင်းနဲ့ တိုက်တော့မလို့ကိုး"

ပြက်ချော်ချော် လေသံဖြင့် ပြောယင်း ညံ့ရီလောင်း ရယ်မောသည်။

သို့သော် ကြာကြာရယ်မောနိုင်ခြင်း မရှိပေ။

ရုတ်ခြည်းပင် သုန်မှုန်သွားလေသည်။

အခန်းထဲမှ အကဲခတ်ကြည့်နေသော ဖန်ကိုညင်သည် ဝေဟင်လျှပ်စစ်ဟူသော စကားသံကြောင့် စိတ်ဝင်စားသွား၏။

အခန်းဝကြားမှ သေချာစွာ စူးစိုက်ကြည့်လိုက်သည်။

ရှမ်းမိုရဲ၏မျက်နှာသည် ရေခဲတုံးပမာ အေးစက်မာကြောနေ



သည်ကို တွေ့ရ၏။

မျက်လုံးများကလည်း အရည်ကောင်းသော စိန်ပွင့်ပမာ တဖျပ်ဖျပ်တောက်ပနေသည်။

ရင်ဝ၌ သွယ်ယှက်ထားသော လက်နှစ်ဘက်ကလည်း လေးညို့မှ ပစ်တော့မည့် မြားတံပမာ တာရှည်လျက် ရှိသည်။

* * *

အခန်းတစ်ခုလုံးသည် တိတ်ဆိတ်ငြိမ်သက်နေ၏။

ညံ့ရီလောင်းသည် စောစောပိုင်းကကဲ့သို့ ပြက်ချော်ချော် အနေအထားမျိုး မရှိတော့။

ရှမ်းမို လှုပ်ရှားလာမည့် အခြေအနေကိုသာ သတိကြီးစွာထားလျက် စောင့်ကြည့်နေသည်။

ထိုစဉ် လှေကားထစ်များအတိုင်း တဝုန်းဝုန်း ပြေးတက်လာသော ခြေသံများ ထွက်ပေါ်လာ၏။

စင်ချင်ဟိုင်နှင့် ဝတ်စုံဖြူဝတ် ဝေဟင်ဂိုဏ်းသားအချို့ ပြေးတက်လာကြခြင်း ဖြစ်သည်။

အပေါ်ရောက်သည်နှင့် စင်ချင်ဟိုင်သည် ရှမ်းမို၏ အခြေအနေကို နားလည်သိရှိလိုက်၏။

ထို့ကြောင့် ဝေဟင်ဂိုဏ်းသားများကို လှမ်းအော် အမိန့်ပေးလိုက်သည်။

"ဟိတ်...အားလုံးရပ်ကြ၊ သခင်မလေးကို ဘယ်သူမှ အနှောင့်အယှက် မပေးကြနဲ့၊ မင်းတို့အားလုံး ပြန်ဆင်းကြစမ်း"

စင်ချင်ဟိုင်၏စကားကြောင့် ဂိုဏ်းသားများ ပြန်ဆင်းသွားကြသည်။

ရှမ်းမိုကား ဝေဟင်ဂိုဏ်း၏ သေရေးရှင်ရေး သိုင်းကွက်ဖြစ်သည့် ဝေဟင်လျှပ်စစ်သိုင်းကွက်ကို ထုတ်သုံးတော့မည်ဖြစ်ကြောင်း ညံ့ရီလောင်း နားလည်လိုက်သည်။



"ညီမက အစ်ကို့ကို ရက်စက်တော့မှာလား"

သူ၏စကားမဆုံးမီပင် ရှမ်းမိုက စတင် လှုပ်ရှားလိုက်၏။

အလင်းရောင်တန်းများသည် ရှမ်းမို၏လက်ချောင်းမှ တဝှစ်ဝှစ်အော်မြည်လျက် ညံ့ရီလောင်းထံ လှစ်ခနဲ တိုးဝင်လာသည်။

ညံ့ရီလောင်းသည် ထိတ်လန့်တကြားပင် အမြင့်သို့ခုန်၍ ရှောင်တိမ်းလိုက်ရ၏။

အလင်းတန်းက သူ့ကို မထိသော်လည်း စားပွဲကို ထိသွား၏။

စားပွဲခုံမှာ ဝုန်းခနဲအသံနှင့်အတူ အနည်းငယ် ယိမ်းယိုင်သွားသည်။

ချွန်သော သတ္တုပြားတစ်ခုက စားပွဲ၌ စိုက်ဝင်နေသည်။

ညံ့ရီလောင်းအောက်သို့ ပြန်မရောက်မီမှာပင် နောက်ထပ် အလင်းတန်းတစ်ခုက ထွက်ပေါ်လာပြန်၏။

ညံ့ရီလောင်း မျက်လုံးပြူးသွားသည်။

သို့သော် သတိရှိသူဖြစ်၍ ချက်ချင်းပင် လျှပ်တပြက် လှုပ်ရှားလိုက်၏။

သူ၏ကိုယ်ခန္ဓာသည် လေထဲ၌ တစ်ပတ်လည်သွားကာ မိမိခြေတစ်ဘက်ကို အခြားခြေတစ်ဘက်ဖြင့် ကန်အားယူလျက် လေထဲ၌ ထပ်ဆင့်ခုန်ရှောင်လိုက်သည်။

ထို့ကြောင့် အလင်းတန်းသည် ညံ့ရီလောင်းကို မထိဘဲ လွဲ

ချော်သွားသည်။

စင်စစ် ထိုအလင်းတန်းမှာ ကြယ်ပွင့်ပုံသတ္တုပြားၡ၏ အလင်းတန်းပင် ဖြစ်၏။

အရွယ်အစားမှာ သေးငယ်သောကြောင့် လက်ဖဝါးအတွင်း၌ ပျောက်နေသည်။

ထိုလက်နက်မှာ လွန်စွာ ပေါ့ပါးသေးငယ်သော လက်နက်ဖြစ်သဖြင့် အတွင်းအားကို အစွမ်းကုန် ထုတ်သုံးရသည်။

သေရေးရှင်ရေးတမျှ အရေးကြီးသည့်အခါမှသာ ထုတ်သုံးရသည်။

အရေးမကြီးသည့်အခါတွင် ထိုလက်နက်ကို ထုတ်သုံးခြင်းမှ ရှောင်ကြဉ်ရသည်။

အကြောင်းမှာ ဤသိုင်းကွက်ကို ထုတ်သုံးလိုက်ခြင်းဖြင့် အတွင်းအားများ အလိုအလျောက် ယုတ်လျော့ကုန်ခမ်းနိုင်သော ကြောင့် ဖြစ်လေသည်။

* * *

LIGHT • 39
FANCY ၀၃၈၀
[illegible]

ရှမ်းမိုမှာ ပညာအားဖြင့် နုနယ်သေးသည်။

ဝေဟင်လျှပ်စစ်သိုင်းကွက်ကို ထုတ်သုံးလိုက်သည့်အခါ အတွင်းအားများ အတော်ကုန်ခမ်းသွားလေသည်။

ညံ့ရီလောင်းသည် ဝေဟင်လျှပ်စစ်သိုင်းကွက်ကို ရှောင်တိမ်းယင်း လေထဲ၌ တစ်ပတ်ကျွမ်းလည်၍ ပြန်ကျလာ၏။

ပြန်အကျတွင် ဓွန်ကုတ်လက်သည်းဖြင့် ရှမ်းမိုကို လှမ်းကုတ်သည်။

"သတိထား"

စင်ချင်ဟိုင်က စိုးရိမ်တကြီး အော်ဟစ်သတိပေးလိုက်သည်။

ရှမ်းမိုသည် ကပျာကယာ တိမ်းရှောင်ယင်း နောက်ထပ် အလင်းတန်းတစ်ခု ပစ်လွှင့်လိုက်၏။

ယခုတစ်ကြိမ်၌ အလင်းတန်းသည် ညံ့ရီလောင်းကို တည့်တည့်မတ်မတ် ထိမှန်သွားသည်။

သို့သော် ညံ့ရီလောင်း ဘာမျှမဖြစ်ချေ။

အကြောင်းမှာ ညံ့ရီလောင်း၏ရင်ဝ၌ သံမဏိကိုယ်ကျပ်အတွင်းခံ ရှိနေသောကြောင့် ဖြစ်၏။

ရှမ်းမို ပစ်လွှင့်သည့် ငါးမြှောင့် သဏ္ဍာပြားကလေးသည် အလင်းတန်းတစ်ခုပမာ ညံ့ရီလောင်းထံ ဝင်ရောက်သွားသော်လည်း ညီရုံလောင်း၏ရင်ဝမှာ ခံထားသည့် သံမဏိကိုယ်ကျပ်အင်္ကျီကြောင့် ပြန်ကန်ထွက်သွားသည်။

အကယ်၍ သံမဏိကိုယ်ကျပ်အင်္ကျီသာ ခံမထားလျှင် ညံ့ရီလောင်းမှာ နေရာတွင်ပင် အသက်နှင့်ကိုယ် အိုးစားကွဲရမည်သာ ဖြစ်သည်။

ယခုတော့ ကိုယ်ကျပ်အင်္ကျီကြောင့် ညံ့ရီလောင်း ဘာမျှ ဖြစ်မသွားချေ။

ထို့ပြင် ညံ့ရီလောင်းတွင် သူ့ဖခင်ထံမှ တတ်မြောက်ထားသော ထူးဆန်းသည့် သိုင်းကွက်တမျိုး ရှိနေသေးသည်။

ယင်းမှာ မိမိကိုယ်ပေါ်ရှိ ကြွက်သားနှင့် အကြောကို လိုရာသို့ ရွေ့လျားနိုင်သော ပညာရပ် ဖြစ်သည်။

အကယ်၍ ရန်သူသည် သူ၏အကြောအရိုး ဖြစ်နေရာရာသို့ တိုက်ခိုက်လိုက်ပါက သူသည် ရန်သူ တိုက်ကွက်ကို အကျဉ်းအကျပ်



ဖြစ်နေချိန်၌ ရှောင်လိမ့်မည် မဟုတ်ချေ။

ရန်သူ၏တိုက်ကွက်ထဲ ရောက်နေသော အကြောကြွက်သားကို နေရာရွေ့လျားလိုက်ခြင်းဖြင့် အရေပြားကိုသာ ထိခိုက်နိုင်သည်။

ထိခိုက်သွားသော အရေပြားကို သူဖော်စပ်ထားသော ဆေးတစ်မျိုးဖြင့် လိမ်းလျှင်လိမ်း၊ သို့မဟုတ် စားလျှင်စား၊ ဒဏ်ရာရသောနေရာ မကြာမီ ပြန်လည်ပျောက်သွားမည် ဖြစ်၏။

သူနေထိုင်သော တောင်ပင်လယ်ကျွန်းသည် ဆေးပင် ဝါးပင်များ သဘာဝ ပေါက်ရောက်နေသော ကျွန်းဖြစ်၍ အန္တရာယ်မဲ့ကျွန်းဟူ၍ သိုင်းလောက၌ ဆိုစမှတ် ပြုကြသည်။

ထို့ကြောင့် ရှမ်းမို၏ ဝေဟာင်လျှပ်စစ်သိုင်းကွက် ထိမှန်သည့်တိုင် ညံ့ရီလောင်း ဘာမျှမဖြစ်ခဲ့ခြင်းပင် ဖြစ်၏။

ကိုယ်ကျပ်အင်္ကျီချည်းသာဆိုလျှင် ညံ့ရီလောင်းမှာ အတွင်းဒဏ်ရာ အနည်းငယ် ရရှိနိုင်သေးသည်။

ယခုမူ သူ၏ထူးခြားသော အကြောလွှဲပညာကြောင့် တစ်စုံတရာ ပြောပလောက်အောင် ဒဏ်ရာမရခြင်း ဖြစ်သည်။

ရှမ်းမိုမှာ မိမိ တိုက်ခိုက်မှုကို ညံ့ရီလောင်း အနေဖြင့် ခုခံနိုင်သည်ကို တွေ့ရသောအခါ အံ့အားတကြီး ဖြစ်သွား၏။

တဒင်္ဂမျှ ငြောင်အမ်းအမ်း ဖြစ်သွားသည်။

ထိုစဉ်မှာပင် ညံ့ရီလောင်းသည် ရှမ်းမို၏ အရေးကြီးသော

သွေးကြောနှစ်နေရာကို လှမ်းပိတ်လိုက်လေတော့သည်။

ရှမ်းမို ဘာမျှ မတတ်နိုင်တော့ချေ။

ညံ့ရီလောင်း ပြုသမျှ နုရတော့မည့် အနေအထားသို့ ရောက်သွားသည်။

ဝေဟင်ဂိုဏ်းသားများ ရှမ်းမိုကို ကယ်တင်ရန် ဝိုင်းအုံလာကြ၏။

"ဟိတ်...ကပ်ရဲယင် ကပ်ကြစမ်း၊ မင်းတို့ သခင်မလေး တခါတည်း အသက်ပျောက်သွားမယ်"

ဝေဟင်ဂိုဏ်းသားများ ရှေ့မတိုးရဲတော့ဘဲ ခြေလှမ်းရပ်တန့်သွားကြ၏။

သူတို့အားလုံး ဘာဆက်လုပ်ရမှန်း မသိအောင် ဖြစ်သွားကြ၏။

ညံ့ရီလောင်းကိုသာ ကြောင်အမ်းအမ်းဖြင့် ငေးစိုက်ကြည့်နေမိကြလေတော့သည်။

* * *



"ရှင်...ရှင်နော် လူတစ်ယောက်လုံးကို မလှုပ်သာအောင် ချုပ်ပြီးမှ နိုင်ထက်စီးနင်း မလုပ်နဲ့ ကျွန်မလက်ကို လွှတ်ပါ၊ ကျွန်မ အဖေ ပြန်လာယင် မသက်သာဘူးဆိုတာ မှတ်ပါ"

ရှမ်းမိုက ဒေါသတကြီး အော်ပြောသည်။

ရှမ်းမို၏မျက်နှာတစ်ခုလုံးမှာ ရှက်စိတ်၊ ဒေါသစိတ်ဖြင့် နီမြန်းလျက် ရှိနေသည်။

ညံ့ရီလောင်းက သဘောကျစွာဖြင့် တဟဲဟဲ ရယ်မောနေလေ၏။

"ငါ့ကို ဒီလို မခြိမ်းခြောက်စမ်းပါနဲ့ကွာ၊ အဖေက လုံကြို တောင်ဘက်ကို ခရီးထွက်သွားတာပဲ၊ ရုတ်တရက် ဘယ်လိုလုပ် ပြန်နိုင်မှာလဲ၊ ငါ မင်းကို လက်ထပ်ယူချင်လို့ ဒီကို ရောက်လာတာ"

"ဟင်... ရှင့်လို လူယုတ်မာကို လက်ထပ်ဖို့ နေနေသာသာ စိတ်ကူးထဲတောင် မထည့်ဘူး၊ အိပ်မက်မိယင်တောင် မျက်နှာထသစ်လိုက်မယ် သိလား ထွီ..."

ပြောပြောဆိုဆို ရှမ်းမိုသည် ညံ့ရီလောင်း၏မျက်နှာကို တံတွေးဖြင့် လှမ်းထွေးလိုက်သည်။

သို့သော် ညံ့ရီလောင်းကား အပြုံးမပျက်ချေ။

"ဟဲ...ဟဲ၊ မင်းက တယ်လဲ ဒေါသကြီးတာကိုး"

ညံ့ရီလောင်းသည် ရှမ်းမို၏ လက်မောင်းသားကလေးကို ပွတ်သပ်လိုက်ယင်း ပြောသည်။

"ရှင် ကျွန်မကို လွှတ်လို့ ပြောနေတာ မရဘူးလား၊ ကျွန်မ လူပျောက်ကို လွှတ်ပြီး ဒီအနားမှာရှိတဲ့ ထင်ရှိုက်ဆုံးက လူထူးလူဆန်း စုံထီးစိုက်ကို အကြောင်းကြားနိုင်းလိုက်ယင် ရှင် ချေးသေဝက်သေ သေရလိမ့်မယ် နားလည်လား"

ညံ့ရှိလောင်းကား ရှမ်းမို့ စကားကို လုံးဝအရေးမထားချေ။ ရှမ်းမို့၏ပါးပြင်ကို နမ်းရှိုက်ရန်သာ ကြိုးစားနေ၏။

ရှမ်းမို့ကလည်း ဦးခေါင်းကို တိမ်းကာယိမ်းကာဖြင့် ရှောင်တိမ်းသည်။

အခန်းထဲမှ ဖန်ကိုညင်မှာ ဤအရာကို ကြည့်ယင်း စိတ်ထဲ၌ ခံပြင်းလာမိသည်။

သို့သော် သွေးကြောပိတ်ခံထားရသူ ဖြစ်သဖြင့် ဘာမျှ မတတ်နိုင်ဘဲ ဖြစ်နေသည်။

ထိုစဉ် ဖန်ကိုညင်ထံသို့ စင်ချင်ဟိုင် တိတ်တဆိတ် ရောက်ရှိလာသည်။

ဖန်ကိုညင်ကို သွေးကြောဖွင့်ပေးယင်း တီးတိုးပြောဆိုလိုက်၏။

ဖန်ကိုညင် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။

"ပြီးခဲ့တဲ့ ကိစ္စတွေကို ဘယ်လိုမှ သဘောမထားပါနဲ့ဗျာ"

"ကိစ္စမရှိပါဘူး"

စင်ချင်ဟိုင် လက်နှစ်ဘက်ဆုပ်၍ အရိုအသေပေးလိုက်ပြီး



နောက် အခန်းအပြင်သို့ တိတ်တဆိတ် ပြန်လည်ထွက်ခွာသွားသည်၊

ဖန်ကိုညင်လည်း ပြတင်းပေါက်မှ တိတ်တဆိတ် ခုန်ဆင်းသွားလေသည်။

* * *

ဝေဟင်ဂိုဏ်းသားများ ထပ်မံ ရောက်ရှိလာကြပြန်သည်။

သို့သော် ညံ့ရီလောင်းကား လုံးဝဂရုမစိုက်ချေ။

ခုံရှည်တစ်လုံးပေါ်၌ အရက်အိုး ထိုင်သောက်ယင်း နှုတ်မှလည်း ရှမ်းမိုကို မခံချင်အောင် တွေ့ကရာ ပြောနေလေသည်။

"ဘာလဲ၊ အစ်ကို အရက်သောက်တာကို ညီမ မကြိုက်ဘူးဟုတ်လား၊ အို ကြည့်စမ်းပါအုံး၊ မျက်နှာကလဲ သုန်သုန်မှုန်မှုန်နဲ့ပါလား၊ ဟား...ဟား...ဟား၊ အစ်ကိုကြီးက ညီမကို တောင်ပင်လယ်ကျွန်းဆီ ခေါ်သွားမှာပါ"

ညံ့ရီလောင်းက အရက်တစ်ခွက် မော့သောက်ယင်း ရှမ်းမို၏မေးစေ့ကို လက်ညှိုးဖြင့် မတင်လိုက်သည်။

ရှမ်းမိုက မျက်နှာကို တစ်ဘက်သို့ လှည့်လိုက်၏။



ညံ့ရီလောင်း ရယ်သည်။

"အစ်ကိုကြီးတို့ လက်ထပ်ပြီး သားသမီးတွေ ရလာတော့မှ ညီမ ဖေဖေကို လာပြန်ကန်တော့ပေါ့ မဟုတ်လား"

ထိုစဉ် ကျယ်လောင်စွာ ရယ်မောလိုက်သော အသံကြီး ထွက်ပေါ်လာ၏။

"ဟိတ်၊ မင်း ပါးစပ်ပုပ်ကြီး ပိတ်ထားလိုက်စမ်း"

"အံမယ်၊ ဘယ်လိုလူစားမျိုးက ငါ့ကို အမိန့်ပေးလို့ ရဖူးသလဲ"

ညံ့ရီလောင်းက ဒေါသတကြီးစွာ အော်ပြောယင်း အသံလာရာသို့ လှမ်းကြည့်၏။

ထိုစဉ် တံခါးကို ကာထားသော ကန့်လန့်ကာသည် ရုတ်တရက် ပွင့်သွား၏။

လူတယောက် မားမားရပ်နေသည်။

ထိုသူကို တွေ့မြင်လိုက်သည်နှင့် ညံ့ရီလောင်းမှာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ထိုသူသည် အဝါရောင်အကျီပွကြီးကို ဝတ်ဆင်ထားပြီး ရှည်လျားသော မုတ်ဆိတ်မွေးရှိသူ ဖြစ်သည်။

ဥပဓိရုပ်ကောင်း၏။

ကျောတွင် ရှည်လျားသော ဓားရှည်တချောင်းကို စလွယ်သိုင်းထားသည်။

"ဟေ့ မင်းဒီမှာ ဘာဖြစ်လို့ လာသောင်းကျန်းနေရတာလဲ"

ညံ့ရီလောင်းသည် အဝါရောင်ဝတ်စုံနှင့်လူအား မျက်မှောင်ကြုတ်ကြည့်လိုက်၏။

"ဦးက ဘယ်ကပါလဲ"

"မင်းပါးစပ်ပိတ်ထားစမ်း၊ ငါ့ကို ခုထိ ရှိသေရကောင်းမှန်း မသိသေးဘူးလား"

ညံ့ရီလောင်းမှာ ကြောင်အမ်းအမ်း ဖြစ်နေသည်။

ထိုသူ၏ ဥပဓိရုပ်ကို မြင်ရကတည်းက နှယ်နှယ်ရရ ပုဂ္ဂိုလ်တစ်ဦး မဟုတ်ကြောင်း နားလည်ထားမိသည်။

ထိုစဉ် အဝါရောင်ဝတ်စုံနှင့်လူကြီးသည် မျက်မှောင်ကြုတ်လိုက်ပြီး...

"အံမယ် ရာရာစစ ဘယ်လိုကောင်ကများ ငါ့ကို ချောင်းနေပါလိမ့် ထွက်ခဲ့စမ်း"

ပြောပြောဆိုဆိုဖြင့် အဝါရောင်ဝတ်စုံနှင့် လူကြီးသည် လျှပ်တပြက် လှုပ်ရှားလိုက်၏။

လူတယောက် ဝုန်းခနဲ အသံနှင့်အတူ လှေကားအောက်သို့ ပစ်ကျသွားတော့သည်။

တဆက်တည်းမှာပင် အဝါရောင်လူကြီးသည် ညံ့ရီလောင်းရှေ့သို့ ပြန်လည်ရောက်ရှိလာ၏။

ညံ့ရီလောင်း မျက်လုံးများ ပြူးကျယ်သွားသည်။



အဝါရောင်ဝတ်လူကြီးသည် ထိုမျှ တိုတောင်းလှသော အချိန်၌ လူတစ်ယောက်ကို တိုက်ခိုက်ပြီး မိမိရှေ့ ပြန်ရောက်ရှိလာသည် ဆိုခြင်းမှာ မယုံနိုင်ဖွယ် ဖြစ်သည်။

လျှပ်ပြက်သကဲ့သို့ မြန်ဆန်လှသောကြောင့် ဖြစ်၏။

ပို၍ ထူးဆန်းအံ့သြဖွယ်ကောင်းသည်ကား အောက်သို့ ကျသွားသူသည် အဝါရောင်ဝတ်စုံနှင့်လူကြီးရှေ့၌ စန့်စန့်ကြီး လဲကျနေသည်ကို တွေ့မြင်ရခြင်း ဖြစ်သည်။

မည်သည့်အချိန်က ဆင်း၍ သယ်ယူလာသည်မသိ၊ အံ့သြဖွယ်ကောင်းလောက်အောင် လျင်မြန်လှသည်။

မျက်လှည့်ပြကွက်တစ်ခုကို တွေ့မြင်ရသလို မယုံကြည်နိုင်ဖွယ်ပင် ဖြစ်သည်။

ညံ့ရီလောင်းသည် အဝါရောင်ဝတ်စုံနှင့်လူကြီး၏ သိုင်းပညာကို ထိတ်လန့်တုန်လှုပ်သွား၏။

သူ့ဖခင် ညံ့ဆောင်းမောင်ပင် ထိုသူ၏သိုင်းပညာကို မမီကြောင်း ညံ့ရီလောင်း နားလည်လိုက်၏။

ချက်ချင်းပင် ထိတ်လန့်တကြားဖြင့် ဦးညွှတ်လိုက်လေတော့သည်။

"ဦး...ဦးကို ကျွန်...ကျွန်တော် ညံ့ရီလောင်းက ဂါရဝ ပြုပါတယ် ခင်ဗျား"

ထိုစဉ် အလံထိန်း စင်ချင်ဟိုင်သည် ရုတ်ခြည်း ဝင်ရောက်

လာပြီး...

"ဆရာကြီး စုံထီးစိုက်ခင်ဗျာ၊ သူဟာ ကျွန်တော်တို့ ဝေဟင်ဂိုဏ်းက သခင်ကြီး မရှိတုန်း လာရောက်စော်ကားတဲ့လူပါ၊ ဒါကြောင့် သူ့ကို ထိုက်ထိုက်တန်တန် ဆုံးမပေးပါ ခင်ဗျာ"

အဝါရောင်ဝတ်စုံနှင့်လူကြီးမှာ လူထူးလူဆန်း စုံထီးစိုက် ဖြစ်ကြောင်း သိလိုက်ရသဖြင့် ညံ့ရီလောင်းခမြာ ထိတ်လန့်တုန်လှုပ်သွားပြီး ဒူးများပင် တဆတ်ဆတ် တုန်လာတော့၏။

အဝါရောင်ဝတ်စုံနှင့်လူသည် စင်ချင်ဟိုင်အား မျက်မှောင်ကုပ်၍ ကြည့်လိုက်၏။

"ဟေ့... ငါမျက်မြင်ကိုယ်တွေ့ မဟုတ်ယင် ဘာကိုမှ ယုံတာမဟုတ်ဘူးကွ၊ ဒီတော့ မင်းလည်း ပေါက်လွှတ်ပဲစား မပြောနဲ့၊ ကဲ... လက်ဝါးစာတစ်ချက် ယူသွား"

"ဝုန်း..."

ရိုက်သည်ဆိုရုံမျှသာ ရှိ၏။

အမှတ်တမဲ့ ကြည့်လျှင် လက်ဝါးဖြင့် လှမ်းပုတ်လိုက်သည်ဟု ထင်မှတ်ရမည်။

သို့သော် စင်ချင်ဟိုင်မှာ နောက်ဘက်သို့ ဝါးတရိုက်ခန့်မှ ကျွမ်းထိုးမှောက်ခုံ လွင့်စဉ်လဲကျသွား၏။

ညံ့ရီလောင်း ဝမ်းသာသွားသည်။

ကျေနပ်အားရဟန်ဖြင့် စင်ချင်ဟိုင်ကို လှမ်းကြည့်သည်။



"ဟေ့ကောင် မင်း ခုထိ ထွက်မသွားသေးဘူးလား"

အဝါရောင်ဝတ်စုံနှင့်လူ၏အသံက မိုးချုန်းသလို ထွက်လာ၏။

ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ဟုတ်...ဟုတ်ကဲ့၊ ကျွန်တော် သွားပါ့မယ်"

ပြောပြောဆိုဆို ညံ့ရီလောင်း ထွက်ခွာဟန်ပြင်သည်။

"အံမယ် ဒီလိုလုပ်လို့ ဘယ်ရမလဲ၊ ကောင်မလေးကို ပိတ်ထားတဲ့ သွေးကြောကို ဖွင့်ပေးလိုက်အုံးလေ"

"ဟုတ်...ဟုတ်ကဲ့ပါ ခင်ဗျာ"

ညံ့ရီလောင်းသည် ရှမ်းမိုး၏သွေးကြောကို ဖွင့်ပေးလိုက်ပြီး ထိုနေရာမှ သုတ်ခြေတင် ထွက်ခွာသွားလေတော့သည်။

* * *

ရှမ်းမိုသည် အဝါရောင်ဝတ်စုံနှင့်လူထံ လျှောက်သွားပြီး လက်နှစ်ဘက်ဆုပ်၍ အရိုအသေ ပြုလိုက်၏။

"ဆရာကြီးစုံထီးစိုက်ကို ဂါရဝပြုပါတယ်"

ရှမ်းမို၏အပြုအမူကြောင့် အခန်းထဲ ရှိနေသူအားလုံး ဝါးခနဲ ပွဲကျသွား၏။

အဝါရောင်ဝတ်စုံနှင့်လူကလည်း တဟားဟား ရယ်မောသည်။

ရှမ်းမိုမှာ အူကြောင်ကြောင် ဖြစ်သွားသည်။

စင်ချင်ဟိုင်ကိုတလှည့် အဝါရောင်ဝတ်စုံနှင့်လူကိုတလှည့် နားမလည်နိုင်ဟန်ဖြင့် ကြောင်စီစီကြည့်မိသည်။

သည်တော့မှ စင်ချင်ဟိုင်က အကြောင်းစုံ ရှင်းပြလိုက်သည်။

"ဒီလိုပါ သခင်မလေး၊ ကျုပ်တို့အားလုံး ဒီလူယုတ်မာကို ဘယ်လိုမှ ယှဉ်ပြိုင်မရမှန်းသိလို့ ဒီလူယုတ်မာ ထွက်ပြေးအောင် ဘယ်လိုလုပ်မလဲဆိုတာ ကြံမိပါတယ်၊ ဒီလိုမှ မကြံယင် သခင်ကြီး ဂုဏ်သိက္ခာ ကျဆင်းရုံတင်မကဘူး၊ သခင်မလေးရဲ ဘဝလဲ မတွေးရဲလောက်အောင် ဖြစ်ဖို့ပဲ ရှိပါတယ်"

စင်ချင်ဟိုင်သည် စကားကို ခေတ္တနားကာ အဝါရောင်ဝတ်စုံနှင့်လူကို လှမ်းကြည့်လိုက်၏။

ပြီးမှ စကားဆက်သည်။



"ဒီအချိန်မှာ ဖန်ကိုညင်လဲ သွေးကြောပိတ်ခံရပြီး အခန်းတစ်ခုထဲ ရောက်နေတယ်၊ ဒါနဲ့ ကျုပ်လဲ ဖန်ကိုညင်ဆီ တိတ်တဆိတ်သွားပြီး သွေးကြောဖွင့်ပေးယင်း ညံသခင်လေး ထွက်ပြေးအောင် နှစ်ယောက်သား စည်းဝါးရိုက် ကြံစည်ခဲ့ကြတာပါ"

ဖန်ကိုညင်သည် ရုပ်ဖျက်ထားသည့် ပစ္စည်းများကို ပြန်လည်ဆွဲချွတ်လိုက်ယင်း...

"ဟုတ်ပါတယ်၊ ကျုပ်လဲ ဟောဒီက အလံထိန်း ပြောတဲ့အတိုင်း ရုပ်ဖျက်ပြီး ဒီကို ပြန်လာခဲ့တာပါ"

ရှမ်းမိုက ဖန်ကိုညင်ကို လှမ်းကြည့်လိုက်သည်။

သူမ၏စိတ်ထဲ၌ ဖော်မပြနိုင်သော ဝေဒနာတရပ်ကို ခံစားလိုက်ရသည်။

"အင်း...ငါက သူ့ကို ရက်ရက်စက်စက် တိုက်ခိုက်ပြီး သွေးကြောပိတ်ခဲ့တာတောင် သူစိတ်မဆိုးဘဲ ငါ့ကို ကူညီရှာပါလား၊ ကျွန်မကို ခွင့်လွှတ်ပါ ဖန်ကိုညင်ရယ်"

ရှမ်းမို၏ စိတ်ထဲမှ တီးတိုးရေရွတ်လိုက်မိခြင်း ဖြစ်လေသည်။

* * *

သခင်မလေးရှမ်းမိုမှ လွဲ၍ ဖန်ကိုညင်တို့အားလုံး အောက်ထပ်သို့ ဆင်းခဲ့ကြသည်။

စင်ချင်ဟိုင်က ဂုဏ်ပြုအရက်ဝိုင်းဖြင့် ဖန်ကိုညင်ကို ဧည့်ခံသည်။

ညံ့ရီလောင်းကို မလိုမုန်းတပတ်ဖြင့် မောင်းထုတ်နိုင်ခဲ့ခြင်းကို စမြို့ပြန်ယင်း သူတို့အားလုံး ဝမ်းသာကျေနပ်ကြသည်။

ထိုစဉ် ဝေဟင်ဂိုဏ်းသားတယောက် မျက်စိပျက် မျက်နှာပျက်ဖြင့် ဝင်ရောက်လာ၏။

သူသည် စင်ချင်ဟိုင်အား ဦးညွှတ်အရိုအသေပေးကာ...

"အလံထိန်းကြီးခင်ဗျာ၊ သခင်မလေး မြင်းဇောင်းက မြင်းတစ်ကောင်ထုတ်ပြီး အပြင်ကို ထွက်သွားပါပြီ"

စင်ချင်ဟိုင် မျက်လုံးပြူးသွား၏။

"ဟေ ဟုတ်လား၊ ဘယ်ကို ထွက်သွားတာလဲ"

"ကျွန်တော် မမေးရဲလို့ မမေးလိုက်မိပါဘူး၊ ဒါပေမယ့် သူ စကားတစ်ခွန်းတော့ လှမ်းအော်ပြောသွားပါတယ်"

"ဘာပြောသွားလဲ"

"ဖန်သခင်လေးကို ကျေးဇူးတင်ပါတယ်တဲ့၊ တစ်ချိန်ချိန်မှာ ဖန်သခင်လေး အခက်အခဲကြုံယင် ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ ပြန်ကူညီမယ်လို့ ပြောသွားပါတယ်"

စင်ချင်ဟိုင် သက်ပြင်းချလိုက်သည်။



"အင်း... တော်တော် ခေါင်းမာတဲ့ကလေးပဲ၊ ဧကန္တ သခင်ကြီးဆီ ထွက်သွားတာထင်တယ်"

စင်ချင်ဟိုင်က ခပ်ညည်းညည်း ရေရွတ်လိုက်၏။

ဖန်ကိုညင်သည် ထိုင်ရာမှ ထကာ...

"ကဲ... ဦးနဲ့ ဝေဟင်ဂိုဏ်းသားအားလုံးကို ကျွန်တော် နှုတ်ဆက်ခဲ့ပါတယ်၊ ကျွန်တော့်မှာ ကိစ္စလေးတွေ ရှိနေသေးလို့ ခရီးဆက်ခွင့်ပြုပါဦး ခင်ဗျာ"

ဖန်ကိုညင်သည် အားလုံးကို နှုတ်ဆက်ပြီး အခန်းထဲမှ ထွက်လာခဲ့သည်။

မရေရာသော ခရီးကို ဆက်ရပေဦးမည်။

* * *

## သံရောင်ဝံပုလွေနှင့် ငွေရောင်မြေခွေး

ဖန်ကိုညင်သည် မြင်းကို ဒုန်းစိုင်း၍ ထွက်ခွာလာခဲ့၏။

ရှန့်ယန်းမြို့ကလေးသည် အဝေးဆီ၌ ကျန်ရစ်ခဲ့သည်။

သို့သော် ဝေဟင်ဂိုဏ်းမှ သခင်မလေးရှမ်းမို၏ ရုပ်ပုံလွှာကား သူ့အမြင်အာရုံ၌ ကပ်ငြိပါလာသည်။

အဘယ်ကြောင့် ဤမျှ သတိတရ ဖြစ်မိသည်ကို ဖန်ကိုညင်ကိုယ်တိုင် နားမလည်နိုင်ချေ။

သူသည် ရှမ်းမို၏ရုပ်ပုံလွှာကို ကြိုးစား၍ မေ့ပျောက်လိုက်သည်။



သူ့၌ ထို့ထက်ပို၍ အရေးကြီးသော ကိစ္စများ ဆောင်ရွက်ရန် ရှိသေးသည်။

သို့သော် သူဆောင်ရွက်ရမည့် ကိစ္စမှာ ကောက်ရိုးပုံထဲ အပ်ပျောက်ရှာသလို လွန်စွာ မရေရာလှသော ကိစ္စ ဖြစ်သည်။

ထို့ကြောင့် မည်သည့်နေရာဟူ၍ ဦးတည်ချက် မထားနိုင်ဘဲ အလျဉ်းသင့်သလို မြင်းကို နှင်လာခဲ့လေသည်။

နောက်တစ်နေ့ရောက်သော် သူသည် တောအုပ်တစ်ခုထဲသို့ ဖြတ်သန်းသွားသည်။

တောအုပ်အတွင်းဘက် ရောက်သည့်အခါ သစ်ပင်တစ်ပင်အောက်၌ မြင်းတစ်ကောင် အစာစားနေသည်ကို တွေ့လိုက်ရသည်။

"ဟာ... မြင်းတစ်ကောင်ပါလား၊ သစ်ပင်ရိပ် ကောင်းလိုက်တာ၊ ငါ့လို ခရီးသွားတွေ ဒီသစ်ပင်ရိပ်မှာ နားပြီး မြင်းကို လွှတ်ထားတာနဲ့ တူတယ်၊ ငါ သစ်ပင်အောက် ဝင်နားဦးမှပဲ"

စိတ်ထဲမှတွေးယင်း ဖန်ကိုညင်သည် မြက်ခင်းကောင်းသည့် နေရာ၌ မြင်းကိုထားကာ သူကိုယ်တိုင်က သစ်ပင်အောက်ကြီးဆီသို့ လျှောက်သွားသည်။

အချိန်မှာ မွန်းတည့်ချိန်ဖြစ်၍ နေအပူရှိန်က ပြင်းထန်လှသည်။

ဖန်ကိုညင်သည် အရိပ်ကောင်းသော သစ်ပင်အောက်၌ ခြေပစ်လက်ပစ် ထိုင်ချယင်း အမောဖြေ အနားယူလိုက်သည်။

ထိုစဉ် လူတစ်ယောက်သည် သူ့ရှေ့သို့ မားမားကြီး လာရပ်လိုက်လေသည်။

ဖန်ကိုညင် မော့ကြည့်လိုက်၏။

ထိုသူကို ဖန်ကိုညင် ကောင်းစွာ မှတ်မိလိုက်သည်။

ထိုသူကား ညံရီလောင်းပင်တည်း။

"ဟား...ဟား...ဟား ကမ္ဘာမြေကြီးက အကျယ်ကြီး ထင်နေတာ၊ ခုတော့လဲ ကျဉ်းကျဉ်းလေးပါလား"

ညံရီလောင်းက ဟက်ဟက်ပက်ပက် ရယ်မောယင်း ပြောလိုက်သည်။

ဖန်ကိုညင်မှာ ပါးစပ်အဟောင်းသား ဖြစ်နေမိလေ၏။

အတန်ကြာမှ သက်ပြင်းယဲ့ယဲ့ တစ်ချက်ချသည်။

"အင်း...လူတွေရဲ့ ကံတရားဟာ တယ်ဆန်းကြယ်ပါလား၊ ပြန်ပြီး တွေ့လိမ့်မယ်လို့ မထင်တဲ့သူကို လုံးဝမမျှော်လင့်ဘဲ ပြန်ဆုံတွေ့နေပါလား"

"ဟေ့ကောင်... မင်း ဘာအူကြောင်ကြောင် လုပ်နေတာလဲ"

ဖန်ကိုညင်မှာ ညံရီလောင်းကို မဝံ့မရဲ လှမ်းကြည့်ယင်း အကျဉ်းအကျပ် တွေ့လျက်ရှိသည်။

သူ တတ်ထားသော သိုင်းပညာက ညံရီလောင်း၏ခြေဖျားကိုပင်မီသည် မဟုတ်ချေ။

ညံရီလောင်းနှင့် ဖက်ပြိုင်တိုက်ခိုက်ရန် မဖြစ်နိုင်ကြောင်း



ဖန်ကိုညင် နားလည်သည်။

ထိုအကျဉ်းအကျပ်ထဲမှ မည်သို့ ရုန်းထွက်ရှောင်ဖယ်ရမည်ကိုသာ စိတ်ထဲ၌ ကြိတ်၍ တွေးမိသည်။

"မင်းရဲ့ ရုပ်ပြောင်းရုပ်လွှဲပညာကြောင့် ဝေဟင်ဂိုဏ်းက သခင်မလေးရှမ်းမိုကို ငါ လက်လွှတ်ခဲ့ရတယ်၊ အဲဒါကို မင်းသိတယ်မဟုတ်လား"

ညံရီလောင်း၏မျက်နှာထား တင်းမာခက်ထန်လျက် ရှိ၏။

သားကောင်လက်လွှတ်ခဲ့ရသော ကျားတစ်ကောင်ပမာ သူ့အသွင်က ကြောက်မက်ဖွယ်ကောင်းနေသည်။

ဖန်ကိုညင်အား အတော်ပင် မကျေမနပ် ဖြစ်နေပုံရသည်။

"မင်းလို မလောက်လေး မလောက်စားက ငါ့ကို မလိမ့်တပတ် လုပ်ခဲ့တာ အခံရအခက်ဆုံးပဲ"

ဝေဟင်ဂိုဏ်းမှ ရှမ်းမိုနှင့် ပတ်သက်၍ ဖန်ကိုညင်သည် စုံထိုးစိုက်အဖြစ် ဟန်ဆောင်ကာ ညံရီလောင်းကို လှည့်စားမောင်းနှင်ထုတ်ခဲ့သည်။

ထို့ကြောင့် ညံရီလောင်း တနည်းနည်းဖြင့် သိရှိသွားကာ ဖန်ကိုညင်အား အကြီးအကျယ် ခံပြင်းနေမိခြင်းပင် ဖြစ်၏။

ဖန်ကိုညင် ဘာမျှ မတတ်နိုင်တော့။

အကောင်းဆုံး ရင်ဆိုင်ရန် ရှေ့တိုးလိုက်သည်။

ညံရီလောင်းသည် ဖန်ကိုညင်အား တိုက်ခိုက်ရန် ရှေ့တိုး

လာသည်။

ဖန်ကိုညင်က မိမိကိုယ်ကို အားတင်းလျက် ကျော၌လွယ်ထားသော ဓားကို ဆွဲထုတ်လိုက်သည်။

"မင်း ထင်ရိုဂိုဏ်းက စုံထီးစိုက်နဲ့ ဘာတော်လဲ"

ညံ့ရီလောင်းက လှမ်းမေးလိုက်ခြင်း ဖြစ်သည်။

"ကျုပ်ဆရာနဲ့ ဂိုဏ်းတူညီအစ်ကို၊ နေပြည်တော်က တာဝန်ပေးထားတဲ့ အစိုးရဘက်တော်သား"

"ဒါဆို မင်းဟာ ကျုပ်ယုရဲ့တပည့်လား၊ ရှောင်ဟိုရဲ့တပည့်လား"

ညံ့ရီလောင်းကား ထင်ရိုဂိုဏ်းနှင့် ပတ်သက်၍ အတော်များများ သိထားပုံရကြောင်း ဖန်ကိုညင် နားလည်လိုက်သည်။

"ကျုပ်ဆရာ 'ကျုပ်ယု' ပဲ"

ဖန်ကိုညင်၏စကားပင် မဆုံးသေးချေ။

ယုတ်မာကောက်ကျစ်သော ညံ့ရီလောင်းသည် ရုတ်ခြည်းဆိုသလိုပင် လက်ဝါးဖြင့် ရိုက်ချလိုက်၏။

ဖန်ကိုညင်မှာ ကြောက်အားလန့်အားဖြင့် ကမန်းကတန်း ရှောင်လိုက်ရလေသည်။

ညံ့ရီလောင်း၏လက်ဝါးက လျှပ်ပြက်သကဲ့သို့ ဆင့်ကဲဆင့်ကဲ ထွက်ပေါ်လာ၏။

ဖန်ကိုညင်မှာ ပြန်လည်တိုက်ခိုက်နိုင်ခြင်း မရှိဘဲ တဆုတ်



တည်း ဆုတ်နေရတော့သည်။

ညံ့ရီလောင်းသည် လက်ဝါးအနေအထားကို ရုတ်တရက် ပြောင်းလဲလိုက်၏။

ယင်းလက်ဝါးရိုက်ကွက် ပြောင်းလဲလိုက်စဉ်မှာပင် ဖန်ကိုညင်သည် ဓားဖြင့် ဝင်ခုတ်ပိုင်းလိုက်၏။

သို့သော် ညံ့ရီလောင်းကို မထိချေ။

ညံ့ရီလောင်းသည် အသာအယာ ကိုယ်ကို တိမ်းရှောင်ပြီး ဖန်ကိုညင်၏ ဓားကိုင်ထားသော လက်ကို ရိုက်ချလိုက်သည်။

ဖန်ကိုညင်၏လက်မှာ တုန့်ခနဲ ဖြစ်သွားပြီး ဓားသည် လည်း အဝေး လွင့်စဉ်သွားလေ၏။

သိုင်းပညာချင်းကား ဆီနှင့် ရေပမာ လွန်စွာ ကွာလှသည်။

ဖန်ကိုညင် အနေဖြင့် မည်သို့မျှ ယှဉ်မရနိုင်အောင် ဖြစ်နေသည်။

အတွင်းအားပညာတွင်လည်း ညံ့ရီလောင်းက အဆမတန် သာနေပြန်သည်။

ထို့ကြောင့် သိုင်းကွက်သုံးလေးကွက်မျှ ယှဉ်ပြိုင်ပြီးသည့် အချိန်၌ ဖန်ကိုညင်သည် ညံ့ရီလောင်း၏ လက်ဝါးကို ထိမှန်ကာ အဝေးသို့ လွင့်စဉ်သွားရတော့သည်။

ဖန်ကိုညင်၏ခန္ဓာကိုယ်သည် မြက်ခင်းအစပ်ရှိ သူ၏မြင်းနံဘေးသို့ ယိုင်လဲကျသွားသည်။

ဖန်ကိုညင် စဉ်းစားမနေအားချေ။

အခွင့်ရခိုက် မြင်းပေါ်လွှားခနဲ ခုန်တက်ကာ ဒုန်းစိုင်းမောင်းနှင် ထွက်ခွာလေတော့၏။

ညံရီလောင်းမှာ တဒင်္ဂမျှ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

မြင်းခွာသံတဖျောင်းဖျောင်း ထွက်ပေါ်လာပြီး ဖန်ကိုညင် ခပ်လှမ်းလှမ်းသို့ ရောက်သွားသည့်အခါမှ ညံရီလောင်း သတိဝင်လာသည်။

သူ၏မြင်းပေါ်သို့ ပြေးလွှားတက်ကာ ဖန်ကိုညင်နောက်သို့ တရကြမ်း ပြေးလိုက်တော့သည်။

* * * * *



မြင်းနှစ်ကောင် ရှေ့ဆင့်နောက်ဆင့် ဒုန်းစိုင်းပြေးလျက် ရှိသည်။

ရှေ့မြင်းပေါ်၌ ဖန်ကိုညင် လိုက်ပါလျက်ရှိပြီး နောက်မြင်းပေါ်တွင် ညံရီလောင်း လိုက်ပါလာ၏။

ညံရီလောင်းသည် ဖန်ကိုညင်အား စိတ်ရှိလက်ရှိ မဆုံးမလိုက်ရသောကြောင့် ခံပြင်းလျက် ရှိသည်။

အံကို တင်းတင်းကြိတ်ကာ မြင်းကို ဒုန်းစိုင်း၍ လိုက်သည်။

ဖန်ကိုညင်ကလည်း ညံရီလောင်းလက်မှ လွတ်မြောက်ရန် မြင်းကို ဒုန်းစိုင်းနှင်သည်။

ယင်းသို့ဖြင့် ၁၀ မိုင်ကျော်မျှ ခရီးပေါက်ကာ လုံကြို့နယ်အစပ်နားသို့ ရောက်ရှိသွားကြလေသည်။

လုံကြို့နယ်စပ်ကား စိမ်းလန်းစိုပြည်သော သစ်တောညိုညို့ကြီးများဖြင့် လွှမ်းခြုံသာယာလှ၏။

သို့သော် ထိုအလှကို ဖန်ကိုညင် မခံစားနိုင်ချေ။

ညံရီလောင်း၏လက်မှ လွတ်မြောက်ရန်သာ စိတ်စောနေသည်။

ညို့မှိုင်းသော သစ်ပင်အုပ်ကြီးကို လွှန်သော် ကျယ်ဝန်းသော ချိုင့်ဝှမ်းကြီးတစ်ခုကို တွေ့သည်။

ထိုချိုင့်ဝှမ်းကား နဂါးအိပ်ချိုင့်ဝှမ်းဟု ခေါ်စမှတ်ပြုသော နေရာ ဖြစ်သည်။

ဖန်ကိုညင်သည် ချိုင့်ဝှမ်းထဲသို့ ဆင်းလိုက်၏။

မြင်းကိုမူ သစ်တောအုပ်ကြားထဲသို့ မောင်းလွှတ်လိုက်သည်။

ထို့နောက် သူသည် ချိုင့်ဝှမ်းတွင်းရှိ သစ်ပင်တစ်ပင်ပေါ် တက်ကာ ပုန်းကွယ်လိုက်သည်။

ထိုစဉ်မှာပင် ညံရီလောင်း ရောက်ရှိလာသည်။

သို့သော် ဖန်ကိုညင်ကို မတွေ့တော့ချေ။

သစ်တောအုပ်အနီး မြက်စားနေသော မြင်းကိုသာ တွေ့လိုက်၏။

"ဒီမြင်းက ဟိုကောင် စီးသွားတဲ့ မြင်းပဲ၊ ဟိုကောင် ဘယ်ရောက်သွားပါလိမ့်"

ညံရီလောင်းသည် ချုံနွယ်ချုံကြား နေရာအနှံ့ လိုက်လံရှာဖွေကြည့်သည်။

ထို့နောက် အရိပ်ကောင်းသော သစ်ပင်အောက်ရှိ အမြစ်ဆုံကြားတွင် သွားရောက်လဲလျောင်းလိုက်သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုသစ်ပင်ပေါ်၌ ဖန်ကိုညင် တက်ရောက်ပုန်းအောင်းလျက် ရှိ၏။

ထိုစဉ် ပျံသန်းသော ငှက်တစ်အုပ်သည် ထိုသစ်ပင်ပေါ်သို့ ရောက်ရှိလာသည်။

ညံရီလောင်းသည် အားရပါးရ အိပ်လိုက်မည်ဟု ပြင်ကာမှ



ဆူညံသော ငှက်သံကြောင့် ညံရီလောင်းသည် ဒေါသထွက်လာရပြန်သည်။

"တောက်... ဟိုကောင် မတွေ့လို့ ဒေါသထွက်နေတဲ့ကြားထဲ ဒီငှက်တွေက တမျိုးပဲ၊ ကဲကွာ ဒီလောက်တောင် ဆူတဲ့ ငှက်တွေ"

ညံရီလောင်း ခဲတစ်လုံးကို ကောက်၍ ငှက်အုပ်ရှိရာသို့ ဒေါသတကြီး လှမ်းပစ်လိုက်၏။

ညံရီလောင်း ပစ်လွှင့်လိုက်သော ခဲလုံးသည် အရှိန်ပြင်းစွာဖြင့် သစ်ပင်ထိပ်ဖျားဆီသို့ တက်သွားသည်။

သို့သော် သစ်ပင်ကြီးမှာ သစ်ခက်သစ်ရွက်များဖြင့် ပြည့်ဖိုးသွယ်ယှက်နေသောကြောင့် ဆူညံနေသော ငှက်အုပ်ဆီသို့ မရောက်ပေ။

သစ်ရွက်သစ်ကိုင်းကြားထဲ ပုန်းအောင်းနေသည့် ဖန်ကိုညင်၏ ကျောပြင်ကို ထိမှန်သွားသည်။

အတွင်းအားနှင့် ပစ်လွှင့်လိုက်သောကြောင့် ခဲဒဏ်က အတော်အတန် ပြင်းထန်သည်။

နှုတ်မှ အော်ဟစ်ညည်းတွားမိခြင်း မရှိသော်လည်း ဖန်ကိုညင်မှာ ကျောကော့သွားသည်။

သူပုန်းခိုနေသည့် သစ်ကိုင်းတဝိုက် လှုပ်ရှားသွား၏။

ညံရီလောင်းကား လွန်စွာ အကင်းပါးသူ ဖြစ်သည်။

ငှက်များ လှုပ်ရှားမှုမရှိဘဲ သစ်ရွက်များ လှုပ်ရှားသွားသံကို

ကြားရသဖြင့် ဖြတ်ခနဲ မော့ကြည့်သည်။

ထိုအခါ သစ်ရွက်ကြား၌ သစ်ကိုင်းနှင့် တသားတည်းကျနေအောင် ပုန်းကွယ်နေသော ဖန်ကိုညင်ကို ရိပ်ခနဲ လှမ်းမြင်လိုက်ရတော့သည်။

"ဟား...ဟား...ဟား၊ ဟေ့ကောင် ဘယ်လိုလဲကွ၊ မင်းဘယ်လိုပြေးပြေး ငါ့လက်ထဲက ပြေးမလွတ်ပါဘူးကွ၊ မင်း ဆင်းလာမလား၊ ငါ တက်လာရမလား"

ဖန်ကိုညင်မှာ မည်သို့မျှ မတတ်နိုင်တော့ဘဲ သစ်ပင်ပေါ်မှ ဆင်းလိုက်သည်။

အောက်ရောက်သည်နှင့် အချိန်ဆိုင်းမနေဘဲ ညံရီလောင်းထံ လွှားခနဲ ခုန်ဝင်ကာ ဓားဖြင့် ခုတ်ပိုင်းချလိုက်လေတော့၏။

ညံရီလောင်းက ရှောင်တိမ်းခြင်း မပြုချေ။

ဝင်လာသောဓားကို လက်ဝါးနှစ်ဘက်ဖြင့် အပြားလိုက် ဖမ်းညှပ်လိုက်၏။

ဓားသွားကို ကန့်လန့်လိုက်သလို ဖြစ်သွား၏။

ဓားကလည်း သံညှပ်ဖြင့် ပြုလုပ်ထားဟန်တူ၏။

ဓားဦးသည် ဖြောင်းခနဲ ကျိုးသွားသည်။

ဖန်ကိုညင်၏မျက်လုံးများ ပြူးကျယ်သွားသည်။

ထိတ်လန့်ကြောက်ရွံ့စိတ်များ သူ့ရင်ထဲ၌ ချက်ချင်း ကြီးထွားလာ၏။



ချက်ချင်း သစ်ပင်ကြီးနောက်သို့ ပြေးဝင်ပုန်းကွယ်လိုက်သည်။

ကြောက်အားလန့်အားဖြင့် လုပ်မိလုပ်ရာ လုပ်လိုက်ခြင်းသာ ဖြစ်ပေသည်။

"ဟား...ဟား...ဟား၊ မင်း ပတ္တေးသစ်ပင်ကြီးကို အားကိုးတော့ကော လွတ်မှာတဲ့လား"

ညံရီလောင်းက သဘောကျစွာ ရယ်မောယင်း ဖန်ကိုညင်ရှိရာ သစ်ပင်ကြီးဆီသို့ လျှောက်သွားသည်။

လက်နှစ်ဘက်၌ အတွင်းအားများ စုစည်းလိုက်ကာ ဖန်ကိုညင်ရှိရာ သစ်ပင်ကြီးဆီသို့ လျှောက်သွားသည်။

လက်နှစ်ဘက်၌ အတွင်းအားများ စုစည်းလိုက်ရာ ဖန်ကိုညင်၏ ကျောပြင်နား၌ လေလုံးကြီးတစ်ခု ဝှေ့ယမ်းတိုက်ခတ်လာသလို ခံစားလိုက်ရ၏။

ညီရုံလောင်း၏ လက်ဝါးရိုက်ချက်ကို ဖန်ကိုညင် အသည်းအသန် ရှောင်တိမ်းလိုက်ရလေသည်။

ထိုစဉ် ဖန်ကိုညင်သည် ဦးကျိုးနေသောဓားကို ခေါင်းပေါ်မှကာ ခြေနှစ်ဘက်ကို မြေ၌ ခိုင်မာစွာ ရပ်သည်။

နောက်တစ်ကြိမ် ညီရုံလောင်း တိုက်ခိုက်လာသည့်အခါ ကိုယ်ကို ကြုံ့ရှောင်ပြီး ဦးကျိုးနေသော ဓားဖြင့် ညံရီလောင်းကို ခုတ်ပိုင်းလိုက်၏။

စင်စစ်မူ တကယ် ခုတ်ပိုင်းလိုက်ခြင်း မဟုတ်ချေ။

ခုတ်ဟန်ပြု၍ အတွင်းအားစုစည်းထားသော ခြေဖြင့် ကန်ထည့်လိုက်ခြင်းသာ ဖြစ်သည်။

ညံ့ရီလောင်းမှာ တဒင်္ဂမျှ ကြောင်သွား၏။

သို့သော် ချက်ချင်းပင် ရှောင်တိမ်းလိုက်သည်။

ထိုအခါ ညံ့ရီလောင်း၏ ကိုယ်အထက်ပိုင်းတွင် ဟာကွက်တစ်ခု ဖြစ်ပေါ်သွားသည်။

ထိုအခွင့်အရေးကို ဖန်ကိုညင် လက်လွတ်မခံချေ။

ရတောင့်ရခဲလှသော အခွင့်အရေးကို အပြည့်အဝပင် ရယူလိုက်၏။

သို့ဖြင့် ညံ့ရီလောင်း၏ ညာဘက်ပခုံး၌ ဓားတစ်ချက်ရှပ်၍ ထိသွားလေတော့သည်။

* * *



သိုင်းလောကထဲ ဝင်ရောက်လာသည့် အချိန်မှစ၍ ညံ့ရီလောင်းသည် မည်သူ့လက်ချက်ဖြင့်မျှ ဒဏ်ရာရခဲ့ဖူးခြင်း မရှိသေး။

သို့သော် ယခုအချိန်၌ သိုင်းပညာ မည်မည်ရရ မရှိလှသော ဖန်ကိုညင်၏လက်ချက်ဖြင့် ပခုံး၌ ဒဏ်ရာတစ်ချက် ရရှိသွားခဲ့ပြီ ဖြစ်သည်။

"တောက်...ဘာမဟုတ်တဲ့ကောင်ကြောင့် ငါ ဓားချက်ထိသွားပြီ၊ မင်းတော့ကွာ သေဖို့သာ ပြင်ပေတော့"

တရှူးရှဲရှဲဖြင့် ဒေါသထွက်နေသော ညံ့ရီလောင်းကို ကြည့်ကာ ဖန်ကိုညင် ဘိတ်လန့်တုန်လှုပ်သွား၏။

ထိုအခိုက်ပင် ညံ့ရီလောင်းသည် ရှေ့သို့ တဟုန်ထိုး တိုးကပ်လာသည်။

ဖန်ကိုညင် သူ့ကို ရင်မဆိုင်ရဲချေ။

ကြီးမားလှသော သစ်ပင်ကြီးကို ပတ်ပြေးတော့သည်။

ညံ့ရီလောင်းကလည်း နောက်မှ အတင်းပြေးလိုက်လေသည်။

ပြေးသူ လိုက်သူကြောင့် သစ်ပင်အောက်ရှိ ခြောက်သွေ့ခြောက်သဲများ တဖွားဖွား ဖြစ်ကုန်သည်။

ထိုအခါ ခပ်လှမ်းလှမ်းရှိ မြက်ခင်းအစပ်၌ အစာစားနေသော မြင်းနှစ်ကောင်သည် အလန့်တကြားဖြစ်ကာ သစ်ပင်အောက်မှ ဖြတ်ပြေးတော့သည်။

ထိုအခြင်းအရာကို မြင်သည်နှင့် ဖန်ကိုညင်သည် လက်ထဲမှ ဓားကျိုးဖြင့် ညံ့ရီလောင်းကို ပစ်ပေါက်လိုက်သည်။

ညံ့ရီလောင်းမှာ အရှိန်နှင့် ပြေးလိုက်ရာမှ တန့်ခနဲ ဖြစ်သွား၏။

ထိုအခိုက်အတန့် အချိန်ကလေးကို အခွင့်ကောင်းယူလျက် ဖြတ်ပြေးလာသော မြင်းပေါ်သို့ ခုန်တက်လိုက်သည်။

မြင်းမှာ ပို၍ ထိတ်လန့်တကြားဖြစ်ကာ ခြေကုန် ပြေးလေတော့၏။

ခဏအတွင်းမှာပင် ချုံနွယ်ထူထပ်သော တောအုပ်ထဲသို့ ရောက်ရှိသွားသည်။

ညံ့ရီလောင်းသည် ခေတ္တမျှ ကြောင်အမ်းအမ်း ဖြစ်ရာမှ



ရုတ်ခြည်းပင် သတိဝင်လာ၏။

နောက်မှ ပြေးလာသော မြင်းပေါ်သို့ ဝှားခနဲ ခုန်တက်ကာ ဖန်ကိုညင်နောက်သို့ တရကြမ်းလိုက်သည်။

မကြာမီ ဖန်ကိုညင် ဝင်ရောက်သွားသော တောအုပ်သို့ ရောက်ရှိလာသည်။

တောအုပ်မှာ ချုံနွယ်ပိတ်ပေါင်းဖြင့် ဖုံးအုပ်နေသောကြောင့် မြင်းဖြင့် လိုက်ရန် မလွယ်ကြောင်း ညံ့ရီလောင်း နားလည်လိုက်သည်။

"အင်း... ဒီကောင့်ကို ဒီလိုလိုက်လို့တော့ မိမှာ မဟုတ်ဘူး၊ ဒီတော့..."

ညံ့ရီလောင်းသည် မြင်းကို တရကြမ်းနှင်ရာမှ သစ်ကိုင်းကို လှမ်းဆွဲ၍ ခုန်တက်လိုက်၏။

ထို့နောက် သစ်ပင်ထိပ်ဖျားဆီတက်ကာ တစ်ကိုင်းမှတစ်ကိုင်း တစ်ပင်မှတစ်ပင် ကူးကာ ဖန်ကိုညင်နောက်သို့ လိုက်သည်။

ဖန်ကိုညင်မှာ ချုံနွယ်များကို ရှောင်ယင်း မြင်းကို နှင်နေရသောကြောင့် ခရီးမတွင်ဘဲ ဖြစ်နေသည်။

သို့ဖြစ်ရာ မကြာမီမှာပင် ညံ့ရီလောင်းသည် ဖန်ကိုညင်ကို လိုက်မီလာလေတော့သည်။

ဖန်ကိုညင်ကို မီသည်နှင့် ညံ့ရီလောင်းသည် သစ်ပင်ပေါ်မှ ဝှားခနဲ ခုန်ဆင်းလိုက်သည်။

ထိုအခါ ဖန်ကိုညင်သည် ကြောက်အားလန့်အားဖြင့် မြင်း

ပေါ်မှနေ၍ သစ်ပင်ဆီ ခုန်တက်ကာ ရှောင်တိမ်းလိုက်သည်။

သို့သော် ဖန်ကိုညင် သစ်ပင်ပေါ် မရောက်လိုက်ပါ။

သူ့ကျောပေါ်မှ ပြင်းထန်သော လေဟုန်တစ်ခု ရိုက်ခတ်လိုက်ခြင်း ခံလိုက်ရပြီး သစ်ပင်ကြီးဆီ လွင့်စဉ်သွားသောကြောင့် ဖြစ်၏။

ဖန်ကိုညင် ရုတ်တရက် ပြန်မထနိုင်တော့ပေ။

သစ်ပင်ခြေရင်း၌ နွမ်းနယ်မောဟိုက်နေသည်။

အသံကိုလည်း ပြင်းပြင်းရှူနေရသည်။

ညံရီလောင်းသည် ဖန်ကိုညင်ထံ တစ်လှမ်းချင်း တိုးကပ်လာသည်။

သူ့မျက်နှာ၌ ကောက်ကျစ်စဉ်းလဲခြင်း ရက်စက်ကြမ်းကြုတ်ခြင်း စသည့် အရိပ်အရောင်များ ထင်ဟပ်လာသည်။

ဖန်ကိုညင် စိတ်ကို လျှော့ချလိုက်သည်။

ယခုအချိန်၌ သူ့အနေဖြင့် ဘာမျှ မတတ်နိုင်တော့။

ညံရီလောင်း ပြုသမျှ ခေါင်းငုံ့ခံရတော့မည့် အနေအထားသို့ ရောက်ရှိနေပေပြီ။

ညံရီလောင်းသည် လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းလိုက်ပြီး ဖန်ကိုညင်ကို ရိုက်ချရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင်...

* * *



သစ်တောအုပ်ထဲမှ စူးရှစွာ အော်ဟစ်လိုက်သော အသံတသံ ထွက်ပေါ်လာသည်။

ရိုက်ရန်ရွယ်ထားသော ညံရီလောင်း၏လက်သည် တန့်ခနဲ ရပ်သွား၏။

သူ၏မျက်နှာ၌လည်း အုံ့ညြသော အရိပ်အရောင်များ ယှက်သန်းလာသည်။

ထိုအော်သံကား ဝံပုလွေလိုလို မြေခွေးလိုလို ခွဲခြားရခက်လှသည်။

ထိုစဉ်မှာပင် နောက်ထပ် အသံတသံ ထွက်ပေါ်လာပြန်သည်။

သိုင်းပညာအဆင့်မြင့်သော ညံရီလောင်းသည် အော်သံနှစ်သံကို ခွဲခြားသိလိုက်၏။

"ဟာ… ဒါအဖိုနဲ့ အမပဲ၊ အတွင်းအား တော်တော်ကောင်းတဲ့ လူတွေပါလား"

အော်သံ၏ထူးခြားချက်ကြောင့် မျက်နှာပျက်သွားသည်။

ဖန်ကိုညင်ကို ဂရုမစိုက်နိုင်တော့ဘဲ ထိုနေရာမှ လျှင်မြန်သွက်လက်စွာ ထွက်ပြေးသွားလေတော့၏။

ဖန်ကိုညင် တစ်ဦးတည်းသာ ကြောင်အမ်းအမ်းဖြင့် သစ်ပင်အောက်၌ ကျန်ရစ်ခဲ့သည်။

ညံရီလောင်းက သူ့ကို ရန်မရှာဘဲ အဘယ်ကြောင့် သုတ်သီး

သုတ်ပျာ ထွက်ခွာသွားရသည်ကို ဖန်ကိုညင် နားမလည်နိုင်ဘဲ ဖြစ်နေသည်။

ထိုအချိန်တွင် ဆွတ်ဆွတ်ဖြူသော ဆံပင်၊ ငွေရောင်မုတ်ဆိတ်နှင့် အဘိုးအိုတစ်ဦးသည် လျင်မြန်သော အဟုန်ဖြင့် ဖန်ကိုညင်ရှေ့သို့ ရောက်ရှိလာသည်။

"ဟာ...တယ်ကောင်းတဲ့ ကိုယ်ဖော့ပညာပါလား"

ဖန်ကိုညင်၏စိတ်ထဲမှ တီးတိုးရေရွတ်လိုက်မိခြင်း ဖြစ်သည်။

အဘိုးအိုက စူးရှသော မျက်လုံးအစုံဖြင့် ဖန်ကိုညင်ကို စိုက်ကြည့်လိုက်သည်။

ဖန်ကိုညင်သည် အဘိုးအိုကို ဦးညွတ်အရိုအသေ ပေးလိုက်သည်။

"ကျွန်တော့်ကို ခုလို ကယ်တင်လိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ဘဘကို ကျွန်တော် ဖန်ကိုညင်က ဂါရဝပြုပါတယ်"

အဘိုးအိုသည် ကြောင်အမ်းအမ်း ဖြစ်သွားပြီး ဖန်ကိုညင်ကို မျက်မှောင်ကုပ်၍ စိုက်ကြည့်လိုက်၏။

"ဘာ...ဘာပြောတယ်၊ ငါက မင်းရဲ့အသက်ကို ကယ်တင်လိုက်တယ် ဟုတ်လား၊ ကဲ... ပြောစမ်း၊ ဘယ်လို ကယ်လိုက်တာလဲ"

အဘိုးအို၏စကားကို ကြားရမှ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဆိုသော စကားကို ဖန်ကိုညင် သတိရလိုက်၏။

ညံ့ရီလောင်းက မိမိအား ရန်ရှာမည်ပြုခိုက် အဘိုးအိုက



တိုက်တိုက်ဆိုင်ဆိုင် ရောက်ရှိလာခြင်းသာ ဖြစ်ကြောင်း ဖန်ကိုညင် နားလည်လိုက်လေသည်။

မည်သို့ဆိုစေ အဘိုးအို ရောက်လာသည့်အတွက် မိမိအသက်ချမ်းသာရာ ရရှိခြင်းပင်ဖြစ်ရာ အဘိုးအိုကို ဖန်ကိုညင် ကျေးဇူးတင်မိလေသည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ တောင်ပင်လယ်ကျွန်းက ညံ့ဆောင်းမောင်ရဲ့သား ညံ့ရီလောင်းက ကျွန်တော့်ကို ရန်ရှာမယ့်ဆဲဆဲ အဘ ရောက်လာတာမို့..."

"ဘာ...ဘာပြောတယ်၊ ညံ့ဆောင်းမောင်ရဲ့သား ဟုတ်လား၊ သူ အခု ဘယ်မှာလဲ"

ဖန်ကိုညင်၏ စကားပြီးမှာပင် စိတ်လှုပ်ရှားစွာ ကြားဖြတ်မေးလိုက်သော အသံ ထွက်ပေါ်လာသည်။

အဘိုးအိုထံမှ မဟုတ်ချေ။

သစ်ပင်နောက်မှ ခုန်ထွက်လာသော အဘွားအိုက ပျာပျာသလဲ လှမ်းမေးလိုက်ခြင်းသာ ဖြစ်လေသည်။

အဘွားအိုမှာ အသက်ငါးဆယ်ကျော် အရွယ်ရှိပြီး ဦးခေါင်းတစ်ခုလုံး ဆွတ်ဆွတ်ဖြူနေ၏။

မျက်လုံးမှေးမှေး နှုတ်ခမ်းထော်ထော်နှင့် လွန်စွာ အကျည်းတန်လှသည်။

"ဟိတ်... ဘယ်မလဲ ညံ့ဆောင်းမောင်ရဲ့သား"

အဘွားအိုက ဖန်ကိုညင်ရှေ့ လျှောက်လာယင်း လှမ်းမေးသည်။

ဖန်ကိုညင်က အဘွားအိုကို ဦးညွှတ်အရိုအသေ ပြုလိုက်သည်။

"သူ စောစောကပဲ ထွက်သွားပါပြီ"

"လွတ်သွားတာ နာသကွာ"

အဘိုးအိုက မချင့်မရဲ လေသံဖြင့် တဖျစ်တောက်တောက် ရေရွတ်လိုက်သည်။

ထိုစဉ် အဘွားအိုသည် ဖန်ကိုညင်အား တချက်မျှ စူးစိုက်ကြည့်လိုက်ပြီး...

"ဒါနဲ့ မင်းက ထင်ရိဂိုဏ်းကလား"

အံ့သြမှုကြောင့် ဖန်ကိုညင် မျက်လုံးများ ပြူးကျယ်သွားသည်။

တခါမျှ မမြင်ဘူးသူက ထင်ရိဂိုဏ်းကလားဟု မေးလိုက်သည်မှာ အမှန်ပင် အံ့သြဖွယ်ကောင်းလှသည်။

မိမိအား ထင်ရိဂိုဏ်းကဟု သူတို့ မည်သို့ ခန့်မှန်း သိရှိကြသနည်း။

ဖန်ကိုညင် နားမလည်နိုင်ချေ။

ယောင်ယောင်ယမ်းယမ်းဖြင့်ပင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်...ဟုတ်ပါတယ်၊ ကျွန်တော် ထင်ရိဂိုဏ်းကပါ"



ဖန်ကိုညင်၏စကားကို ကြားသော် အဘိုးအိုနှင့် အဘွားအို နှစ်ယောက်စလုံး ကျေနပ်စွာ ပြုံးလိုက်ကြ၏။

သူတို့နှစ်ယောက်၏ အပြုအမူကို ဖန်ကိုညင် နားလည်ရ ခက်သွားသည်။

ရန်သူလော မိတ်ဆွေလော ဆိုသည်ကိုပင် ဝေခွဲမရနိုင်အောင် ဖြစ်သွားလေသည်။

"ထင်ရိဂိုဏ်းဆိုယင် မင်းဟာ စုံထီးစိုက်ရဲ့တပည့် ဖြစ်မယ်၊ ကဲ ပြောနေကြာတယ်၊ စုံထီးစိုက်ရဲ့ပညာ ဘယ်လောက်ရှိတယ်ဆိုတာ သိရအောင်၊ မင်း ငါတို့နဲ့ ယှဉ်ပြိုင်ရမယ်"

"ဗျာ"

အဘိုးအို၏စကားကြောင့် ဖန်ကိုညင် ပါးစပ်အဟောင်းသား ဖြစ်သွားရလေတော့၏။

* * * * *

"ကျွန်တော်...ကျွန်တော် စုံထီးစိုက်ရဲ့တပည့် မဟုတ်ပါဘူး ခင်ဗျာ"

ဖန်ကိုညင်က ပျာပျာသလဲ ငြင်းဆန်လိုက်၏။

"ဘာကွ... စုံထီးစိုက်က ထင်ရိုဂိုဏ်းကပဲ၊ ဘာပဲဖြစ်ဖြစ် စုံထီးစိုက်ပညာ မင်းမှာ ရှိရမယ်"

အဘိုးအိုက ဇွတ်အတင်း ပြောနေရာ ဖန်ကိုညင်မှာ အခက်ကြုံနေရတော့သည်။

"ကျွန်...ကျွန်တော့်မှာ စုံထီးစိုက်ရဲ့ပညာ မရှိပါဘူးခင်ဗျာ၊ နောက်ပြီး ဘာဘကြီးနဲ့ ယှဉ်ပြိုင်ဖို့ဆိုတာ မဖြစ်နိုင်ဘူး ခင်ဗျာ"

"ဟိတ်... မင်း အူကြောင်ကြောင် လုပ်မနေနဲ့၊ ငါတို့နဲ့ ယှဉ်ပြိုင်ရမယ်"

အကျည်းတန် အဘွားအိုက စိတ်မရှည်သော လေသံဖြင့် အော်ငေါက်ပြောလိုက်သည်။

ဖန်ကိုညင်မှာ မည်သို့ ရှောင်ဖယ်ရမည် မသိဘဲ ဖြစ်နေသည်။

သူတို့ကို မည်သို့မျှ ယှဉ်နိုင်မည် မဟုတ်ကြောင်းကို ဖန်ကိုညင် ကောင်းစွာ နားလည်ထားသည်။

သူတို့ကလည်း ဇွတ်အတင်း စိန်ခေါ်နေသည်။

ဖန်ကိုညင် ဇောချွေး ပြန်လာသည်။

"ကဲ... ငွေရောင်ရှင်မရေ ကြာတယ်ကွာ"

အဘိုးအို စကားကြောင့် အဘွားအိုသည် လက်နက်မဲ့ ဖြစ်နေသော ဖန်ကိုညင်ထံ ငွေရောင်တဖိတ်ဖိတ် တောက်နေသည့် ဓားတစ်လက်ကို လှမ်းပစ်ပေးလိုက်သည်။

"ရော့...ဒီဓားကို ယူပြီး မင်းတို့ဂိုဏ်းရဲ့ သိုင်းကွက်ကို ပြစမ်း"

ဖန်ကိုညင်သည် သူ့ရှေ့ရှိ ဓားကို ကောက်ယူခြင်း မပြုဘဲ အတန်ကြာ တွေဝေစဉ်းစားနေ၏။

သူ့ဆရာ ပြောခဲ့ဖူးသော စကားကို ပြန်လည် ကြားယောင်လာမိသည်။

"သံရောင်ဝံပုလွေနဲ့ ငွေရောင်မြွေခွေးဆိုတဲ့ ဇနီးမောင်နှံဟာ

သိုင်းပညာ အထွတ်အထိပ် ရောက်နေတဲ့သူတွေ၊ ကောက်ကျစ်စဉ်းလဲတဲ့ နေရာမှာ ပြိုင်ဘက်ကင်းတဲ့ လူတွေပဲ၊ သူတို့ရဲ့သားဟာ ညံ့ဆောင်းမောင်ရဲ့ လက်ချက်နဲ့ သေဆုံးခဲ့ရတယ်ကွဲ့"

ဆရာဖြစ်သူ၏စကားကို သတိရမိသည့်အခါ သံရောင်ဝံပုလွေတို့ ဇနီးမောင်နှံသည် ညံ့ရီလောင်းအား အဘယ်ကြောင့် အသည်းအသန် ရှာဖွေနေကြသည်ကို ဖန်ကိုညင် နားလည်လိုက်ရတော့သည်။

သို့ရာတွင် သံရောင်ဝံပုလွေတို့ ဇနီးမောင်နှံက သိုင်းလောက၌ နာမည်ကြီးနေသော သန့်ရှင်းသုံးဖော်ဂိုဏ်းနှင့် လူထူးလူဆန်းလေးယောက်အား လုံးဝကြည့်မရသည့် အဖြစ်ကိုမူ ဖန်ကိုညင် သိရှိခြင်း မရှိပေ။

သန့်ရှင်းသုံးဖော်ဂိုဏ်းဆိုသည်မှာ တရားမျှတမှုကို လိုလားသော ဝူတန်ဂိုဏ်း၊ ရှောင်လင်ဂိုဏ်းနှင့် ဝါဆန်းဂိုဏ်းတို့ ဖြစ်ကြသည်။

လူထူးလူဆန်းလေးယောက်ကား သံလက်ဝါးဆန်းဖုန်၊ လက်ချောင်းသိုင်းသမားစောင်ရူယွင်၊ တောင်ပင်လယ်ကျွန်းမှ ညံ့ဆောင်း မောင်နှင့် ထင်ရှိဂိုဏ်းမှ စုံထီးစိုက်တို့ ဖြစ်ကြသည်။

သံရောင်ဝံပုလွေနှင့် ငွေရောင်မြေခွေးတို့ ဇနီးမောင်နှံသည် ၎င်းတို့ကိုသာမက ၎င်းတို့နှင့် ဆက်နွယ်သူ မှန်သမျှကိုလည်း လုံးဝကြည့်မရချေ။

သို့ဖြစ်ရာ ဖန်ကိုညင်မှာ ကြားထဲမှ သက်သက်မဲ့ ဓားစာခံ



ဖြစ်လာရတော့သည်။

သိုင်းလောကသားအားလုံးသည် သံရောင်ဝံပုလွေနှင့် ငွေရောင်မြေခွေးဆိုလျှင် ဝေးဝေးက ရှောင်ကြ၏။

ဘုမသိဘမသိနှင့် ပက်ပင်တိုးနေရှာသော ဖန်ကိုညင်မှာမူ မည်သို့မျှ ရှောင်ဖယ်နိုင်ခြင်း မရှိတော့ချေ။

မထူးတော့ပြီဖြစ်၍ ဖန်ကိုညင်သည် ရှေ့မှဓားကို ကောက်ကိုင်ပြီး သံရောင်ဝံပုလွေကို ရင်ဆိုင်လိုက်သည်။

"အေး...၊ မင်းတို့ ထင်ရှိဂိုဏ်းသားတွေရဲ့ သတ္တိကို ကြိုက်သွားပြီဟေ့"

အဘွားအိုငွေရောင်မြေခွေးက လှမ်းပြောခြင်း ဖြစ်သည်။

ပြောပြောဆိုဆိုဖြင့်ပင် ရှည်လျားသော လက်သည်းဖြင့် ဖန်ကိုညင်အား လှမ်း၍ ကုတ်လိုက်၏။

လက်သည်းသည် ရှည်လျားသလောက် သန်မာပြီး ကြောက်မက်ဖွယ်ကောင်းလှ၏။

ဖန်ကိုညင်မှာ ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားပြီး နောက်သို့ ရုတ်တရက် ခုန်ရှောင်လိုက်ရလေသည်။

တဆက်တည်းမှာပင် ထင်ရှိဂိုဏ်း၏ ရေအောက်လရောက်ဓားကွက်ဖြင့် ကုတ်ချလာသော လက်သည်းကို ပယ်ထုတ်လိုက်သည်။

ခြေတစ်ဘက်ကလည်း အဘွားအို၏ခြေသလုံးကို ဓားလွှယ်ခုတ်သိမ်း ကန်လိုက်၏။

အဘွားအို အရောင်မြန်သဖြင့် သီသီကလေး လွတ်သွားသည်။

"တယ်ကောင်းတဲ့ ဓားကွက်ပါလား"

ပြောပြောဆိုဆို အဘွားအိုသည် ဖန်ကိုညင်အား လျှပ်ပြက်သကဲ့သို့ လျင်မြန်သော အဟုန်ဖြင့် ထပ်မံကုတ်ချလိုက်ပြန်သည်။

အရွယ်နှင့် မလိုက်အောင်ပင် မြန်ဆန်သွက်လက်လှတော့၏။

ဖန်ကိုညင်သည် ရင်ဘတ်နား ရောက်လာသော အဘွားအို၏လက်ကို ခရုပတ်စက်ဝိုင်းဓားကွက်ဖြင့် ဝှေ့ယမ်းဖယ်ရှားလိုက်သည်။

အဘွားအို၏လက်သည် လမ်းခုလတ်၌ ရပ်သွား၏။

ဓားကွက်ကြောင့် ရပ်သွားခြင်း မဟုတ်ပေ။

ထပ်ဆင့်တိုက်ခိုက်ရန် အရှိန်ယူလိုက်ခြင်းသာ ဖြစ်လေသည်။

အဘွားအို၏ လက်ချောင်းများသည် ဘယ်ညာဝှေ့ယမ်းယင်း ဖန်ကိုညင်ထံ ဝင်ရောက်လာပြန်သည်။

ဘယ်လက်ကို အာရုံစိုက်လိုက်သည်နှင့် ညာလက် ဝင်လာ၏။

ညာလက်ကို အာရုံစိုက်လိုက်သော် ဘယ်လက်က ဝင်ရောက်လာသည်။



ရောင်တိမ်းရန် မလွယ်တော့သည့် အနေအထားသို့ ရောက်လာသည်။

ထို့ကြောင့် ဖန်ကိုညင်သည် သက်တံ့ရေသောက် ဓားကွက်ဖြင့် အဘွားအို၏ ဟာနေသော ခန္ဓာကိုယ်အောက်ပိုင်းသို့ ဓားဖြင့် ခုတ်လိုက်သည်။

သို့သော် ဖန်ကိုညင်ကား လွန်စွာ အတွေ့အကြုံ နုလှသူ ဖြစ်သည်။

သို့ဖြစ်ရာ သူ ခုတ်ပိုင်းလိုက်သည့် ဓားသည် အားအရှိန်လွန်ပြီး ဘေးသို့ ချော်သွားသည်။

ထိုစဉ် အဘွားအိုက ကျွံလာသည့် ဖန်ကိုညင်၏ လက်ကောက်ဝတ်ကို ဖမ်းဆုပ်ညှစ်ယင်း ဓားကို လှမ်းယူလိုက်သည်။

ဖန်ကိုညင်၏လက်ထဲမှ ဓားသည် အဘွားအိုထံ ရောက်ရှိသွား၏။ မျက်စိတမှိတ်မျှသာ ကြာသည်။

လွန်စွာ မြန်ဆန်လှ၏။

မယုံကြည်နိုင်ဖွယ်ပင် ဖြစ်တော့သည်။

ဖန်ကိုညင်မှာ ထိတ်လန့်အံ့ဩမှုကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

အဘွားအိုမှာမူ ဟက်ဟက်ပက်ပက် ရယ်မောလျက် ရှိနေတော့သည်။

* * *

အဘွားအိုသည် သိုင်းကွက်သုံးလေးကွက်မျှအတွင်း၌ ဖန်ကိုညင်ကို သက်တောင့်သက်သာပင် အနိုင်ယူလိုက်သည်။

သို့သော် အဘိုးအိုကား ကျေနပ်မှုရှိပုံ မပေါ်ချေ။

မျက်မှောင်ကြီး ကြုတ်လိုက်ပြီး...

"မင်းနှယ်ကွာ၊ ဂူတန်ကိုဏ်းက ရသေ့ကို သိုင်းကွက်တစ်ကွက်ထဲနဲ့ အပြတ်ရှင်းနိုင်ခဲ့ရက်နဲ့ ဘာမဟုတ်တဲ့ ဒီချာတိတ်ကို သိုင်းကွက်လေးငါးကွက်အထိ ယှဉ်နေရသလား"

အဘိုးအို စကားကြောင့် အဘွားအိုမှာ မကျေမနပ် ဖြစ်သွားသည်။

"အောင်မယ်၊ ရှင် ဒီလို ပေါက်လွှတ်ပဲစား စကားမပြောပါနဲ့ ရှင်ကိုယ်တိုင် သူ့ကို ဝင်ယှဉ်ကြည့်ပါလား"



"ဩော်...မင်းက ငါ့ရဲ့ တိုးတက်မှုကို မြင်ချင်တယ်ပေါ့"

ပြောပြောဆိုဆိုဖြင့် အဘိုးအိုသည် အဘွားအို၏မျက်နှာကို ရုတ်တရက် ဖြတ်ရိုက်လိုက်၏။

ဆတ်ခနဲဆိုသလိုပင် အဘွားအိုက မျက်နှာဆီ တန်းဝင်လာသည့် အဘိုးအို၏လက်ကို ပုတ်ထုတ်လိုက်သည်။

ထိုအဘိုးအို၏နောက်လက်တစ်ဘက်သည် အဘွားအို၏ မျက်နှာသို့ ဝင်ရောက်လာပြန်လေသည်။

အဘွားအိုကလည်း ဝင်လာသမျှ လက်ဝါးရိုက်ချက်ကို တန်ပြန်ပုတ်ထုတ်လျက် ရှိ၏။

အဘိုးအိုသည် ရုတ်တရက်ဆိုသလို ခြေဖြင့် လှမ်းခတ်လိုက်၏။

ဖန်ကိုညင်ထံမှ လုယူထားသော အဘွားအို လက်ထဲရှိ ဓားမှာ လွင့်စဉ်သွားသည်။

ဖန်ကိုညင်ရှေ့ မြေကြီးပေါ် ကျနေရောက်လာသည်။

ဖန်ကိုညင်သည် ဓားကို ကြည့်ကာ ဘာလုပ်ရမှန်း မသိဘဲ ဖြစ်နေ၏။

"ဓားကို ကောက်လိုက်လေ၊ ဘာလုပ်နေတာလဲ"

ရုတ်တရက် ထွက်ပေါ်လာသော အသံကြောင့် ဖန်ကိုညင် မော့ကြည့်သည်။

သူ့ရှေ့၌ အဘိုးအို ရပ်နေသည်ကို တွေ့ရ၏။

ဖန်ကိုညင် မဆိုင်းမတွပင်,ဓားကို ကောက်ယူလိုက်သည်။

ထိုစဉ်မှာပင် ရိပ်ခနဲ လှုပ်ရှားမှုတခုကြောင့် ဖန်ကိုညင် ထိတ်လန့်တကြား ရှောင်တိမ်းလိုက်ရသည်။

အဘိုးအိုက လှမ်း၍ တိုက်ခိုက်လိုက်ခြင်းပင် ဖြစ်သည်။

"ဟာ...တော်တော်ဆိုးတဲ့ အဘိုးကြီးပဲ"

ဓားကို ကိုင်ရုံသာ ရှိသေးသည်။

အဘိုးအိုက ရုတ်တရက် ဝင်ရောက်တိုက်ခိုက်လိုက်သည့်အတွက် ဖန်ကိုညင် ဒေါသထွက်သွားသည်။

ထို့ကြောင့် သက်တံရေသောက် သိုင်းကွက်ဖြင့် ထိုးမိထိုးရာ ဖွတ်တရွတ် ထိုးထည့်လိုက်၏။

ထိုသိုင်းကွက်သည် ထင်ရိဂိုဏ်း၏ ၁၁ ကွက်သိုင်းကွက်ပင် ဖြစ်သည်။

သူ ထိုးထည့်လိုက်သော ဓားသည် အဘိုးအို၏ ပွယောင်းယောင်း အင်္ကျီလက်တွင်းသို့ ထိုးဖောက်ဝင်ရောက်သွားသည်။

အဘိုးအို၏လက်ကို အနည်းငယ် ဓားရှသွား၏။

အဘိုးအိုသည် မထင်မှတ်သော ဓားချက်ကြောင့် ပိုမို ဒေါသထွက်သွားသည်။

မျက်လုံးများ မီးဝင်းဝင်းတောက်သည့်ပမာ စူးရှလာ၏။

ဖန်ကိုညင်မှာ စောစောကထက်ပို၍ ဂရုစိုက်လာရတော့သည်။



သံရောင်ဝံပုလွေအဘိုးအိုသည် စူးစိုက်ကြည့်နေရာမှ ရုတ်တရက် အဟုန်ပြင်းစွာဖြင့် အပေါ်သို့ ခုန်တက်လိုက်သည်။

လေထဲ၌ တပတ်ကျွမ်းလည်ပြီး ဖန်ကိုညင်၏ဦးခေါင်းကို လက်ဝါးနှင့် ရိုက်ချလိုက်လေသည်။

ဖန်ကိုညင်ကလည်း မိုးဖောက်ဓားကွက်ဖြင့် ဦးခေါင်းပေါ်မှ ထိုးခံလိုက်၏။

သို့သော် အဘိုးအို၏ လက်ဝါးက လမ်းခုလတ်၌ အနေအထား ပြောင်းသွားသည်။

ထို့ကြောင့် ကိုယ်ကို ပက်လက်လှန်၍ တစ်ဘက်သို့ လှည့်ထွက်လိုက်ရလေသည်။

"ဝုန်း"

အဘိုးအို၏လက်ဝါးသည် ဖန်ကိုညင်ကို မထိဘဲ မြေကြီးကိုသာ အရှိန်ပြင်းစွာ ထိမှန်သွားသည်။

မြေမှုန်များ ဖွာခနဲ လွင့်စဉ်ကုန်လေသည်။

"ဟာ အတော်ကောင်းတဲ့ အတွင်းအားပါလား"

ဖန်ကိုညင်မှာ ပါးစပ်အဟောင်းသားဖြင့် အံ့သြတကြီး ဖြစ်ကာ ပိုမိုထိတ်လန့်တုန်လှုပ်သွားတော့သည်။

* * *

အခြေအနေ မပါနတော့ကြောင်း ဖန်ကိုညင် ကောင်းစွာ နားလည်သဘောပေါက်လိုက်၏။

ထို့ကြောင့် ထွက်ပြေးရန် တစ်ဘက်သို့ လှည့်လိုက်၏။

သို့သော် အကင်းပါးသော အဘိုးအိုက သူ၏ပြေးလမ်းကို ပိတ်ဆို့ရပ်တန့်လိုက်ပြီး ဖြစ်နေသည်။

ဖန်ကိုညင်မှာ ထွက်မပြေးသာတော့ဘဲ အကျပ်ရိုက်သွားသည်။

ဘာမျှ မတတ်နိုင်တော့ချေ။

တတ်နိုင်သမျှ ယှဉ်ပြိုင်တိုက်ခိုက်ရုံသာ ရှိတော့၏။

ထို့ကြောင့် ဓားကို မြှောက်လိုက်သည်။

ယင်းအခိုက်မှာပင် အဘိုးအိုသည် သူ၏ ပွယောင်းယောင်း အင်္ကျီလက်ကို ခပ်ပြင်းပြင်း တစ်ချက်ဝှေ့ယမ်းလိုက်သည်။

ဖန်ကိုညင် လက်ထဲမှ ဓားသည် အဝေးသို့ လွင့်စဉ်သွားလေသည်။

ဖန်ကိုညင် အံ့အားသင့်ပြီး တဒင်္ဂမျှ မှင်သက်နေမိတော့သည်။

"ဘယ့်နှယ်လဲ... နှစ်ကွက်နဲ့ တဝက်ပဲ ရှိသေးတယ်၊ သူ့ကို ငါ နိုင်သွားပြီ တွေ့တယ် မဟုတ်လား"

အဘိုးအိုက အဘွားအိုကို အမိပွါယ်ပါပါ လှမ်းကြည့်ယင်း ပြောလိုက်သည်။



ထိုတစဏသော အချိန်ကလေးကို ဖန်ကိုညင်က ကောင်းစွာ အသုံးချလိုက်သည်။

အဘိုးအို တစ်ဘက်သို့ လှည့်၍ စကားပြောခိုက် ဖန်ကိုညင် အဘိုးအိုထံ လက်သီးတစ်လုံး ပစ်သွင်းလိုက်ခြင်း ဖြစ်၏။

သို့သော် အဘိုးအိုက အရွယ်နှင့် မလိုက်အောင်ပင် လျင်မြန် ဖျတ်လတ်သည်။

ဝင်လာသော လက်သီးကို ခြေဖျားဖြင့် ခတ်ထုတ်ပြီး ဖမ်းဆုပ်လိုက်၏။

ဖန်ကိုညင်က ကျန်လက်တစ်ဘက်ဖြင့် ထပ်မံတိုက်ခိုက်လိုက်သည်။

ထိုလက်တစ်ဘက်ကိုလည်း အဘိုးအိုက အသာအယာပင် ဖမ်းချုပ်လိုက်ပြန်သည်။

လက်နှစ်ဘက်စလုံး ဖမ်းချုပ်ခံလိုက်ရသောအခါ ဖန်ကိုညင် သည် ဦးခေါင်းဖြင့် အဘိုးအိုကို ဆက်၍ တိုက်ခိုက်ပြန်သည်။

"အောင်မာ... ဒီလောက် သေချင်တဲ့ကောင် ကဲကွာ"

"ဟိတ်...ရပ်လိုက်"

အဘိုးအိုက ဒေါသတကြီးဖြင့် ဖန်ကိုညင်ကို ရိုက်ချရန် ရွယ်လိုက်စဉ် အဘွားအိုက ရုတ်တရက် လှမ်း၍ ဟန့်တားလိုက်ခြင်း ဖြစ်သည်။

"သူ့ကို အရမ်းမသတ်ပါနဲ့၊ ရှင်နဲ့ ကျုပ် လောင်းကြေးထပ်ထားတဲ့ ပြိုင်ပွဲ ဒီ ဒီ မ

မောင်နဲ့ သိုင်းကွက်အတွက် သူ့ကို ဖမ်းခဲ့ယင် ကောင်းမယ်၊ ဒါမှ ကျုပ်တို့ လေ့ကျင့်တာ ဘယ်အထိ တိုးတက်တယ်ဆိုတာ သိရမှာ"

အဘိုးအို မျက်လုံးများ ဝင်းလက်တောက်ပလာသည်။

"အေး... ဟုတ်တယ်၊ တို့ လေ့ကျင့်နေတဲ့ သိုင်းကွက်အတွက် သူ့ကို အသုံးချရမယ်"

ဖန်ကိုညင် မျက်နှာပျက်သွား၏။

သံရောင်ဝံပုလွေနှင့် ငွေရောင်မြေခွေးတို့၏ သိုင်းပညာ စမ်းသပ်မှုကို ခံရခြင်းသည် နှိပ်စက်ညှင်းပန်းမှုခံရသည်နှင့် ဘာမျှခြားမည် မဟုတ်ချေ။

သူတို့ လုပ်သမျှ ငြိမ်ခံနေသည်ထက်စာလျှင် အသေခံ၍ ပြန်လည်တိုက်ခိုက်ခြင်းက ပို၍ကောင်းကြောင်း ဖန်ကိုညင် ခံယူလိုက်သည်။

ထို့ကြောင့် သံရောင်ဝံပုလွေအဘိုးအိုက အဘွားကို စကားလှမ်းပြောနေခိုက် ဖန်ကိုညင် ရုတ်တရက် လှုပ်ရှားလိုက်၏။

အဘိုးအိုကို လက်ဝါးနှစ်ဘက်ဖြင့် စုံရိုက်ချလိုက်ခြင်းပင် ဖြစ်လေသည်။

အဘိုးအိုက ဝင်ရောက်လာသော လက်ဝါးနှစ်ဘက်ကို ဆီး၍ ခံလိုက်၏။

အတွင်းအားချင်း လွန်စွာ ကွာခြားသောကြောင့် ဖန်ကိုညင်၏လက်နှစ်ဘက်မှာ တုံခနဲ ကျဉ်တက်သွား၏။



တဆက်တည်းမှာပင် ဆီးခံထားသော လက်ဖြင့် တွန်းထုတ်လိုက်၏။

ဖန်ကိုညင်၏ခန္ဓာကိုယ် ဝါးတစ်ရိုက်ခန့် လွင့်စဉ်သွားသည်။

"ဒီလောက် သေချင်တဲ့ကောင် ကဲ သေပေတော့"

အဘိုးအိုသည် ဖန်ကိုညင်ထံ ခုန်ဝင်လာကာ လက်ဝါးဖြင့် ရိုက်ချရန် ဟန်ပြင်လိုက်၏။

ဖန်ကိုညင်မှာ အဘိုးအိုကိုသာ ငေးကြောင်ကြောင်ဖြင့် စိုက်ကြည့်နေမိသည်။

ရှောင်တိမ်းရန် သတိမရတော့ချေ။

ထိုစဉ် သူ၏လည်ကုပ်ကို တစ်စုံတစ်ယောက်က ဆွဲငင်ခေါ်ဆောင်သွားသလို ခံစားလိုက်ရသည်။

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် အဘိုးအိုမှာ ကြောင်အမ်းအမ်း ဖြစ်သွားရသည်။

"ဟား...ဟား...ဟား"

ရုတ်တရက် ထွက်ပေါ်လာသော ရယ်သံကြောင့် ဖန်ကိုညင် လှမ်းကြည့်လိုက်သည်။

သစ်ပင်တစ်ပင်၏ အကိုင်းပေါ်၌ လူနှစ်ယောက် ထိုင်နေသည်ကို အံ့အားသင့်စွာ တွေ့မြင်လိုက်ရလေသည်။

ထိုသူ နှစ်ယောက်ကား...

အဘိုးအိုက ဖန်ကိုညင်အား တိုက်ခိုက်ရန် ဟန်ပြင်စဉ် ရုတ်

တရက် ရောက်ရှိလာပြီး ဖန်ကိုညင်ကို ဘေးလွတ်ရာသို့ ဆွဲခေါ်လိုက်သူများ ဖြစ်သည်။

သူတို့သည် ဖန်ကိုညင်အား အဘိုးအိုလက်မှ ကယ်တင်ပြီးသည်နှင့် သစ်ပင်ထက်ရှိ အကိုင်းတစ်ကိုင်းပေါ် တက်၍ ထိုင်နေကြခြင်းဖြစ်သည်။

အဖြစ်အပျက်များမှာ တချိန်တည်း တထပ်တည်းဟု ထင်မှတ်ရလောက်အောင် သူတို့၏လှုပ်ရှားမှုက မြန်ဆန်လှသည်။

ထို့ကြောင့် ဖန်ကိုညင်သာမက သံရောင်ဝံပုလွေအဘိုးအိုတို့ပါ အံ့သြတကြီး ဖြစ်သွားရခြင်းပင်တည်း။

* * *



သူတို့နှစ်ယောက်ကို ကြည့်ရသည်မှာ လွန်စွာ အေးတိအေးစက်နိုင်လှ၏။

မည်သည့်အရာကိုမျှ အရေးမထားဟန်ဖြင့် ပြုံးရယ်လျက်ရှိနေကြသည်။

ထိုသူနှစ်ယောက်အနက် တယောက်မှာ မိန်းကလေး ဖြစ်သည်။

"ဟင်... ဒါ...ဒါ ရှမ်းမိုပါလား"

သစ်ကိုင်းပေါ် ထိုင်နေသည့် မိန်းကလေးကို သေချာစွာ မြင်ရမှ ဖန်ကိုညင် ပို၍ အံ့အားသင့်သွားရသည်။

ဖန်ကိုညင်သည် ရှမ်းမိုကို တအံ့တသြ ငေးကြည့်နေယင်း ရှမ်းမို နံဘေးရှိ လူကြီးကို အမှတ်မထင် အကဲခတ်လိုက်မိသည်။

ထိုသူသည် ဝတ်စုံဖြူကို ဝတ်ဆင်ထားပြီး တည်ကြည်ခန့်ညားသော ရုပ်သွင်ရှိသူ ဖြစ်၏။

သူသည် ရယ်မောယင်း သစ်ကိုင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

လွန်စွာ ပေါ့ပါးလှ၏။

ကြောင်တစ်ကောင်ပမာ ထင်မှတ်ရသည်။

"ဟိတ်...မင်း...ဘယ်သူလဲ"

သံရောင်ဝံပုလွေ အဘိုးအိုက လှမ်းမေးလိုက်ခြင်း ဖြစ်သည်။

သစ်ကိုင်းပေါ်မှ ခုန်ဆင်းလာသူသည် နှုတ်မှ ပြန်မဖြေ။

ယာဘက်လက်ကို မြှောက်၍ လက်ညှိုးတစ်ချောင်းတည်းသာ ထောင်ပြလိုက်၏။

သံရောင်ဝံပုလွေအဘိုးအို မျက်လုံးပြူးသွားသည်။

"ဟင်... ဝေဟင်လက်ချောင်း သိုင်းသမား စောင်ရှုယွင်"

သံရောင်ဝံပုလွေအဘိုးအို နှုတ်မှ လွတ်ခနဲ ရေရွတ်လိုက်မိ၏။

"ဩော်... ရှမ်းမိုရဲ့အဖေ စောင်သခင်ကြီးဆိုတာ သူကိုး"

ဖန်ကိုညင် စိတ်ထဲမှ တီးတိုးမှတ်ချက်ချလိုက်ခြင်း ဖြစ်သည်။

"သမီး ဒုက္ခရောက်တုန်းက ကယ်ခဲ့တဲ့သူပေါ့ ဖေဖေ"



ရှမ်းမိုက ဖန်ကိုညင်ကို လက်ညှိုးထိုးပြယင်း ဖခင်ဖြစ်သူကို လှမ်းပြောလိုက်သည်။

တဆက်တည်းမှာပင် ဖန်ကိုညင်ဘက် လှည့်ကာ...

"ရှင် ကျွန်မကို တစ်ခါ ကယ်ခဲ့ဖူးတဲ့ ကျေးဇူးရှင်မို့လား၊ ခု ကြွေးပြန်ဆပ်တယ်လို့ သဘောထားလိုက်ပါ"

ရှမ်းမို၏ ခပ်ပေါ့ပေါ့စကားကြောင့် ဖန်ကိုညင် ရင်ထဲတွင် အခံရခက်သွားသည်။

သို့သော် သူ့အနေဖြင့် လောလောဆယ် ချေပစရာ စကား မရှိချေ။

အောင့်သက်သက်ဖြင့် ငြိမ်ခံလိုက်ရသည်။

"အတော်ပဲ၊ အခွင့်ကြုံတုန်း ရှင့်ရဲ့ ဝေဟင်လက်ချောင်း သိုင်းကွက်ကို ဗဟုသုတရအောင် ပြလိုက်စမ်းပါအုံး"

ငွေရောင်မြေခွေးအဘွားအိုက အရေးမစိုက်သည့် လေသံဖြင့် လှမ်းပြောယင်း ရှေ့တိုးထွက်လာသည်။

စောင်ရှုယွင်က ခေါင်းကို အသာအယာညိတ်ကာ အဘွားအိုကို ပြုံးပြသည်။

"ကျုပ်က ခင်ဗျားရဲ့ လက်သည်းစွန်ကုတ်သိုင်းကွက်ကို လေ့လာချင်တာနဲ့ အတော်ပဲ"

စောင်ရှုယွင်၏ မထီတရီ စကားကြောင့် အဘွားအို ဒေါသထွက်သွားသည်။

"တော်တော် အပြောကြီးတဲ့လူ ကဲ... လာပြီဟေ့"

အဘွားအိုသည် ပြောပြောဆိုဆိုဖြင့် စောင်ရှူယွင်ထံ လျှပ်တပြက် ခုန်ဝင်လိုက်သည်။

ချွန်ထက်ရှည်လျားသော လက်သည်းများက စောင်ရှူယွင်၏ မျက်နှာ ရင်ဝနှင့် ဝမ်းဗိုက် စသည့် နေရာများသို့ တပြိုင်တည်းလိုလို ဝင်ရောက်သွား၏။

လွန်စွာ ပြင်းထန်၍ ကြောက်မက်ဖွယ်ကောင်းလှသော တိုက်ကွက်ပင် ဖြစ်လေသည်။

ဖန်ကိုညင် ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားသည်။

စောင်ရှူယွင်အတွက် စိုးရိမ်စိတ်ပင် ဝင်ရောက်လာသည်။

သို့သော် စောင်ရှူယွင်မှာ အဘွားအို၏ လက်သည်းကို လုံးဝ အရေး မစိုက်ချေ။

လက်ချောင်းသုံးချောင်းကို တန်ပြန်လှုပ်ရှားသည်။

ထူးခြားသော လက်နက်ပုန်းသည် အလင်းတန်းတစ်ခုပမာ ထိုးထွက်သွား၏။

အဘွားအို မျက်နှာပျက်သွားသည်။

ကပျာကယာနောက်သို့ ခုန်ဆုတ်လိုက်သည်။

စောင်ရှူယွင်ကား တစ်စုံတစ်ယောက်နှင့် တိုက်ခိုက်နေသည့် ဟန်ပန်မျိုးမရှိ လွန်စွာ အေးတိအေးစက် နိုင်လှသည်။



"မင်းရဲ့ဆရာ နေကောင်းရဲ့လား"

ဖန်ကိုညင်ကို လှမ်းမေးသည်။

ဖန်ကိုညင် ဦးညွှတ်လိုက်သည်။

"ဟုတ်တယ်...ကျွန်တော့်ဆရာ ထင်ရှိုကျောင်းချုပ်ကြီး ကျပ်ယု ကျန်းမာပါတယ် ခင်ဗျာ"

"ဘာ... မင်းဆရာက ကျပ်ယု ဟုတ်လား၊ စုံထီးစိုက် မဟုတ်ဘူးလား"

ယင်းအခိုက်တွင် အဘွားအိုသည် စောင်ရှူယွင်ထံ ရုတ်တရက် ခုန်ဝင်လာပြန်၏။

သူမ၏ချွန်မြရှည်လျားသော လက်သည်းများက ဓားပါးကလေးများပမာ ထက်အောက် ခွဲဖြာဝင်ရောက်လာသည်။

ဖန်ကိုညင်မှာ ထိတ်လန့်တကြားဖြင့် အော်ဟစ်သတိပေးမည်ကဲ့သို့ ဖြစ်သွားသည်။

စောင်ရှူယွင်ကား လုံးဝဏ္ဏမြွေမပျက်ချေ။

ပကတိ တည်ငြိမ်အေးဆေးလှ၏။

ခန္ဓာကိုယ်ကို တိမ်းသည်ဆိုရုံမျှ တိမ်းကာ အဘွားအိုမှာ ထိတ်လန့်တကြားဖြင့် နောက်သို့ ခုန်ဆုတ်ရှောင်တိမ်းလိုက်ရပြန်လေသည်။

အဘွားအို၏လက်ဝါးကို လှမ်းကြည့်လိုက်သည့်အခါ သွေးများ ယိုစိမ့်ထွက်လာသည်ကို တွေ့ရသည်။

လက်နက်ပုန်း ထိမှန်သွားဟန်တူသည်။

အဘွားအိုသည် ကမျာကယာပင် သွေးကြောကို ထိန်းလိုက်ရသည်။

စောင်ရှုယွင်ကား ဘာမှုမဖြစ်ဟန်ဖြင့် ဖန်ကိုညင်ကို လှမ်းကြည့်သည်။

ဖန်ကိုညင်က ဦးညွတ်လိုက်ယင်း စောစောက မပြတ်သေးသော စကားကို ပြန်ဆက်သည်။

"ဘာဘစုံထီးစိုက်ဟာ ကျွန်တော့်ဆရာနဲ့ ပညာသင်ဘက်ဂိုဏ်းတူနောင်တော်ပါ"

"သြော်... ဒါကြောင့်မို့ မင်းရဲ့ဓားကွက်တွေက မထက်မြက်တာကိုး၊ တကယ်လို့များ မင်းရဲ့ဉာဏ်မျိုးနဲ့ စုံထီးစိုက်ကိုယ်တိုင် သင်ကြားပေးလိုက်ယင် မင်းဟာ သိုင်းလောကမှာ ထိပ်တန်းအဆင့်လောက်ကို ရောက်သွားနိုင်တယ်"

ဆရာဖြစ်သူကို အထင်အမြင်သေးသည့် စကားမျိုး ပြောလိုက်သည့်အတွက် စောင်ရှုယွင်ကို မကျေမနပ် ဖြစ်သွားသည်။

ထိုအချိန်၌ မခံမရပ်နိုင်အောင် ဖြစ်နေသော အဘွားအိုသည် တတိယအကြိမ်မြောက် ဝင်ရောက်တိုက်ခိုက်လာပြန်သည်။

တပြိုင်တည်းမှာပင် အဘိုးအိုကလည်း ဖန်ကိုညင်ထံ ရုတ်တရက်ဝင်ကာ လက်ဝါးဖြင့် ရိုက်ရန် ရွယ်သည်။

ထိုစဉ် ဝှစ်ခနဲ အသံနှင့်အတူ သေးငယ်သော လက်နက်ပုန်း



တစု အဘိုးအိုထံ ဝင်ရောက်လာသည်။

အဘိုးအိုမှာ ဖန်ကိုညင်ကို မတိုက်နိုင်တော့ဘဲ နောက်သို့ ကမျာကယာ ခုန်ဆုတ်လိုက်ရသည်။

ယင်းအချိန်တွင် အဘွားအိုသည်လည်း မြေပေါ်သို့ ဝုန်းခနဲ ပစ်လဲကျသွားလေ၏။

အဘိုးအိုခမြာ စိုးရိမ်တကြီး ဖြစ်သွားသည်။

အဘွားအိုထံ ပြေးလွှားသွားပြီး...

"ဘာ...ဘာဖြစ်သွားသလဲဟင်"

"လက်ပြင်မှာရှိတဲ့ ထန်ကြို့ရဲ့ သွေးကြောကို ပိတ်မိသွားတာပါ"

အဘွားအိုကိုယ်စား စောင်ရှုယွင်က လှမ်းပြောလိုက်ခြင်းဖြစ်သည်။

အဘိုးအိုသည် ကမန်းကတန်းပင် အဘွားအို၏ နောက်ကျောတစ်နေရာသို့ လက်ဝါးဖြင့် နှစ်ချက်မျှ ပုတ်လိုက်၏။

ထိုအခါမှ လဲကျနေသော အဘွားအို ငေါက်ခနဲ ထနိုင်တော့သည်။

သူတို့နှစ်ယောက်သည် တစ်ယောက်မျက်နှာတစ်ယောက် အဓိပ္ပါယ်ပါပါ လှမ်းကြည့်လိုက်သည်။

ထိုခဏမှာပင် သူတို့နှစ်ယောက်ထံမှ ထူးခြားသော ဒိုသံ သံ နှစ်သံ ရောပြွမ်းသော အသံကြီး ထွက်လာကာ အဘိုးအိုသည်

ငှက်တစ်ကောင်ကဲ့သို့ ခုန်ပျံ၍လည်းကောင်း၊ အဘွားအိုသည် မြွေတစ်ကောင် ကဲ့သို့ မြေပေါ်မှ လူးလွန့်တွားသွား၍လည်းကောင်း စောင်ရှူယွင်ထံ တပြိုင်တည်း ဝင်ရောက်သွားကြလေသည်။

ခုန်ပျံဝင်ရောက်လာသော အဘိုးအိုသည် စောင်ရှူယွင်၏ ခြေထောက်သေးကြောကို ရိုက်လိုက်ပြီး မြေကြီးပေါ် လူးလွန့်လာသည့် အဘွားအိုက စောင်ရှူယွင်၏မျက်နှာကို လှမ်းကုတ်သည်။

စောင်ရှူယွင်၏ လှုပ်ရှားမှုမှာကား လွန်စွာတည်ငြိမ် အေးဆေးလှ၏။

သံရောင် မြေရောင် ဇနီးမောင်နှံကဲ့သို့ ပျာလောင်ခတ်ခြင်း မရှိပေ။

ကိုယ်ကို တစ်ချက်လှုပ်ကာ အကျီလက်အိုးနှင့် အဘွားကြီး၏လက်ကို ငွေယမ်းဖယ်ထုတ်ပြီး တချိန်တည်းမှာပင် သူ့ခြေထောက်နားရောက်လာသည့် အဘိုးအို၏ ခန္ဓာကိုယ်ကို ခြေထောက်ဖြင့် ဆတ်ခနဲ နင်းချသည်။

“ဟာ…ကောင်းလိုက်တဲ့ သိုင်းကွက်ပါလား”

ထူးခြားဆန်းသစ်သော လှုပ်ရှားဟန်ကြောင့် ဖန်ကိုညင်မှာ နှုတ်မှလွှတ်ခနဲ ရေရွတ်မိသည်အထိ တအံ့တသြ ဖြစ်သွားရလေသည်။

သံရောင် မြေရောင် ဇနီးမောင်နှံသည် ချက်ချင်းပင် နောက်သို့ ခုန်ဆုတ်လိုက်ကြသည်။



သို့သော် လုံဝဆုတ်ခွာခြင်း မဟုတ်ပေ။

ရုတ်ခြည်းဆိုသလိုပင် အဘွားအိုက စောင်ရှူယွင်၏မျက်နှာကို လက်သည်းဖြင့် လှမ်းကုတ်သည်။

အဘိုးအိုကလည်း စောင်ရှူယွင်၏ ခန္ဓာကိုယ်ကို လူချင်းပူးကပ်လိုက်သည်။

သို့သော် စောင်ရှူယွင်က လျင်မြန်သော အဟုန်ဖြင့် အဘိုးအို၏ နောက်ကျောဘက်သို့ ခုန်ပျံရောက်ရှိသွားသည်။

အဘိုးအိုလင်မယားမှာ ထိတ်လန့် တုန်လှုပ်လာကြသည်။

သို့သော် သူတို့နှစ်ယောက်သည် သိုင်းလောက၌ နာမည်တစ်လုံးနှင့် နေလာကြသူများဖြစ်၍ တော်ရုံနှင့် အရှုံးပေးရန် ဝန်လေးနေကြသည်။

ထို့ကြောင့် သူတို့သည် စောင်ရှူယွင်ကို ဗဟိုပြု၍ ဝိုင်းပတ်အကွက်ချောင်းသည်။

စောင်ရှူယွင်ကမူ တည်ငြိမ်စွာ ရပ်လျက်ရှိသည်။

အဘိုးအိုလင်မယား၏ လှည့်ပတ်မှုမှာ တဖြည်းဖြည်း လျင်မြန်လာ၏။

အတန်ကြာသော် လူလုံးလူရိပ်ပင် မကွဲပြားဘဲ ဖြစ်လာတော့သည်။

ထိုစဉ် စောင်ရှူယွင်က လက်တစ်ချက် ငွေယမ်းလိုက်သည်။

လက်နက်ပုန်းများ ဖြာထွက်သွား၏။

အဘိုးအိုလင်မယားရဲ့ လှုပ်ရှားမှုများ ချက်ချင်း ရပ်ဆိုင်း သွားသည်။

တဆက်တည်းမှာပင် အဘိုးအိုလင်မယားသည် တောအုပ် တစ်ခုတွင်းသို့ လျှင်မြန်စွာ ပြေးဝင်သွားကြတော့၏။

စောင်ရှူယွင်က သူတို့နောက်သို့ ပြေးလိုက်သွားသေးသည်။

သို့သော် မြေပြင်ကျနေသည့် သွေးစက်အနည်းငယ်မှလွဲ၍ အဘိုးအိုလင်မယား၏ အရိပ်အရောင်ကိုပင် မမြင်တွေ့ရတော့ချေ။

ထို့ကြောင့် နောက်ကြောင်း ပြန်လှည့်လာခဲ့သည်။

ဖန်ကိုညင်က အကျိုးအကြောင်း မေးရန် ဟန်ပြင်သည်။



သို့သော် သာယာပျော်ရွှင်သည့် စကားသံ ထွက်ပေါ်လာသောကြောင့် မမေးမိတော့ပေ။

"ကဲ... ရှင့်အဖို့ အန္တရာယ် ကင်းပါပြီ၊ ဒါကြောင့် ရှင် ကျွန်မအပေါ် တင်နေတဲ့ ကျေးဇူးအကြွေးတွေ ကျေသွားပြီနော်၊ တစ်ယောက်နဲ့တစ်ယောက် ဘာမှ အတင်အကျ မရှိတော့ဘူး၊ နားလည်တယ်မို့လား"

တချိန်လုံး ငြိမ်သက်နေခဲ့သည့် ရှမ်းမိုက လှမ်းပြောလိုက်ခြင်း ဖြစ်သည်။

ရှမ်းမို့ စကားကြောင့် ဖန်ကိုညင်၏ရင်ထဲတွင် အခံရခက်သလို ဝေဒနာမျိုးကို ခံစားလိုက်ရ၏။

ရှမ်းမိုက ဖခင်ဖြစ်သူကို လက်ဆွဲလိုက်ပြီး...

"သွားကြရအောင် ဖေဖေ၊ ခုလောက်ဆို သမီးတို့ အဖွဲ့သားတွေ မျှော်နေကြရောပေါ့"

စောင်ရှူယွင်မှာ ဖန်ကိုညင်ကို အားတုံ့အားနာ ဖြစ်သွားဟန်ဖြင့် တစ်ချက် လှမ်းကြည့်သည်။

"ငါတူ ဦးရဲ့သမီးကို ခွင့်လွှတ်ပါကွယ်၊ သူက ကလေးစိတ်ကုန်သေးတာ မဟုတ်ဘူးကွဲ့၊ ငါတူလဲ သိုင်းလောကထဲ လျှောက်သွားမယ်ဆိုယင် ခုထက်ပိုပြီး သိုင်းပညာထက်မြက်အောင် ကြိုးစားဖို့ လိုတယ်၊ ကဲ... ဦးတို့ သွားမယ်"

ဖန်ကိုညင်က ဘာမျှ ပြန်မပြောမိမှာပင် စောင်ရှူယွင်တို့

ထွက်ခွာသွားကြသည်။

ရှမ်းမိုကား ဖန်ကိုညင်ကို ရှိသည်ဟုပင် ထင်မှတ်ပုံ မရချေ။ ခြေလှမ်းသုတ်သုတ်ဖြင့် ထွက်ခွာသွား၏။

ဖန်ကိုညင်၏ရင်ထဲ၌ ဟာတာတာကြီးဖြစ်လျက် ကျန်ရစ်ခဲ့လေသည်။

* * *



## ကျောက်ဂူတွင်းမှ လူထူးဆန်း

နေဝင်းနီသည် အနောက်ဘက် မိုးကုပ်စက်ဝိုင်း၌ မေးတင်လျက် ရှိနေပေပြီ။

အနောက်ဘက် ကောင်းကင်တခွင်လုံး ပုစွန်ဆီရောင် ယှက်သန်းနေ၏။

ကျေးငှက်သာရကာများသည်လည်း အိပ်တန်းတက်နေကြပြီ ဖြစ်သည်။

နေ့တစ်နေ့တာ ကုန်ဆုံးပေတော့မည်။

ဖန်ကိုညင်သည် သဘာဝကို ငေးမောကြည့်ရှုယင်း ရင်ထဲ၌

အားငယ်သော ဝေဒနာတရပ်ကို ခံစားလာရသည်။

ဖခင်ဖြစ်သူကို လုပ်ကြံသွားသည့် သွေးယန္တရားကို ရင်ဆိုင်ဖို့ နေနေသာသာ မိမိကိုယ်တိုင်ပင် သိုင်းလောက၌ မည်သို့ ကျင်လည်ကျက်စားရမှန်း မတွေးတတ်အောင် ဖြစ်နေရရှာလေသည်။

ထိုစဉ် ထူးခြားသော လှုပ်ရှားသံကို ရုတ်တရက် ကြားလိုက်ရ၏။

ဖန်ကိုညင် အတွေးပျက်သွားသည်။

အသံလာရာသို့ ဖြတ်ခနဲ လှည့်ကြည့်လိုက်သည်။

ရုတ်တရက်ဆိုသလိုပင် ဖန်ကိုညင်၏မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

သံရောင်ဝံပုလွေနှင့် ငွေရောင်မြေခွေးတို့ကို မြင်တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

သူတို့ဖနီးမောင်နှံသည် စောင်စုယွင်ကို မယှဉ်နိုင်မှန်း သိသောကြောင့် ထွက်ပြေးတိမ်းရှောင်သွားကြသူများ ဖြစ်သည်။

သို့သော် ဝေးဝေးလံလံ ပြေးလွှားထွက်ခွာသွားကြသည် မဟုတ်ချေ။

လုံခြုံစိတ်ချရသော နေရာ၌ ပုန်းအောင်းကာ အခြေအနေကို စောင့်ကြည့်နေခဲ့ကြခြင်း ဖြစ်၏။

စောင်စုယွင်တို့သားအဖ ထွက်ခွာသွားမှ ဖန်ကိုညင်ထံ ပြန်လည် ရောက်ရှိလာကြခြင်း ဖြစ်လေသည်။



သူတို့နှစ်ယောက်ကို မမျှော်လင့်ဘဲ မြင်တွေ့လိုက်ရသောကြောင့် ဖန်ကိုညင် စိတ်ဓာတ်ကျသွားသည်။

သို့သော် စိတ်ဓာတ်ကျနေရုံဖြင့် မပြီးနိုင်ကြောင်း တွေးမိသည်။

သံရောင်မြေရောင် ဖနီးမောင်နှံကို ရင်ဆိုင်တိုက်ခိုက်ရန်လည်း မဖြစ်နိုင်ကြောင်း နားလည်ထားသည်။

ဖန်ကိုညင် အနေဖြင့် သိုင်းပညာ ထက်မြက်အောင် ကြိုးစားဖို့ပဲ ရှိတော့သည်။

ထိုသို့ ကြိုးစားနိုင်ရန်ကလည်း သံရောင် ငွေရောင် ဖနီးမောင်နှံတို့လက်မှ လွတ်မြောက်ရန် ဦးစွာ ကြိုးစားရမည်။

သို့မှသာ သိုင်းပညာ ထက်မြက်အောင် အခွင့်အလမ်း ရှာဖွေနိုင်မည် ဖြစ်သည်။

သံရောင်ဖနီးမောင်နှံကား တရွေ့ရွေ့ ချဉ်းကပ်လာနေကြပြီ ဖြစ်၏။

သံရောင်ဝံပုလွေကရှေ့တွင် ပိတ်ရပ်နေပြီး ငွေရောင်မြေခွေးအဘွားအိုက သူ့နောက်ဘက်သို့ ရောက်ရှိနေပြီ ဖြစ်သည်။

ဖန်ကိုညင် အနေဖြင့် ထွက်ပြေးရန်ပင် ခပ်ခက်ခက် ဖြစ်နေတော့သည်။

ပတ်ဝန်းကျင်ကို တစ်ချက်ငေ့၍ အကဲခတ်လိုက်သည်။

သူနှင့် မလှမ်းမကမ်းတွင် ကြီးမားလှသော သစ်ပင်တစ်ပင်

ရှိနေသည်ကို တွေ့ရသည်။

ပြေးစရာဆို၍လည်း ထိုနေရာ တစ်နေရာသာ ရှိသည်။

ထို့ကြောင့် ဖန်ကိုညင်သည် သစ်ပင်ကြီးပေါ် ရုတ်တရက် ပြေးတက်လေတော့၏။

သို့သော် သစ်ပင်ပေါ် ရောက်ရှိမသွားပေ။

အကြောင်းမှာ သစ်ပင်အောက်ခြေ၌ သစ်ရွက်များ ဖုံးလွှမ်းနေသော တွင်းပေါက်ကြီးထဲသို့ ကျရောက်သွားခြင်းကြောင့် ဖြစ်ပေသည်။

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ဖန်ကိုညင် ထိတ်လန့်သွားသည်။

ထိုတွင်းကား မည်မျှနက်ရှိုင်းမှန်း မသိချေ။

တရိပ်ရိပ် ကျဆင်းနေဆဲ ဖြစ်၏။

တွင်းမှာ တဖြောင့်တည်း နက်ရှိုင်းနေခြင်း မဟုတ်ပေ။

ဆင်ခြေလျှော နက်ရှိုင်းနေခြင်းမျိုးသာ ဖြစ်၏။

ထို့ကြောင့် ဖန်ကိုညင်မှာ တရှိန်ထိုး လိမ့်ကျမသွားဘဲ ချောတိုင်မှ လျှောဆင်းသကဲ့သို့ လိမ့်ကျသွားခြင်း ဖြစ်သည်။

"အောင်မယ်၊ မင်းက ဒီတွင်းထဲ ဝင်သွားရုံနဲ့ လွတ်မယ်များ ထင်နေသလား"

အဘိုးအိုက တွင်းပေါက်ဝမှ ကြုံးဝါးလိုက်၏။

အဘွားအိုကမူ လေသံပျော့ဖြင့် လှမ်းပြောသည်။



"ဟေ့ လူလေး မဆင်းနဲ့လေ၊ ပြန်တက်ခဲ့ပါ၊ အမေတို့က လူလေးကို တပည့်အဖြစ် မွေးစားမှာပါ"

အဘိုးအိုလင်မယားက မည်သို့ပင်ပြောပြော ဖန်ကိုညင်ကား တွင်းအောက်ပိုင်းသို့ ဆက်လက်လျှောကျနေဆဲပင်။

အဘိုးအိုလင်မယားမှာမူ တွင်းထဲသို့ လိုက်မဆင်းဝံ့ဘဲ တွင်းဝမှသာ အမျိုးမျိုး ပြောဆိုလျက် ရှိနေကြလေသည်။

* * *

တွင်း၏အောက်ခြေကား ကျောက်သားပကတိ ဖြစ်သည်။

ရေညှိနှင့် ရေမှော်က ကျောက်ကြိုကျောက်ကြားအနှံ့ ပေါက်ရောက်လျက် ရှိသည်။

မှောင်မည်းနေသောကြောင့် အစ ပထမပိုင်း၌ ဖန်ကိုညင် ဘာမျှ မမြင်ချေ။

အတန်ကြာမှ မျက်စိကျင့်ထားရကာ အရာရာကို ခပ်ဝါးဝါး မြင်တွေ့လာရ၏။

သူ ရောက်နေသော နေရာ၏ ရှေ့တည့်တည့်တွင် ရေညှိပင်များဖြင့် ချောမွတ်နေသော လမ်းတစ်ခုကို တွေ့ရသည်။



သူသည် ထိုလမ်းကလေးအတိုင်း ရှေ့သို့ တရွေ့ရွေ့ လျှောက်သွား၏။

တဖြည်းဖြည်းနှင့် ပို၍ မှောင်လာသည်ဟု ထင်မှတ်ရသည်။

ဖန်ကိုညင် သက်ပြင်းတစ်ချက်ချမိသည်။

သက်ပြင်းချသံတစ်ချက် တဆက်တည်း ထွက်လာ၏။

ပဲ့တင်ရိုက်ခတ်ခြင်းပင် ဖြစ်သည်။

သို့သော် ဖန်ကိုညင် အနည်းငယ် ချောက်ချားသွားမိလေ၏။

ထိုစဉ် အေးစိမ့်သော အရာဝတ္ထုတစ်ခု သူ့ကိုယ်ပေါ် ကျလာသည်။

ဖန်ကိုညင် အလန့်တကြား ဖြစ်သွား၏။

စမ်းကြည့်လိုက်မှ ရေစက်ဖြစ်ကြောင်း သိရသည်။

လိုဏ်ဂူမျက်နှာကြက်မှ စိမ့်ကျလာသော ရေစက်ပင် ဖြစ်လေသည်။

"ဪ..."

ဖန်ကိုညင် စိတ်သက်သာရာရပြီး နှုတ်မှလွှတ်ခနဲ ရေရွတ်လိုက်သည်။

"ဪ..."

"ဪ..."

"ဪ..."

သူ၏အသံကို လိုက်၍ ပဲ့တင်သံများ ရိုက်ခတ်သွားသည်။

ဤကျောက်တွင်းကြီးအတွင်း၌ လိုဏ်ဂူငယ်ပေါင်းများစွာ ရှိနေကြောင်း ပုံတင်ရိုက်ခတ်ခြင်းကို နားစွင့်၍ သိသာပေသည်။

ဖန်ကိုညင်သည် စိတ်ထဲက ချောက်ချားနေမိသော်လည်း ကိုယ့်ကိုယ်ကို အားတင်းကာ ရှေ့သို့ လျှောက်သည်။

ရေညှိပင်များ၏အနံ့က စိမ်းရွှေရွှေနှင့် အသက်ရှုခြင်းကို မွန်းကျပ်စေသည်။

အမှောင်ထုကလည်း သိပ်သည်းလှ၏။

မည်သည့်အရာကိုမျှ သဲကွဲစွာ တွေ့မြင်ရခြင်း မရှိပေ။

အချိန်အတော်ကြာ လျှောက်မိသော် အနံ့အသက်ပြောင်းလဲသွားသည်ကို ရှူရှိုက်လိုက်ရခြင်းပင် ဖြစ်သည်။



လက်နှင့်ကုန်း၍ စမ်းကြည့်လိုက်သောအခါ ခြောက်သွေ့သော မြေကြီးပေါ် ရောက်နေကြောင်း သိရှိရသည်။

ထို့ပြင် နံရံလိုလို အရာတစ်ခုကိုလည်း စမ်းသပ်လိုက်မိ၏။

"ဒီလိုဏ်ဂူကို ဘယ်လိုလူတွေက တကူးတက လာပြီး ဆောက်ထားပါလိမ့်"

တအံ့တသြဖြင့် စိတ်ထဲမှ တွေးတောရေရွတ်လိုက်မိသည်။

ထိုစဉ် ရှေ့ခပ်လှမ်းလှမ်းဆီ၌ ကြယ်ရောင်ကဲ့သို့ မှိတ်တုတ်မှိတ်တုတ် အလင်းရောင်မျိုးကို တွေ့မြင်လိုက်သည်။

ဖန်ကိုညင်မှာ ပို၍ အံ့အားသင့်သွားရလေသည်။

"ဟင်...၊ ဟိုရှေ့က မှိတ်တုတ်မှိတ်တုတ်နဲ့ပါလား၊ ကြယ်ရောင်များလား၊ အို... ကြယ်ရောင် မဖြစ်နိုင်ပါဘူး၊ ဘာများပါလိမ့်"

ဖန်ကိုညင်သည် သိချင်စိတ်ဖြင့် ရှေ့သို့ တဖြည်းဖြည်း တိုးကပ်သွား၏။

အတန်ကြာသော် သူ့ခြေထောက်သည် တံစုံတခုကို တိုက်မိသွားသည်။

အလင်းရောင်လိုလို အရာတစ်ခု လွင့်စဉ်သွား၏။

ဖန်ကိုညင် ဖြတ်ခနဲ ငုံ့ကြည့်လိုက်သည်။

"ဟင် အရိုးစုကြီးပါလား"

ဖန်ကိုညင် ခေါင်းပန်းကြီးသွား၏။

သို့သော် လူ့စိတ်ဆိုသည်က အခက်သားပင်၊ ကြောက်သည့်

အရောက်မှ ဂရုတစိုက် လိုက်လံကြည့်ရှုတတ်၏။

ဖန်ကိုညင်သည် ကြောက်ကြောက်နှင့်ပင် အရိုးစုကို ငုံ့ကြည့်မိသည်။

အရိုးကား လွန်စွာ ကြာမြင့်နေဟန်တူ၏။

ချည်ဆီများ ခန်းခြောက်နေပေပြီ။

ထို့ကြောင့် အရိုးစုချင်းချင်း ထိခတ်မိသည့်အခါ မီးစုန်းလိုလို အလင်းများ ထွက်ပေါ်လာခြင်း ဖြစ်သည်။

ထိုသို့တွေးမှ ဖန်ကိုညင် အနည်းငယ် ကြောက်စိတ်ပြယ်သွား၏။

သူသည် ဆက်၍ လျှောက်ပြန်ရာ ထပ်မံခလုတ်တိုက်မိပြန်သည်။

သူ၏ကိုယ်ခန္ဓာ ယိမ်းယိုင်ပြီး နံရံဘက်သို့ ရောက်သွား၏။

"အို... ဒီမှာလဲ အရိုးစုတစ်ခုပါလား"

ဖန်ကိုညင် ရောက်ရှိသွားသည့် နံရံအနီးတွင်လည်း အရိုးစုတစ်ခု ရှိနေပြန်သည်။

ပုပ်အက်အက် ညှီစို့စို့ အနံ့အသက်မျိုးကို ခံစားလိုက်ရလေသည်။

စိတ်ထဲက အလိုအလျောက် ခံစားလိုက်ရခြင်းသာ ဖြစ်သည်။

ဖန်ကိုညင်၏ရင်ထဲ၌ ဖို့တက်လာသည်။



"အင်း... ဒီလိုဏ်ဂူထဲမှာ အရိုးစုတွေ ဘယ်လောက်များ ရှိနေအုံးမလဲ မသိဘူး"

ထိုသို့ တွေးမိသောအခါ ဖန်ကိုညင် ကြက်သီးမွေးညင်း ထလာသည်။

လိုဏ်ဂူထဲ၌ အရိုးစု ရှိနေခြင်းသည် လိုဏ်ဂူထဲ ရောက်လာသူမှန်သမျှ ထွက်ပေါက်ရှာမရဘဲ သေဆုံးသွားရခြင်း ဖြစ်ကြောင်း သက်သေခံနေသည် မဟုတ်လား။

ဖန်ကိုညင် ဓာချွေးပြန်လာသည်။

ယခုမှ ထွက်ပေါက်ရှာဖွေရမည်။

တွင်းပေါ်ပြန်တက်ရန်ကား လုံးဝမဖြစ်နိုင်တော့ပေ။

ရေညှိရေမှော်များ ချောကျိနေသောကြောင့် တက်ရန် ကြိုးစားလည်း အချည်းနှီး ဖြစ်မည်ကို ဖန်ကိုညင် နားလည်လိုက်သည်။

အခြားထွက်ပေါက်တစ်ခုခုကိုသာ ရှာဖွေရပေတော့မည်။

* * *

ကျောက်လိုဏ်ဂူအတွင်း၌ မှောင်နေ၏။

သို့သော် ဝိန်းဝိတ်အောင် မှောင်မိုက်နေခြင်း မရှိပေ။

ဝိုးတိုးဝါးတား အလင်းရောင်တော့ ရှိနေသေးသည်။

ထို့ကြောင့် လိုဏ်ဂူတွင်း အခြေအနေကို ဖန်ကိုညင် အနေဖြင့် ဓပ်ဝါးဝါး မြင်တွေ့နေရပေသေးသည်။

ဖန်ကိုညင်သည် မှုန်ဝါးဝါး အလင်းရောင်ကို အားပြုလျက် ထွက်ပေါက်ကို ရှာဖွေနေမိသည်။

ထိုစဉ် သူ့နံဘေးမှ ညည်းတွားသံလိုလို ကြားလိုက်ရ၏။

ဖန်ကိုညင် ခေါင်းနပန်းကြီးသွားသည်။



"ဒါ...ဒါ လူတယောက်ရဲ့ ညည်းသံပဲ၊ အို... ငါ ဘာဖြစ်လို့ ဒီလောက်တောင် ကြောက်နေရတာလဲ၊ ယောကျာ်းပဲ၊ သေတစ်နေ့ မွေးတစ်နေ့ပေါ့ ဘာကို ကြောက်နေရမှာလဲ"

ဖန်ကိုညင်က ကိုယ့်ကိုယ်ကို အားတင်းလိုက်ပြီး...

"ဟေ့... ဘယ်သူလဲ"

"ဟေ့...ဘယ်သူလဲ"

ဖန်ကိုညင်၏အသံက ပဲ့တင်ရိုက်ခတ်သွား၏။

သို့သော် တုံ့ပြန်သံကို မကြားရချေ။

ဖန်ကိုညင်သည် စမ်းတဝါးဝါးဖြင့် ဆက်၍ လျှောက်သည်။

လက်ကလည်း မြေကြီးပေါ်ထောက်၍ စမ်းရသေးသည်။

တနည်းအားဖြင့် လေးဘက်တွား၍ လျှောက်နေသည်ဟု ဆိုရပေမည်။

"အာပါး... ဒီမှာ အရိုးစုတွေပါလား"

သူ့အသံနှင့် မရှေးမနှောင်းမှာပင် ညည်းတွားသံတသံ ထွက်ပေါ်လာသည်။

သူ့ရှေ့တည့်တည့်မှ ထွက်လာခြင်း ဖြစ်၏။

"ဟေ့... ဘယ်သူလဲ"

ရုတ်တရက် ထွက်ပေါ်လာသော တုံ့ပြန်သံကြောင့် ဖန်ကိုညင် လေးဘက်ထောက်ရာမှ ထိတ်လန့်တကြား ထခုန်မိသည်။

နောက်သို့ ခြေနှစ်လှမ်းစာမျှ အလိုအလျောက် ဆုတ်သွား

မိလေသည်။

ထို့နောက် အသံလာရာသို့ လှမ်းကြည့်မိသည်။

အရိုးစုကြီးကို တွေ့ရသည်။

ဖန်ကိုညင် ပို၍ ထိတ်လန့်သွားသည်။

"ခင်...ခင်ဗျား လူလား သရဲလား"

"အေး... ငါ လူသား မတွေ့တာ ကြာပြီ"

"ဗျာ..."

ဖန်ကိုညင်သည် နားမလည်စွာဖြင့် အရိုးစုကို စူးစိုက်ကြည့်သည်။

"ခင်ဗျား ဘယ်သူလဲ"

သူ့စကားမဆုံးခင် အရိုးစုကြီးက သူ့ရှေ့သို့ ရောက်လာသည်။

အရိုးပေါ် အရေတင်နေသော အဘိုးအိုတစ်ဦး ဖြစ်ကြောင်း တွေ့လိုက်ရသည်။

ဖန်ကိုညင်က လက်နှစ်ဘက်ကို ရင်ဝတွင် ထားပြီး အသင့်ပြင်ထား၏။

"အံမယ်... မင်းက တယ်သတ္တိ ကောင်းပါလား"

အရိုးစုအဘိုးအိုက ရုတ်တရက်ဆိုသလို လက်တစ်ဘက် ဖွေယမ်းလိုက်၏။

ဆိတ်ငြိမ်သော ကျောက်လိုဏ်ဂူကြီးအတွင်း၌ ဝိုးခနဲ



ဟိန်းထွက်သွားပြီး ဖန်ကိုညင်မှာ လိုဏ်ဂူထောင့်နံရံသို့ လွင့်စဉ်သွားသည်။

ဖန်ကိုညင်သည် လဲကျနေရာမှ ရုတ်ခြည်းပင် ပြန်ထလိုက်သည်။

ထို့နောက် လက်ကို ဓားပမာပြုကာ ညအိပ်တန်းဝင် ကြယ်မှုန်ပြင်သိုင်းကွက်ဖြင့် အရိုးစုအဘိုးအိုကို ရိုက်ထုတ်လိုက်လေ၏။

အရိုးစုက လက်ဝါးတစ်ဘက်ဖြင့် လျှပ်တပြက်လှမ်းကာ လိုက်သည်။

"ဝုန်း"

ဖန်ကိုညင်၏သိုင်းကွက်သည် လမ်းခုလတ်၌ ရပ်တန့်သွားသည်။

"မင်း တော်တော် သတ္တိကောင်းတဲ့ကောင်ပဲ၊ နှစ်ပေါင်း ၂၀ အတွင်းမှာ ငါ့ကို စမ်းဝံ့တဲ့ကောင် တစ်ကောင်မှ မရှိဘူး၊ ခု မင်းဟာ ပထမဆုံးပဲ၊ မင်းကို သင်ပေးတဲ့ ဆရာသာ တကယ်တော်ခဲ့ယင် မင်း အခြေအနေ ဒီလောက်ဆိုးမှာ မဟုတ်ဘူး"

ပြောပြောဆိုဆိုဖြင့် အရိုးစုအဘိုးအိုက ဆောင့်တွန်းလိုက်သည်။

ဖန်ကိုညင်မှာ နံရံအနီးသို့ လွင့်စဉ်သွားလေသည်။

အနည်းငယ် နာကျင်သွားသော်လည်း ဖန်ကိုညင် အရေးမစိုက်နိုင်ချေ။

အရိုးစုအဘိုးအိုက သူ့ဆရာကို စော်စော်ကားကား ပြောလိုက်သည့်အတွက် အကြီးအကျယ် ခံပြင်းနေမိလေသည်။

"ကျွန်တော့်ဆရာကို မစော်ကားပါနဲ့၊ ကျွန်တော့်ဆရာနဲ့တွေ့ယင် ခင်ဗျား ကောင်းကောင်းကြီး ဒုက္ခရောက်သွားလိမ့်မယ်သိလား"

"ဟား...ဟား...ဟား"

ဖန်ကိုညင်၏စကားကြောင့် အရိုးစုအဘိုးအို ဟက်ဟက်ပက်ပက် ရယ်မောသည်။

အားရအောင် ရယ်မောပြီးမှ စကားကို ဆက်၍...

"နှစ်ပေါင်း(၂၀)အတွင်းမှာ ငါ့ကို ပြန်ပြောဖို့ နေနေသာသာ မျက်လုံးနဲ့တောင် ဘယ်သူမှ စေ့စေ့ကြည့်ရဲတာ မဟုတ်ဘူး၊ မင်းကျမှ ငါ အရှုံးပေးရမလိုတောင် ဖြစ်နေပြီ၊ ကောင်းတယ် မင်းရဲ့သတ္တိကတော့ ငါ့ငယ်ငယ်တုန်းကလိုပဲ"

အရိုးစုအဘိုးအိုက ဖန်ကိုညင်ကို ဒေါသမထွက်သည့်အပြင် ချီးကျူးစားပင် ဆိုလိုက်သေးသည်။

ဖန်ကိုညင်မှာ နားမလည်နိုင်အောင် ဖြစ်နေရတော့သည်။

ထိုစဉ် အဘိုးအိုထံမှ စကားသံ ထပ်မံထွက်ပေါ်လာပြန်သည်။

"မင်းဟာ ငါဘယ်သူလဲဆိုတာ မသိသေးတဲ့အပြင် မင်းဆရာ ဘယ်လိုလူစားလဲဆိုတာကိုလဲ သိမှာ မဟုတ်သေးဘူး၊ အေးလေ နောက်တော့ မင်းသိရမှာပေါ့၊ လောလောဆယ် မင်းကို ပြောချင်တာက မင်းစောစောက သုံးလိုက်တဲ့ ထင်ရှားကွက်ဟာ မဟုတ်သေးဘူးဆိုတာပဲ"



အရိုးစုအဘိုးအို စကားကြောင့် ဖန်ကိုညင် အံ့အားသင့်သွားသည်။

"ဗျာ... ဘယ်လို... ထင်ရှားကွက်က မဟုတ်သေးဘူးဟုတ်လား"

"အေး... ဟုတ်တယ်၊ ဒီမှာ သေသေချာချာ ကြည့်စမ်း"

အရိုးစုအဘိုးအိုသည် ဓားတစ်လက်ကို ဆွဲထုတ်လိုက်၏။

ဓားသံကို ကြားရုံဖြင့် သံကောင်းဖြင့် ပြုလုပ်ထားသည့် ပထမတန်းစား ဓားတစ်လက်ဖြစ်ကြောင်း ဖန်ကိုညင် နားလည်လိုက်လေသည်။

လိုဏ်ဂူအတွင်း၌ မှောင်ပင်မှောင်နေသော်ငြားလည်း ဖန်ကိုညင်မှာ မျက်စိကျင့်သား ရလာပြီဖြစ်၍ အတော်အတန် ခပ်ရေးရေး မြင်တွေ့နေရပြီ ဖြစ်သည်။

အရိုးစုအဘိုးအိုက ဓားကို ခပ်ပြင်းပြင်းတစ်ချက် ဝှေ့ယမ်းလိုက်၏။

အလင်းတန်းများသည် အခန်းတစ်ခုလုံးကို လွှမ်းခြုံသွားသယောင် ထင်မှတ်ရသည်။

ပိုးစုန်းကြူးငယ်များ ဟိုမှသည်မှ ပျံဝဲသွားလာနေသကဲ့သို့

ဖြစ်သည်။

ကြယ်ရောင်များ ဖြိုးဖြက်လက်ပနေသလိုလည်း ထင်မှတ်ရပေ၏။

ဖန်ကိုညင်မှာ အံ့အားအသင့်ကြီးသင့်ကာ ငေးမောနေတော့သည်။

"အဲဒါ ထင်ရှားသိုင်းထဲက ညအိပ်ရာဝင် ကြယ်မှုန်မြင်ဆိုတဲ့ သိုင်းကွက်ပဲ၊ မင်း သေသေချာချာ မြင်လိုက်တယ် မဟုတ်လား၊ ဘယ်နှယ်လဲ...မင်းသုံးတဲ့ သိုင်းကွက်နဲ့ တူရဲ့လား"

တူတော့ တူသည်။

သို့သော် ပြောင်းလဲချက်များက မြန်ဆန်သွက်လက်ပြီး တစ်ဘက်ရန်သူကို ထိန်းချုပ်နိုင်စွမ်း ရှိသည်ကို တွေ့ရသည်။

သူ့ဆရာ သင်ပေးသော သိုင်းကွက်နှင့် ယခု သိုင်းကွက်မှာ ဆီနှင့်ရေပမာ အကွာကြီး ကွာလှပေတော့သည်။

ဖန်ကိုညင်သည် တအံ့တသြဖြင့် အရိုးစုအဘိုးအိုကို လှမ်းကြည့်လိုက်ပေသည်။

ထိုအဘိုးအိုကား မည်သူနည်း။

အယ်ကြောင့် ဤကျောက်လိုဏ်ဂူအအတွင်း ရောက်ရှိနေပါသနည်း။

ဖန်ကိုညင် သိချင်စိတ် ပြင်းပြလာသည်။

* * *

"စောစောက မင်း ငါ့ကို ခြေဖျားနဲ့ လာစော်တဲ့ သိုင်းကွက် မင်း မှတ်မိလား၊ ရေအောက် လရောက် ဓားကွက်လေ၊ အဲဒါ ငါ့ကို ဖြန့်ပြစမ်း၊ ရော့ ဓား"

အဘိုးအို စကားကြောင့် ဖန်ကိုညင် အတွေးပြတ်သွား၏။

အဘိုးပေးသည့် ဓားကို လှမ်းယူလိုက်၏။

"ဟာ... တယ်ကောင်းတဲ့ ဓားပါလား"

ဓားသည် အခြားသော ဓားများကဲ့သို့ တောင့်တောင့်ကြီး မဟုတ်ချေ။

ဓားကို ဓားအိမ်ထဲမှ ဆွဲထုတ်လိုက်သည်နှင့် ဓား၏တုန်ခါသံကို ကောင်းစွာ ကြားရသည်။

ဓားသွားကလည်း စိမ်းဖန့်ဖန့်နှင့်ဖြစ်၍ ဓားကို လှုပ်ခါလိုက်သည့်အခါတိုင်း သက်တံကဲ့သို့ ရောင်စဉ်တန်းများ ဖြာထွက်လာသလို ထင်မှတ်ရလေသည်။

"ကဲ… မင်း ဘာငေးနေတာလဲ၊ ရေအောက် လရောက် ဓား ကွက်ကို ပြလေ"

သည်တော့မှ ဖန်ကိုညင်သည် ဓားကို အာရုံစိုက်နေခြင်းမှ ရပ်လိုက်ပြီး ဓားကို ဟန်ပါပါ ကိုင်လိုက်သည်။

ထို့နောက် ထင်ရှိဂိုဏ်း၏ ရေအောက် လရောက် ဓားကွက်ကို ကစားပြလိုက်လေသည်။

"ဟား…ဟား…ဟား၊ ဒါကြောင့် မင်းရဲ့ဓားပညာက ဘယ်သူ့မှ ယှဉ်မရတာကိုး၊ အင်း… ဒီအတိုင်းသာဆိုယင် ထင်ရှိဂိုဏ်းဓားကွက်ဟာ တိမ်ကော ပပျောက်ကုန်တော့မှာ အမှန်ပါပဲလား"

အရိုးစုအဘိုးအိုသည် ဖန်ကိုညင်၏ဓားကွက်ကို ကြည့်ယင်း စိတ်လက်မချမ်းမသာ ဖြစ်သွားသည်။

ခဏကြာသော် အရိုးစုအဘိုးအိုသည် ဖန်ကိုညင်၏လက်ထဲမှ ဓားကို လှမ်းယူလိုက်ပြီးလျှင်…

"ကဲ… သေသေချာချာကြည့်၊ ရေအောက် လရောက် ဓားကွက်ဆိုတာ ဒီလိုကွ"

ဓား၏လှုပ်ရှားဝှေ့ယမ်းသံသည် ကျောက်လိုဏ်ထဲ၌ ပဲ့တင်ရိုက်ခတ် ပျံ့နှံ့သွားသည်။



ဓားမှာ သံကောင်းဖြင့် ပြုလုပ်ထားသောကြောင့် ရောင်စဉ်များ ဖြိုးဖြိုးဖြောက်ဖြောက် တောက်ပသွား၏။

ရောင်စဉ်သည် သက်တံရေသောက် ဆင်းသကဲ့သို့ လွန်စွာ လှပပေ၏။

ဖန်ကိုညင်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားရတော့သည်။

တချီတွင် ဓားရောင်များ ဝင်းခနဲဖြစ်ကာ သုံးချက်တိတိ ဝှေ့ယမ်းသွား၏။

"ကဲ ဓားချက်ဘယ်နှစ်ချက် ထွက်သွားလဲ၊ မင်းသိရဲ့လား"

"သုံးချက်တိတိပါ ခင်ဗျာ"

"ဟား ဟား ဟား၊ မင်း အတော်အမြင်ကျဉ်းတဲ့ကောင်ပဲ၊ ဓားချက်က တစ်ချက်ထဲပါကွ"

"ဗျာ..."

"အေး... အမြင်အနေနဲ့ သုံးချက်လို့ ထင်ရပေမယ့်၊ တကယ်တော့ တစ်ချက်ထဲပဲကွ၊ ဓားရဲ့တုန်ခါမှုကြောင့် ရန်သူက ဓားသုံးချက်ဆက်ဝင်လာတယ်လို့ ထင်တဲ့အချိန်မှာ သုံးနေရာတိတိကို ကာကွယ်လိမ့်မယ်၊ အဲဒီအချိန်မှာ တကယ့် ဓားချက်က ရန်သူ့ကိုယ်ထဲ ဝင်သွားပြီလေ"

ဖန်ကိုညင်မှာ အံ့အားသင့်လွန်းသောကြောင့် ဘာပြန်ပြောရမှန်းမသိဘဲ ဖြစ်နေသည်။

သူသင်ခဲ့သော ဓားသိုင်းကွက်နှင့် ယခု သိုင်းကွက်မှာ ဆီနှင့်ရေပမာ အကွာကြီး ကွာလှသည်။

ထိရောက်ထက်မြက်မှုတွင်ကား ဆိုဖွယ်ရာ မရှိတော့ပြီ။

"လ ဘယ်မှာ ရှိသလဲ"

အရိုးစုအဘိုးအိုက ရုတ်တရက် လှမ်းမေးလိုက်၏။

"မိုးပေါ်မှာပါ"

"ရေကော ဘယ်မှာ ရှိသလဲ"

"တွင်းထဲမှာပါ ဘကြီး"

"ကဲ သေသေချာချာကြည့်၊ စောစောက ဓားကွက်က ရေအောက် လရောက် ရိုးရိုးဓားကွက်၊ ခုဟာက"

ပြောပြောဆိုဆိုဖြင့် အရိုးစုအဘိုးအိုသည် ယား...ဟု ညာသံတစ်ချက်ပေးကာ ဓားကိုတစ်ချက် ဝှေ့ယမ်းလိုက်၏။

ဓားသည် တဝီဝီအော်မြည်ကာ ဖန်ကိုညင်၏ဦးခေါင်းထက်၌ ပျံ့ဝဲလှည့်ပတ်သွားသည်။

ရုတ်တရက်ကြည့်လျှင် ဓားဟု မထင်ရဘဲ ရောင်စုံဖြာထွက်နေသော စကြာတစ်ခုဟု ထင်မှတ်ရသည်။

"ကဲ သေချာကြည့်"

အရိုးစုအဘိုးအိုသည် လက်ကိုတစ်ချက် ဝှေ့ယမ်းလိုက်ပြန်၏။

ဓားသည် သူ့လက်ထဲ ပြန်လည်ရောက်ရှိသွားသည်။

ဓားလက်ကိုင်ရိုး၌ သေးငယ်သော ဝိုးမျှင်ကြိုးတစ်ခုဖြင့် ဆက်သွယ်ထားခြင်း ဖြစ်ဟန်တူသည်။

ထို့ကြောင့် ဓားကို လိုသလို ပစ်လွှင့်ပြီး မိမိထံ ပြန်လည်သိမ်းယူနိုင်ခြင်း ဖြစ်သည်။

မည်သို့ဆိုစေ ဤသို့ ဓားကို လိုသလို စေစားပစ်လွှင့်နိုင်ရန်မှာ ကျွမ်းကျင်မှု ရှိရန်လို၏။

ကျွမ်းကျင်မှုရရန်လည်း လွယ်ကူမည် မဟုတ်ချေ။

လူတစ်ရာတွင် လူတစ်ယောက် လေ့ကျင့်ရယူနိုင်ရန်ပင် အတော်ခဲယဉ်းသော ပညာရပ်တစ်ခု ဖြစ်သည်။

"ကဲ မင်းသဘောပေါက်ပြီ မဟုတ်လား၊ ဓားရိုးကို ကြိုးနဲ့ဆက်သွယ်ပြီး ယန္တရားလို အသုံးပြုလိုက်တာပဲ"

ဖန်ကိုညင်အဖို့ အံ့သြမှုကား အထွတ်အထိပ်သို့ ရောက်ခဲ့ချေပြီတည်း။

"ဒီဓားကွက်ရဲ့သဘောက မိုးပေါ်က လဟာ ရေထဲမှာ လာပြီး အရိပ်ထင်သလိုပေါ့၊ အပေါ်မှာ ပျံဝဲလာတဲ့ ဓားကိုပဲ ဂရုစိုက်နေမှာ အောက်ဘက်က ဝင်လာမယ့် ဓားချက်ကို လုံးဝ သတိထားမိမှာ မဟုတ်ဘူး"

အရိုးစုအဘိုးအိုထံမှ ထူးခြားဆန်းပြားသော ဓားကို မြင်ရသဖြင့် ဖန်ကိုညင်မှာ ကျောက်လိုဏ်ဂူထဲ ရောက်ရှိနေသည်ကိုပင် မေ့လျော့သွားသည်။

"ကဲ... ဒီမှာ ထပ်ကြည့်လိုက်အုံး"

အရိုးစုအဘိုးအိုသည် ဓားသွားကို ကွေးညွတ်လိုက်၏။



ပြီးနောက် ရုတ်တရက် လွှတ်လိုက်သည်။

ဓားသည် ရောင်စုံယှက်ဖြာကာ ဥက္ကာပျံတစ်ခုအလား အရှိန်ဖြင့် ကန်ထွက်သွားသည်။

"ဝှီး...ဒေါက်"

ဓားသည် လျှင်မြန်သော အဟုန်ဖြင့် မျက်နှာကြက်ကို သွားရောက်ထိပြီး အရိုးစုအဘိုးအို လက်ထဲ ပြန်ရောက်လာသည်။

"ဟာ... ဒါ...ဒါ၊ လိပ်ပြာဝဲဟန် ဓားမိုးပျံ့ပဲ"

ဖန်ကိုညင်မှာ နှုတ်မှ လွှတ်ခနဲ ရေရွတ်လိုက်မိသည်။

ကျောက်သားမျက်နှာကြက်ကို သေချာစွာ ကြည့်လိုက်သည့်အခါ ဆောက်နှင့် ထွင်းထားသလို ချိုင့်ငယ်လေးတစ်ခု ဖြစ်နေသည်ကို တွေ့ရသည်။

မှောင်ထဲ၌ မျက်စိကျင့်သား ရနေပြီဖြစ်၍ ဖန်ကိုညင် အရာရာကို မြင်တွေ့နေရပြီ ဖြစ်သည်။

"ဒီဓားကွက်ကို မင်းမြင်ဖူးသလား"

အရိုးစုအဘိုးအိုက လှမ်းမေးလိုက်ခြင်း ဖြစ်၏။

"ဆရာ့ပြောစကားအရ ဒီဓားကွက်မျိုး ရှိတယ်ဆိုတာတော့ ကြားဖူးပါတယ်၊ တခါမှတော့ မမြင်ဖူးသေးပါဘူး၊ ဒီဓားကွက်ကို သူ့ရဲ့ဂိုဏ်းတူအစ်ကိုကြီး စုံထီးစိုက် တီထွင်တာလို့ ပြောပါတယ်"

"ဟား...ဟား...ဟား၊ မင်းက ခုထိ ငါ ဘယ်သူဆိုတာ မသိသေးဘဲကိုး"

အရိုးစုအဘိုးအိုၛ၏စကားကြောင့် ဖန်ကိုညင် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ခင်ဗျာ"

"ဘာပဲဖြစ်ဖြစ်လေ ဒီဓားကွက်ရဲ့နာမည်ကို ဖော်နိုင်တဲ့အတွက် မင်းမဆိုးပါဘူး၊ ဒီဓားကွက်ဟာ သိုင်းလောကတစ်ခုလုံးကို ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့စေခဲ့တဲ့ ဓားကွက်ပဲ၊ ဒီဓားကွက်ကို တီထွင်ခဲ့တဲ့သူက တခြားသူ မဟုတ်ဘူး ငါပဲ"

"ဗျာ...ဒါ...ဒါဆို ဘကြီးဟာ... စုံ...စုံ..."

"အေး...ဟုတ်တယ်၊ ငါ စုံထီးစိုက်ပဲ"

ဖန်ကိုညင်မှာ အံ့ဩလွန်းသောကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

စာစဉ်(၁)ပြီး၏။

စာစဉ်(၂)တွင် ဆက်လက်ဖတ်ရှုပါရန်။